www.dhammaransi.com

တောင်တန်းသာသနာပြုဆရာတော်

အရှင်ဦးဥတ္တမသာရ

၏

# ဓမ္မတာစွမ်းအား

## လက်တွေ့အကျိုးများ

ဒဿမအကြိမ်

www.dhammaransi.com

၂၂၆၈၅

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရ

# မေတ္တာစွမ်းအား

# လက်တွေ့အကျိုးများ

ရွှေလဝင်းစာပေ
အမှတ်-၁၄၄၊ ၅၀-လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း ၉၁၂၁၃။

www.dhammaransi.com


| | |
|---|---|
| ဘာသာရေးဆိုင်ရာ စာမူ | ထုတ်ဝေသူ |
| ခွင့်ပြုချက် အမှတ် - | ဦးမြသန်း (၀၁၀၅၀) |
| ၁၀ / ၉၄ (၄) | အသိုင်းအဝိုင်းစာပေ |
| မျက်နှာဖုံး ခွင့်ပြုချက် | ၃၅၊ ဖွဲ့စုံရပ်၊ ကမ္ဘာအေး၊ |
| အမှတ်- ၃၅/၉၄(၈ ) | ရန်ကုန်မြို့။ |
| ၁၉၉၄-ခုနှစ်၊ | အတွင်း/မျက်နှာဖုံးပုံနှိပ်သူ |
| စက်တင်ဘာလ | ဦးကျော်ဇင် (မြ - ၀၄၂၂၉) |
| ဒသမအကြိမ်၊ | ခိုင်ရည်မွန် အော့ဖ်ဆက် |
| အုပ်ရေ - ၂၀၀၀ | အမှတ် - ၈၁၊ |
| တန်ဖိုး (၃၀)ကျပ် | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ |
| အဖုံးပန်းချီ - ဦးစိုးလှိုင် | ပုဇွန်တောင်၊ ရန်ကုန်မြို့။ |

အဖုံးဖလင်ခွဲ -အဝင်း (၃၈)လမ်း

www.dhammaransi.com

# မာတိကာ


— မင်္ဂလာ၏ မိတ်ဆက်နိဒါန်း ၁

၁။ ကျမ်းဦးနိဒါန်း ၂၅

၂။ ဗြဟ္မဝိဟာရ တရားလေးပါး ၂၇

၃။ ကောလာဟလ ငါးပါး ၃၁

(ပုံသေထုံးတမ်း သီတံ လင်္ကာ) ၃၁

(၁) စကြာတစ်ရာ

(၂) ကမ္ဘာ့သိန်းထား

(၃) ဘုရားထောင်နေ

(၄) မောနေ့ယျမှာ ဆယ့်ခုနစ်

(၅) တစ်ဆယ့်နှစ်နှစ်မှာ မင်္ဂလာ

၄။ အလွယ်ဆုံး မေတ္တာဖြန့်ပွားနည်း ၄၃

၅။ စကြာဝဠာအကြောင်း ၄၅

– စကြာဝဠာတိုက်တစ်သောင်းတည်နေပုံ ၄၅

– စကြာဝဠာအနန္တ – သတ္တဝါအနန္တ ၄၉

– အဆုံးမရှိသောစကြာဝဠာတွေ ၅၀

www.dhammaransi.com

# မာတိကာ


| | | |
|---|---|---|
| ၆။ | မေတ္တာဗြဟ္မဝိဟာရပွားနည်း (ပါဠိလိုမေတ္တာပို့နည်း) | ၅၅ |
| ၇။ | ကရုဏာဗြဟ္မဝိဟာရပွားနည်း | ၆၁ |
| - | အနီဃာနှင့်ဒုက္ခာ | ၆၇ |
| ၈။ | မုဒိတာဗြဟ္မဝိဟာရပွားနည်း | ၇၁ |
| ၉။ | ဥပေက္ခာဗြဟ္မဝိဟာရပွားနည်း | ၇၇ |
| ၁၀။ | ဗြဟ္မဝိဟာရတရားလေးပါးလုံး အလွယ်ပွားနည်း | ၈၃ |
| - | ထိရောက်မှုအဆင့် | ၉၀ |
| - | ဘဝဇာတ်သိမ်းနည်း | ၉၁ |
| ၁၁။ | ခရီးသွားရာ၌မေတ္တာပွားနည်း | ၉၃ |
| ၁၂။ | လူ့လောကနှင့်မေတ္တာ | ၁၀၁ |
| ၁၃။ | လောကကိုစိုးပိုင်သူ | ၁၀၁ |
| ၁၄။ | မုန်းသူကိုချစ်အောင်လုပ်နည်း | ၁၀၃ |
| - | ရေမေတ္တာပို့နည်း | ၁၀၆ |
| ၁၅။ | မေတ္တာကြောင့် အရှုံးမှအမြတ်ထွက်ပုံဝတ္ထု (ပဉ္စကနိပါတ်၊ ဃဋ ဇာတ်) | ၁၁၃ |

www.dhammaransi.com

# မာတိကာ


၁၆။ မေတ္တာသုံးပါး ၁၂၅

၁-ကာယကံမေတ္တာ

၂-ဝစီကံမေတ္တာ

၃-မနောကံမေတ္တာ

၁၇။ မေတ္တာစေတောဝိမုတ္တိ ၁၃၅

- မေတ္တာတရားလက်လွှတ်နေလျှင် ၁၄၀
- မေတ္တာ၏အကျိုးအာနိသင် ၁၄၁
- သတ္တဝါအနည်းအများအလိုက် ၁၄၂
- စတင်ပုံခြားနားချက် ၁၄၃
- ဩဓိသ မေတ္တာပို့နည်း ၁၄၇
- အနောဓိသမေတ္တာပို့နည်း ၁၄၈
- မေတ္တာအကျိုး ၁၁-ပါး ၁၄၈
- မြတ်စွာဘုရား၏တိုက်တွန်းချက် ၁၅၂
- မေတ္တာစေတော ဝိမုတ္တိအရသာ ၁၅၄
- သတ္တဝါတို့အပေါ် စိတ်စေတနာ ထားနည်း ၁၅၇

www.dhammaransi.com

# မာတိကာ


- ပုဂ္ဂိုလ် သတ္တဝါ မခွဲခြားရ ၁၅၈

၁၈။ လက်တွေ့အကျိုးတရား ၁၆၁

- ရောက်လေရာအရပ်ဒေသတိုင်း ၁၆၂
- လေးကျွန်းသနင်း စကြာမင်းကဲ့သို့ ၁၆၃
- ဘုန်းကြီးကိုပျားမတုပ်ပါ ၁၆၄
- ခွေးမကိုက်ပါ ၁၆၈
- တောမီးမလောင်ပါ ၁၆၉
- နတ်များက ချစ်ခင်ကြည်ညိုကြပုံ ၁၇၁
- မေတ္တာတရား ပုံမှန် လက်ကိုင်ထားကြပါ ၁၇၆

၁၉။ ဗြဟ္မဝိဟာရ တရားလေးပါး (လိုရင်းအချုပ်) ၁၇၉

www.dhammaransi.com

## အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ
## တောင်တန်း သာသနာပြု ဆရာတော်ကြီး
## ဦးဥတ္တမသာရ ၏ စာအုပ်ကောင်းများ

---

—မေတ္တာစွမ်းအား လက်တွေ့အကျိုးများ
—ပရိတ်မေတ္တာ တန်ခိုးထက်စေသောနည်း
—သံသရာဝဋ်ကို လွှတ်အောင်ရုန်းကြစို့ရဲ့
—ဘဝအောင်မြင်ရေး လမ်းညွှန်ဒေသနာ
—ဗုဒ္ဓဓမ္မလောက တရားပဒေသာ
—တောင်တန်းသာသနာပြုခရီးကြမ်းအစဓမ္မဒေသနာ
—ရဟန်းဘဝ ချမ်းသာ ( ပထမတွဲ၊ ဒုတိယတွဲ )
—မှတ်စုပဒေသာ

ဆက်သွယ် / မှာကြားရန်

ရွှေလဝင်း စာပေ
အမှတ်-၁၄၄၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။
ဖုန်း - ၉၁၂၁၃

www.dhammaransi.com

## ဓမ္မဒါနပြုရန် အိတ်ဆောင်စာအုပ်များ

—ဓမ္မစကြာပါဠိတော်

—ဓာရဏ ပရိတ်တော်

ဆရာတော်ကြီး ဦးဥတ္တမသာရ-၏

—ဂုဏ်တော်ကွန်ချာ

—ပုတီးစိပ်နည်းများ

—နတ်ချစ်ဂါထာတော်များ-နှင့်

မင်းကွန်းတိပိဋက ဆရာတော်ကြီး၏

—မေတ္တာဘာဝနာပွားနည်း

တစ်အုပ် (၈)ကျပ်၊ ကိုယ်စားလှယ် (၆/-၅၀ပြား)

---

ပေတဒါန - နှင့်

ကျေးဇူးရှင် မိဘတို့ ၏ နောက်ဆုံးမျှော်လင့်ချက်

(ရွှေညာ - မောင်ယဉ်စိုး)

တစ်အုပ် (၃/၅၀ပြား)၊ ကိုယ်စားလှယ် (၂/၇၀ပြား)

ရွှေလဝင်း စာပေ အမှတ်-၁၄၄၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း-၉၁၂၁၃

www.dhammaransi.com

## မင်္ဂလာ၏

# မိတ်ဆက်နိဒါန်းအမှာစာ

ဘဝတု သဗ္ဗမင်္ဂလံ–

တောင်တန်း နယ်ခြားသာသနာပြု ဆရာတော် ဦးဥတ္တမသာရ ကိုယ်တော်ကြီးကို မတွေ့ရသည်မှာ နှစ်အတော်ကြာခဲ့ပါပြီ။

လွန်ခဲ့သော ၁၂၉၆–ခုနှစ်လောက်က ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ပိဋကတ် တက္ကသိုလ်ကြီး၌ လေးနှစ်တိုင် အတူတကွ ရင်းရင်းနှီးနှီးပင် ပိဋကတ်စာပေတို့ကို သင်ခဲ့ကြသည်ဖြစ်၍ တအောက်မေ့မေ့ သတိရနေမိပါတော့သည်။ အတူတကွ နေခဲ့ကြစဉ်က စာပေဗဟုသုတ၊ ဒေသန္တရ ဗဟုသုတတို့ကို ဆွေးနွေးခဲ့ကြပုံများကို ပြန်လည်အောက်မေ့မိတိုင်း ငယ်ရုပ်အသွင် ကြည်လင်သော မျက်နှာအနေအထားဖြင့် မနေ့တစ်နေ့တုန်းက တွေ့ရသလိုပင် ထင်မြင်လာပါတော့သည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



# နိဒါန်း

ပခုက္ကူ မဟာဝိသုတာရာမ စာသင်တိုက်ကြီးသည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့ကို ကုန်စင်အောင် မပြတ်ပို့ချနေသော မဟာဝိဇ္ဇာလယ ကျောင်းတိုက်ကြီး ဖြစ်ပါသောကြောင့် ပြည်တွင်းမှ ပိဋကတ်အခြေခံရပြီးသော အဆင့်မြင့် စာသင်သား ကြီး-ငယ် မြောက်မြားလှစွာ လာရောက်၍ နိကာယ်များကို လိုက်နာ သင်ယူကြသကဲ့သို့ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လော စသော ထေရဝါဒနိုင်ငံများမှ အဆင့်မြင့် ပါဠိစကားတတ် စာသင်သားတို့လည်း နိကာယ်ငါးရပ်ကို လိုက်နာသင်ယူရန် လာရောက်ကြလေသည်။

ထိုစဉ်က မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ အာရာမိဿရ ဂဏာဓိပတိ မဟာထေရ်မြတ်ကြီးများမှာ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ မဟာထေရ်တို့ဖြစ်ကြ၍ စာချ ဂဏဝါစက ဆရာတော်များမှာ တိုက်အုပ်ဆရာတော် အရှင် နန္ဒိယထေရ်၊ တိုက်အုပ် ဆရာတော်

www.dhammaransi.com



အရှင် မာဃိန္ဒထေရ် စသော ဆရာတော်တို့ဖြစ်ကြပါသည်။

ယင်း ကျေးရူးတော်ရှင် ဆရာတော်ကြီးများ ရွှေလက်ထက်တော်က စာသင်သားဦးရေသည် အလွန်များပြားလှပါသည်၊ ၁၃၀၀–ပြည့်နှစ်က ဝါဆိုသံဃာ စာရင်းအရ ကိုးရာ ခုနစ်ဆယ့်သုံးပါး (၉၇၃–ပါး) ရှိခဲ့လေသည်။

ထိုစဉ်က ကျေးရူးတော်ရှင် ဆရာတော်ဘုရားကြီးများ၏ တိုက်တာအုပ်ချုပ်ပုံနှင့် စာသင်သားများ နိကာယ်ငါးရပ် ပိဋကတ်စာပေကို အလွယ်တကူသင်ယူနိုင်ရန် ဂဏဝါစက စာချဆရာတော်တို့အား ခွဲဝေပို့ချစေပုံမှာ အလွန် စနစ်ကျလှပါသည်။

ဆရာတော်ဘုရားကြီးများ၏ ဥပုသ်နေ့ညတိုင်း ဘုရားဝတ်တက်အပြီး စာသင်သား သံဃာတော်တို့အား ပေးခဲ့သော ဩဝါဒတော်များမှာ တစ်သက်တာ မမေ့နိုင်လောက်အောင် မြင့်မားလှပါဘိသည်။

မြောက်မြားလှစွာသော စာသင်သား သံဃာတော်တို့သည်လည်း ဆရာကောင်း တပည့်များ ပီသစွာ သိမ်မွေ့တင့်တယ် ကြည်ညိုဖွယ်ရာ ပီရိသောသိက္ခာ

www.dhammaransi.com



ရှိကြပါပေသည်။ ကျေးဇူးတော်ရှင် အဓိပတိ ဆရာတော်ဘုရားကြီးတို့၏ ကျေးဇူးတော်, ဂုဏ်တော် အနန္တတို့ကို အမြတ်တနိုး ရှိသေလေးစားကြသလို စာသင်သား အချင်းချင်းလည်း ရှိသေလေးစား ငဲ့ညှာထောက်ထား ကြပြီးလျှင် သမဂ္ဂသမောဒါန ပြည့်ဝကြပုံမှာ အံ့ဖွယ် တစ်ရပ်ပင် ဖြစ်ပါသည်။

စာပေ သင်ကြားချိန်၏ တန်ဖိုးကိုလည်း အလဟဿမဖြစ်စေဘဲ တစ်နေ့လျှင် စာလေးဝါကို မြတ်မြတ်နိုးနိုး သင်ယူတော်မူကြခြင်းဖြင့် အချိန်ကို ကုန်စေပါသည်။ ထို့ကြောင့်ပင် မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသည် လေငြိမ်သဖြင့် လှိုင်းမထသော အေးမြသင်းကြူသည့် ပေါက္ခရဏီ နတ်ရေကန်ပမာ သာယာပါဘိတော့သည်။

ကျောင်းတိုက်ကြီးအတွင်း၌ ပြည်ပမှ ကြွရောက် ပညာသင်ကြသော သီရိလင်္ကာ၊ ထိုင်း စသော ထေရဝါဒ နိုင်ငံသား ရဟန်းတော်တို့သည် ပါဠိဘာသာစာပေကို မိခင်ဘာသာ စကားပမာ အချင်းချင်းပြောကြလေရာ ပင်ရင်း မြန်မာနိုင်ငံသား စာသင်သားကြီးတို့သည်လည်း အားကျတော်မူကြပြီးလျှင် ပါဠိစကား စတင် ပြော ကြားကြတော့သည်။ ၁၂၉၄-ခုနှစ် ရောက်သောအခါ

www.dhammaransi.com



ပါဠိစကားပြောအဖွဲ့ကြီးကို ဖွဲ့စည်း၍ ဥပုသ်နေ့တိုင်း ပါဠိဟောပြောပွဲများကို ကျင်းပခဲ့လေသည်။

'သုတဝတီ မြန်မာစာစောင်နှင့်' 'သယံလေခ'စာစောင်တို့ကိုလည်း အခါအားလျော်စွာ ထုတ်ဝေခဲ့လေသည်။ ထိုအချိန်မှ အစပြု၍ ကျောင်းတိုက်အတွင်းရှိ စာသင်သားတို့သည် ပါဠိစကားကို သွက်လက် ညက်ညောစွာ ပြောတတ်၊ ရေးတတ်လာကြလေတော့သည်။ ဦးဥတ္တမသာရ ကိုယ်တော်ကြီးကား ပါဠိစကားပြောအဖွဲ့ကြီး၌ ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ရသလို သုတဝတီစာစောင်၌လည်း ခေါင်းဆောင်ဖြစ်ခဲ့ပါသည်။

၁၂၉၇-ခုနှစ်က ချင်းတောင်မှာ ချင်းအမျိုးသားခေါင်းဆောင်ဖြစ်သူ ဦးဝမ်းမသူမောင်သည် ချင်းအမျိုးသား ကျောင်းသားလေးများကို ခေါ်ဆောင်၍ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်သို့ ရောက်လာလေသည်။ အဂ္ဂမဟာပဏ္ဍိတ ကျေးရူးရှင် ဆရာတော်ဘုရားကြီးက ကရုဏာ သက်ရောက်တော်မူ၍ မြို့ပေါ်၌ တတ်နိုင်သော ဒကာ, ဒကာမတို့အား တစ်ဦးလျှင် ချင်းကျောင်းသားတစ်ယောက်စီပေး၍ မွေးစေကာ ရှင်ပြုပွဲကြီး ကျင်းပစေခဲ့ပါသည်။

www.dhammaransi.com



# နိဒါန်း

ချင်းတောင်၌ သာသနာပြုအဖွဲ့ကို တည်ထောင်၍ ချင်းတောင်၌ သာသနာပြုရန် ဦးတိဿနှင့် ဦးကဝိန္ဒ ရဟန်းတော်နှစ်ပါးကို ဓမ္မဒူတအဖြစ် စေလွှတ်တော်မူခဲ့လေသည်။

၁၃၀၀-ပြည့်နှစ် ရောက်သောအခါ ချင်းတောင် သာသနာပြု ဓမ္မဒူတဆရာတော် ဦးတိဿ တောင်ပိုင်း ချင်းတောင် မင်းတပ်နယ်၌ ကျောင်းကန်တည်ပြီးဖြစ်၍ သိမ်သမုတ်ရန် ပခုက္ကူသို့ ပြန်လာပြီးလျှင် မဟာဝိသုတာရာမ ဆရာတော် ဘုရားကြီးအား လျှောက်ထားလေသည်။

ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ကြောင့် သိမ်ဒါယကာ အလိုအလျောက် ပေါ်လာသည်။ ချင်းတောင်သို့ ကြွရောက်၍ သိမ် သမုတ်ရန်လည်း တိုက်အုပ်ဆရာတော် ဦးနန္ဒိယ၊ တိုက်အုပ် ဆရာတော် ဦးမာဃိန္ဒ၊ ဦးဥတ္တမသာရတို့ ခေါင်းဆောင်သော သံဃာ ၁၁-ပါး၊ သိမ်ဒကာသား ၂-ယောက်၊ ကျောင်းသား တစ်ယောက်တို့ သိမ်သမုတ်ရန် ချင်းတောင်သို့ ကြွကြသည်။

www.dhammaransi.com



ပခုက္ကူမှ ပေါက်သို့ ကုန်တင်မော်တော်ယာဉ်ဖြင့် ကြွကြသည်။ ပေါက်မြို့မှ ယောနယ် ပေ ၂၂၅၁-ပေ မြင့်သော ပုံတောင်နှင့် ပုံညာတောင်တို့ကို ဖြတ်ကျော်ကာ အသွားအပြန် ခြေကျင်ခရီးဖြင့် ကြွတော်မူ၍ သိမ်သမုတ်တော်မူကြရသည်။ ဦးဥတ္တမသာရမှာ တောင်ဆင်းတောင်တက် ကျွမ်းကျင်သောပုဂ္ဂိုလ်ဖြစ်၍ ခရီးသွားရာမှာ ဦးဆောင်ပုဂ္ဂိုလ်အဖြစ် တင်ကြရသည်။

ဘုန်းကြီးများများ မမြင်ဖူးသော ချင်းအမျိုးသား၊ ချင်း အမျိုးသမီးတို့ လာရောက်ကြည့်ရှုကြ၍ စည်စည်ကားကား ရှိလှသည့်အပြင် ချင်းအမျိုးသား တော်တော်များများလည်း နတ်ကိုးကွယ်ရာမှ ဗုဒ္ဓသာသနာကို ကိုးကွယ်သူတို့ ဖြစ်လာကြောင်း အမြုတေစာပေ မှတ်တမ်းများ၌ ဖတ်ရပါသည်။

ဦးဥတ္တမသာရ ကိုယ်တော်ကြီးသည် သာသနာပြုဝါသနာ စိတ်ဓာတ်ပြင်းလှ၍ သိမ်သမုတ်ပွဲ ပြီးသည့်နောက်၌ တိုက်အုပ်ဆရာတော်များ ပြန်ကြွပြီးသောအခါ ဦးဝမ်းမသူမောင် (ချင်းခေါင်းဆောင်)နှင့် အတူ ဝမ်းမသူရွာ စသော ရွာများသို့ လှည့်လည်ပြီးလျှင် သာသနာပြုတရား ဟောခဲ့လေသည်။

မွေ့ယဝင်းစာပေ

www.dhammaransi.com

# (၇) နိဒါန်း

ဦးဥတ္တမသာရသည် ပခုက္ကူ မဟာဝိသုတာရာမ တိုက်၌ ၆-နှစ်တိုင်တိုင် နိကာယ်ငါးရပ်ကို သင်ယူပြီး အမရပူရနှင့် မန္တလေးမြို့၌ နေ့ည စာဝါများ သင်ယူပြီးနောက် မြန်မာနိုင်ငံ နယ်ခြား တောင်တန်းများကို ဧကစာရီ မြန်းကြွ သာသနာပြု ထွက်သွားတော်မူလေသည်။

၁၃၀၈-ခုနှစ်၊ နယုန်လဆန်း ၂-ရက်နေ့က ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးကျောင်းတိုက်၌ ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ အစည်းအဝေးပွဲ၌ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ အဓိပတိ ဆရာတော်ဘုရားကြီးက တောင်တန်းနယ်ခြားတို့၌ ဗုဒ္ဓသာသနာ ထွန်းလင်းရန် တောင်တန်း သာသနာပြုအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ကြရန် အဆိုပြုခဲ့ရာ သံဃာအားလုံးက ဟစ်ညီတစ်ညွတ်တည်း ထောက်ခံ သာဓုခေါ်ကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ တောင်တန်းနယ်ခြားသာသနာပြု လုပ်ငန်းကို ဆောင်ရွက်နေသော ဦးဥတ္တမသာရသည် မဟာသံဃအဖွဲ့ကြီးနှင့် ဗုဒ္ဓဘာသာ အဖွဲ့ကြီးတို့မှ ကျင်းပသော တောင်တန်းသာသနာပြု

www.dhammaransi.com



အဖွဲ့ အစည်းအဝေးကြီးသို့ ကြွလာတော်မူသည်ဖြစ်၍ မင်္ဂလာတို့နှင့် တစ်ကြိမ် တွေ့လိုက်ရပါသေးသည်။

သံဃ မဟာနာယက ဆရာတော်ဘုရားများနှင့် ဦးသွင်၊ ဟသ်ာတ ဦးမြ စသော ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီးမှ လူကြီးများသည် ဦးဥတ္တမသာရနှင့် တောင်တန်းနယ်ခြား သာသနာပြုကိစ္စများကို ကျေနပ်အားရစွာ ဆွေးနွေးကြကြောင်း သိရပါသည်။

ဦးဥတ္တမသာရကို ဦးသွင်၊ ဟသ်ာတဦးမြ စသော ပုဂ္ဂိုလ်ကြီးများက တောင်တန်း သာသနာပြုကိုယ်တော်ကြီးဟု ခေါ်ကြပါသည်။

ဦးသွင်က–

'ကိုယ်တော်ကြီး စကားပြောပုံက တစ်မျိုးပဲ၊ တစ်ဘက်သားကို တစ်ချက် မော့ကြည့်ပြီးတော့ မျက်နှာကို အောက်စိုက်ပြီး စကားပြောတယ်၊.... တစ်ခါတစ်ခါတော့ သူ့မျက်နှာကို ဘေးလွှဲထားပြီး စကားပြောတယ်၊ စကားကိုလည်း ဖြည်းဖြည်းပဲ ပြောတယ်၊ သူ့ စကားပြောသံက အာဇောက်သံနှင့် တူတယ်၊ ဘာအလိုရှိပါသလဲ ဘုရားလို့ တွေ့တိုင်း

www.dhammaransi.com



လျှောက်ထားဖူးပါတယ်၊ ပြည့်စုံပါတယ်လို့ပဲ ဖြေလေ့ရှိတယ်၊ ကိစ္စနည်းပုံရတယ်' ဟုဝေဖန်ပါသည်။

ဟသ်ာတဦးမြကမူ 'ကိုယ်တော်ကြီးက သပိတ်နှင့် ခါးကသက်န်းအပြင် အထုပ်ငယ်တစ်ထုပ်လဲ ပါလာတယ်၊ စကားလဲပြောခဲတယ်၊ မေးမှပဲ ပြောတယ်'ဟု ဆိုပါသည်။

ကိုယ်တော်ကြီးသည် အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဟိမဝန္တာတစ်ခိုသို့ အတော်နံ့အောင် ခြေကျင်သွားခဲ့ဖူးသည်။ အာသံ၊ မဏိပူရ၊ နာဂတောင်တန်း၊ ခန္တီးနှ်တောင်တန်း စသည်တို့ကိုလည်း ဧကစာရီ တစ်ကိုယ်တည်းဖြင့်–

– အတောင်သာလျှင် ဝန်ထုပ်ရှိသော ငှက်ကဲ့သို့
အခြေနှစ်ချောင်းကို အားကိုးလျက်–
– ဖိနပ်ကိုသာ ယာဉ် ဟူ၍မှတ်ယူကာ–

တောအနံ့, တောင်အသွယ်သွယ်တို့ကို ဖြတ်ကျော်သွားလာကာ သာသနပြု ဓမ္မဒူတအလုပ်ကို စိတ်ပါဝင်စားစွာဖြင့် ကြွသွားနေသော ကိုယ်တော်ကြီးဖြစ်ပါသည်။

www.dhammaransi.com



ထို့ကြောင့်ပင် ကိုယ်တော်ကြီး ဤမျှ မကြောက် မရွံ့ သတ္တိရှိရှိ ခွဲကောင်းကောင်းနှင့် သွားလာနေသည်မှာ အဆောင်ကောင်းတစ်ခုရှိရမည်ဟု ရင်းနှီးသည့် ရဟန်း ရှင်လူ အများကရော ကိုယ်တော်ကြီး၏အကြောင်း ထေရုပ္ပတ္တိကို ဖတ်ကြရသူများကပါ အထင်ကြီးကြသည်။

ဤကိုယ်တော်ကြီး၌ အဆောင်ကောင်း တစ်ခုခု တော့ ဧကန် ရှိရမည်ဆိုသည်ကို မင်္ဂလာတို့လည်း ယုံ ကြည်မိပါသည်။ အများရှင်လူတို့ အထင်ကြီးသည်ကို လည်း ကန့်ကွက်ရန် လိုမည်မဟုတ်ပါ။ အကြောင်းက မြန်မာနိုင်ငံအတွင်းရှိ ဟိုအရပ် ဒီအရပ် ဟိုမြို့မှ ဒီမြို့ ဘုရားတကာ, ကျောင်းတကာ, ရွာတကာ လှည့်လည် နေသော ဝိဇ္ဇာလိုလို၊ ထွက်ရပ်ပေါက်လိုလို၊ သိဒ္ဓိပေါက် လိုလို သွားလာနေသောပုဂ္ဂိုလ်များကို မကြာမကြာ တွေ့ဖူးပါသည်။ အများအားဖြင့် ဤသို့ သွားလာနေကြ သူများမှာ တစ်ခုခုတော့ ပါလာတတ်ပါသည်။ ဆေးဝါး လား၊ အင်းအိုင်လား၊ ခလုံ့ လက်ဖွဲ့လား၊ အထင်ကြီး အောင် ဝေ၍ စရိတ်ရှာသွားတတ်ကြပါသည်။

နာမည်မကြီးဘဲ တစ်မျိုးတစ်မည် အသွင်ဆောင်၍ သွေးဆေး၊ လျက်ဆားကိုပင် အာယုဝဍ္ဎနဆေးသဘော

www.dhammaransi.com



# နိဒါန်း

အနေအားဖြင့် ဝေသွားကြသူများကို တွေ့ဖူးကြုံဖူးကြသူတို့က ဦးဥတ္တမသာရလို ကမ္ဘာလှည့်နေသော အရှင်မြတ်အား အဘယ်မှာလျှင် အထင်မကြီးဘဲရှိပါအံ့နည်း။ သတ္တိဗလ စွမ်းထာမနှင့် ပြည့်စုံ၍ သားရဲတိရစ္ဆာန်တို့အကြား–ယဉ်ကျေးမှု မဖွံ့ဖြိုးသေးသော လူတို့အကြား တစ်ကိုယ်ရေ တစ်ကာယဖြင့် သွားနေသော ကိုယ်တော်ကြီးအား အခြားသူတို့ကို မဆိုထားဘိ၊ မင်္ဂလာတို့သည်ပင် အဆောင်ကောင်း တစ်ခုခုတော့ ဧကန်ရှိရမည်ဟု ယုံကြည်ပြီး ဖြစ်ခဲ့ သည်မှာ ကြာပါပြီ။

ကိုယ်တော်ကြီးကား တစ်ဖက်သားကို လှည့်စားတတ်သော အလေ့ဝါသနာမရှိ၊ လောကီဆိုင်ရာ အမှုအကျင့်တို့ကို ကျင့်သုံးလေ့မရှိ၊ ဆွမ်း တစ်ယောက်မရ လျှင် တစ်နေ့အဖို့ မှုတတတ်သူ၊ အခြေနှစ်ချောင်းရပ်နိုင်သရွေ့ သွားလိုရာကို အရောက်သွားနိုင်သော သတ္တိရှိသူ ပုဂ္ဂိုလ်ထူးကြီးဟု အရည်ဝါသီ ပုဂ္ဂိုလ်အလားမင်္ဂလာတို့က ယယ်ယယ်ကတည်းကပင် ယုံကြည်ပါသည်။ သို့ပါသော်လည်း အဆောင်ကောင်းတစ်ခုတော့ မုချရှိရမည်။

www.dhammaransi.com



ကိုယ်တော်ကြီး၏ ကိုယ်တွေ့ ခရီးသွားမှတ်တမ်း ဒုတိယတွဲ စာအုပ်တစ်အုပ် ဆက်သွယ်ရေးစာတိုက်မှ ၁၃၄၄-ခု၊ တော်သလင်းလဆန်း ၁၂-ရက် နေ့စွဲဖြင့် ရောက်လာ၍ ဖတ်ရမှပင် ကိုယ်တော်ကြီး၏ တစ်သက်တာ အဆောင်ကောင်း အဖိုးတန်ကို သိရပါပြီ။

ဆက်ဖတ်ကြပါစို့-

'ဆရာတော်က မြန်မာရဟန်းတော်ထဲမှ ဒေသန္တရ ဗဟုသုတတွေ အများဆုံးရှိသူ ဖြစ်ပါတယ်၊ ဘာသန္တရ ပညာလဲ အတော့်ကို တတ်ကျွမ်းနားလည်ထားပါတယ်၊လောကီရေးလောကုတ္တရာရေးဆိုင်ရာ ဗဟုသုတမှာလဲ စွယ်စုံပညာရှိပါတယ်၊ ပခုက္ကူတိုက်ကြီးထဲ နေကြတုန်းက တစ်ချိန်မှာ ပါဠိစကားပြောပွဲအပြီး ဗဟုသုတစကား ဆွေးနွေးကြတုန်းက မုန်းသောသူကို ချစ်အောင်လုပ်နည်း ရှိပါတယ်လို့ ဆရာတော်က ဗဟုသုတအဖြာဖြာ ဟောပြောပွဲမှာ ဥပမာ ပုံထိုး ပြသွားတာကို ကြားနာလိုက်ရပါတယ်၊ အဲဒီနည်းကလေးများ ရမယ်ဆိုရင် တောင်းမယ်လို့ လိုက်လာခဲ့တာပါ'

ရွှေလဝင်းစာပေ

www.dhammaransi.com



စသည်ဖြင့် အသနားခံ၍ ဦးဥတ္တမသာရ၏ အဆောင်ကောင်းကို ရဟန်းတော်တစ်ပါးက အကြောင်းပြ တောင်းခံလေသည်။

ဦးဥတ္တမသာရ ကိုယ်တော်ကြီး၏ အဆောင်ကောင်းကိုကြိုတင်ပြီးလျှင် အထင်လည်းမသေးပါလေနှင့်၊ အထင်လည်းသိပ်ပြီး မကြီးပါလေနှင့်၊ ကိုယ်တွေ့ အလုပ်,လုပ်ကြည့်မှ သိဒ္ဓိပေါက်မေတ္တာ အဆောင်ကောင်းဖြစ်ကြောင်းကိုယ်တွေ့သိပါလိမ့်မည်။ ဆရာတော် ဦးဥတ္တမသာရ ကိုယ်တော်ကြီးက 'ကိုင်း... ဒါဖြင့် ကောင်းပြီ ပေးမယ်၊ နောင်ပြေလည်သွားတဲ့ အခါ ဘုန်းကြီးထံစာရေးပို့' ဟုမှာကြား၍ မေတ္တာပို့နည်းကို ပေးလိုက်သည်။

## လက်တွေ့
## မုန်းသူကို ချစ်အောင်လုပ်နည်း

မိမိအား သူတစ်စုံတစ်ယောက်က မနာလိုမုန်းထားခြင်း ခံနေရလျှင် ထိုသူအား မုန်းစိတ်ကင်းပျောက်သွားပြီး မိမိကို သနားချစ်ခင်စိတ် ဝင်ရောက်လာစေလိုသော် မေတ္တာ ပို့လွှတ်ပေးရမည်။

www.dhammaransi.com



အစီအမံမှာ–

ထိုသူကို ရည်မှန်း၍ မီးခြစ်ဆံဖြစ်စေ၊ တုတ်ချောင်းကလေးဖြစ်စေ၊ မာသော သစ်စေ့ဖြစ်စေ၊ ကျောက်ခဲလေးဖြစ်စေ သန့်ရှင်းသော ရေခွက်ထဲ၌ ထည့်စိမ်ထားပါ၊ ပြီးလျှင် ထိုသူအား မေတ္တာပို့လွှတ်ပေးရမည်၊ မေတ္တာပို့လွှတ်ပေးနေစဉ် ထိုသူ၏ရုပ်သွင်ကို မိမိ၏ စိတ်အာရုံတွင် ထင်ထင်ရှားရှား ဖြစ်နေပါစေ၊ အထူးမှာ ကြည်လင်ရိုးသား၍ ကြည်လင်သော စေတနာကောင်းဖြင့် ချမ်းသာစေလိုစိတ် ထက်ထက်သန်သန် လွှတ်ပေးရမည်။

မခံချင်သော ဗျာပါဒစိတ်၊ ပျက်စီးစေလိုသော ဒေါသစိတ်၊ ဆင်းရဲဒုက္ခရောက်သွားစေလိုသော ကောခစိတ် လုံးဝ ဝင်ရောက်မသွားစေရ၊ ဖယ်ထုတ်ပစ်ပါ၊ ကြည်လင်သောစိတ်၊ ဖြူစင် သန့်ရှင်းသောစိတ် စေတနာဖြစ်အောင် ကြိုးစားပါ၊ ဒေါသစိတ်ကင်း၍ ဖြူစင်သော စိတ်စေတနာ ဖြစ်ပေါ်လာပြီဆိုလျှင် မိမိက နိုင်ပြီဟူ၍မှတ်ပါ။

www.dhammaransi.com

# ၁၆ နိဒါန်း

ဤရေမေတ္တာပို့နည်းကို တောင်းသူဦးပဋ္ဌင်းသည် စိတ်ပါဝင်စားလျက် ညွှန်ကြားသည့်အတိုင်း သူ့အား မလိုလားသူ(၃)ဦးကို ရည်စူးပြီး ကျောက်ခဲသုံးလုံးကို ရေဖန်ခွက်၌ထည့်၍ အစွမ်းကုန် မေတ္တာပို့လွှတ်ခဲ့သည်။ ၇-ရက်အတွင်းမှာပင် အောင်မြင်ပြီးစီးခဲ့သည်။

ဖြစ်ပုံ အကြောင်းအရာမှန်ကား- မလိုမုန်းထားသူ ၃-ဦးတွင် ဒေါသခံကြီးနေဟန်ရှိသော ၂-ဦးသည် သူတို့အချင်းချင်း စိတ်ဝမ်းကွဲပြီး တခြားသို့ ပြောင်းရွှေ့သွားကြသည်။ ဒေါသခံအားနည်းသော ပုဂ္ဂိုလ်သည် သူများကြောင်း ဝန်ခံပြောဆို တောင်းပန်သွားတော့သည်။ မေတ္တာတရား၏ အကျိုးအာနိသင်တို့ကား များပြားလှပါ၏။ မေတ္တာတရားသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၍ မေတ္တာတရား အစဉ်ပွားများသူ၌ သည်းခံစိတ် ခန္တီတရား တဖြည်းဖြည်း ရင့်သန်လာသောကြောင့် နေရာတကာမှာ အများပရိသတ်နှင့် ရင်းနှီးခင်မင်လာတော့သည်။

ဦးဥတ္တမသာရ ကိုယ်တော်ကြီးသည် ဘယ်မြို့၊ ဘယ်ဒေသ၊ ဘယ်တိုင်းပြည်ကိုပဲသွားသွား၊ သွားလေရာရာမှာ အန္တရာယ်မရှိ ဘေးမထိခဲ့၊ တောအုံ တောင်ကြား

www.dhammaransi.com



ချောက်ကမ်းပါးကို ဖြတ်ကျော်သွားစေကာမူ အန္တရာယ် မရှိ၊ ဘေးမထိခဲ့သည်မှာ မေတ္တာတန်ခိုးပင် ဖြစ်ပါသည်။ ကိုယ်တော်ကြီး၏ နှလုံးသားမှ အမြဲမပြတ်ထွက်နေသော မေတ္တာဓာတ် အလင်းရောင်သည် လူအပေါင်းတို့အား ခြုံမိပြီးဖြစ်သောကြောင့် လူမရောက်သော တောအုံ တောင်ကြား၌ နတ်တို့က စောင့်ရှောက်ကြသလို လူတို့ နေထိုင်ရာ ရောက်ရာအရပ်တို့က လူတို့က စောင့်ရှောက် ကြမည်မှာ ဧကန်ဖြစ်ပါသည်။

အင်္ဂုတ္တရနိကာယ်၊ ဧကာဒသနိပါတ် ၅၄၂-၌ မေတ္တာ ပွားများသူတို့ ခံစားရသော အကျိုးတရား ၁၁-ပါးရှိကြောင်း ဟောတော်မူပါသည်။ ဤအကျိုး တရား ၁၁-ပါးတွင် လေးခုမြောက်အကျိုးမှာ နတ် လူတို့ ချစ်ခင်ခြင်းဟူသော အကျိုးအာနိသင် တစ်ပါး ပါသည်။ ဤ တစ်ပါးဖြင့်ပင် မေတ္တာပွားများသူအဖို့ သွားလိုရာ သွားပါ၊ ရောက်ရာအရပ်၌ လူမရှိလျှင် တောစောင့်နတ်၊ တောင်စောင့်နတ် စသော အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့ ရှိနေသည် ဖြစ်ပါသော ကြောင့် ယင်း နတ်တို့၏ အစောင့်အရှောက်ကို ဧကန်ရမည်။

www.dhammaransi.com



# နိဒါန်း

သို့သော် တစ်ခုရှိပါ၏၊ ယင်းတစ်ခုကား မေတ္တာဘာဝနာ ပွားများရာမှာ ဒေသနာတော်နှင့်အညီ စနစ်တကျ မေတ္တာပို့တတ်၊ ပွားများတတ်ဖို့ လိုအပ်ပါသည်။ မေတ္တာစွမ်းအား လက်တွေ့အကျိုးများကို ကိုယ်တွေ့ခံစားနေရပြီးဖြစ်သော ကိုယ်တော်ကြီး ဦးဥတ္တမသာရသည် ၁၃၃၉-ခုနှစ်က ရန်ကုန်မြို့သို့ ကြွရောက်အလာမှာ ပုဇွန်တောင်မြို့နယ် အရှေ့ပိုင်း၊ ကျီတော်ရပ်၊ မဟာသုခလမ်း၊ အမှတ်-၃၂၊ ဓမ္မဃောသက ဦးမောင်မောင်-ဒေါ်ဒေါ်သန်းတို့အိမ်၌ ပြာသိုလပြည့်ကျော် (၆)ရက်နေ့ညမှာ အန္တရာယ်ကင်း ပရိတ်ပွဲအပြီးတွင် ဓမ္မဃောသက ဦးမောင်မောင်၏ အဘိယာစကကြောင့် မေတ္တာစွမ်းအား လက်တွေ့အကျိုးများကို ဟောတော်မူခဲ့ပါသည်။

ထိုစဉ်က တရားနာလိုက်ကြသော ပရိသတ်တွင် ပါဝင်နာကြားရသည့် ဗုဒ္ဓ ဓမ္မ လောကစာစောင် အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က လျှောက်တောင်း၍ ကိုယ်တော်ကြီး ဦးဥတ္တမသာရက ရေးသားချီးမြှင့်သည့်အတွက် ဤစာအုပ် ဖြစ်ပေါ်လာပါသည်။

မေတ္တာတရားသည် ဗြဟ္မဝိဟာရတရား လေးပါးတွင် ဦးစီးခေါင်းဆောင်အဖြစ် အမှတ်(၁)မှ ပါဝင်သော

www.dhammaransi.com



တရား ဖြစ်ပါသည်၊ ဗြဟ္မဝိဟာရ တရားလေးပါးကို ရေတွက်ပြီးနောက် ကောလာဟလ ငါးပါးကို ဖွင့်ဆိုထားပါသည်။ အသေးစိတ်နားလည်အောင် ဖတ်ရှုသင့်ပါသည်။ ထို့နောက် အလွယ်ဆုံး မေတ္တာ ဖြန့်ပွားနည်းကို အကျဉ်းမျှဖော်ပြပြီးလျှင် စကြဝဠာအနန္တကို ဖွင့်ပြပါသည်။

စကြဝဠာအနန္တ၊ စကြဝဠာတိုက်တစ်သောင်းရှိသည်ကို ကြားဖူးသူလည်း ရှိသလို မကြားဖူးသူလည်း ရှိပေလိမ့်မည်၊ လူတိုင်း သိထားဖို့ လိုအပ်ပါသည်။ မေတ္တာပို့ရာ၌ စကြဝဠာအနန္တကို သိထား၍ မေတ္တာပို့တတ်လျှင် ပို၍ အကျိုးရှိနိုင်ပါသည်။

## မေတ္တာဗြဟ္မဝိဟာရ ပွားနည်း

ဗြဟ္မဝိဟာရတရား လေးပါးတွင် မေတ္တာ ဗြဟ္မဝိဟာရပွားနည်းကို ဦးစွာ ပါဠိလိုပွားနည်း ပြထားသည်၊ တစ်ဖန် ယင်းပါဠိကို အနက်ပြန်ထားသည်။ ပါဠိအနက်ကို သိမှသာ ပါဠိကိုပွားရာ၌အကျိုးများနိုင်ပါသည်။

ထို့ကြောင့်–

www.dhammaransi.com



- မေတ္တာ ဗြဟ္မဝိဟာရ ပွားနည်း၊
- ကရုဏာ ဗြဟ္မဝိဟာရ ပွားနည်း၊
- မုဒိတာ ဗြဟ္မဝိဟာရ ပွားနည်း၊
- ဥပေက္ခာ ဗြဟ္မဝိဟာရ ပွားနည်း

တို့ကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

## အနိယာ–ဆင်းရဲခြင်း၊ ဒုက္ခာ–ဆင်းရဲခြင်း

ဤဆင်းရဲခြင်း နှစ်မျိုးကို ကွဲပြားအောင် ညောင်လေးပင် တောရ ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ် နိဿယကို ကိုးကား၍ ရှင်းပြထားသည်။

## ဘဝဇာတ်သိမ်းနည်း

ဘဝဇာတ်သိမ်းနည်း အခန်း၌ အသက်ရှင်နေစဉ် နေနည်းတတ်ရုံမျှဖြင့် မပြီးသေးပါ၊ သေနည်း တတ်ဖို့လည်း လိုအပ်သဖြင့် သေခါနီးအခါ၌ မေတ္တာတရား ဘယ်လိုပွားရမည်ကို ဖော်ပြပါသည်။

လူတိုင်းပင် တစ်နေ့တော့ သေကြရပေမည်၊ ဘဝနာတစ်ခုခုမှ လေ့ကျင့်ပွားများခဲ့ခြင်း မရှိသူများ အဖို့ရာမှာ လက်ကိုင်တောင်ဝှေး မရှိသော အဘိုးအို လမ်းမှန်ကို မလျှောက်တတ်သလို စမ်းတဝါးဝါးနှင့် သားအတွက်, သမီးအတွက် စီးပွားဥစ္စာတို့အတွက်

www.dhammaransi.com



ကြောင့်ကြဗျာပါဒတွေ ဝင်လာကာ မလိုအပ်သော အာရုံတွေကို စွဲလမ်းမှုကြောင့် မရောက်သင့်သော အပါယ်လမ်းသို့ ရောက်သွားပြီး ဘဝ နစ်မွန်းတတ်ပါသည်။

ထို့ကြောင့် ဘဝဇာတ်သိမ်းနည်းကို လေ့လာပါ၊ မှတ်သားပါ၊ ကောင်းရာ ဘုံဘဝကိုရောက်အောင် နှလုံးသွင်းတတ်ဖို့ ညွှန်ပြထားပါသည်။

## ခရီးသွားရာ၌ မေတ္တာပွားနည်း

ကိုယ်တော်ကြီးက တောအုံတောင်ကြား ချောက်ကြိုမြောင်းကြား၌ ကမ်းမမြင် လမ်းမမြင် စမ်းတဝါးဝါး ကိုယ်တွေ့ သွားလာခဲ့ရ၍ ကိုယ်တွေ့ ဘေးကင်းအောင် မေတ္တာပို့နည်းကိုလည်း ညွှန်ပြထားသေးသည်၊ လူတိုင်း သိထားဖို့လိုအပ်ပါသည်၊ အကယ်၍ စနစ်တကျ ပို့တတ်ပါလျှင် နတ်တို့၏ အကူအညီကိုရကာ လိုရာ အရပ် ရောက်နိုင်ပါသည်။

သာသနာ

## မုန်းသူကို ချစ်အောင်လုပ်နည်း

အရေးအကြီးဆုံးကား မုန်းသူကို ချစ်အောင်လုပ်နည်းဖြစ်ပါသည်။ အိမ်နီးနားချင်း မတည့်မှုတွေ၊ လုပ်ဖော်ကိုင်ဖက်ချင်း စိတ်ဝမ်းကွဲမှုတွေ၊ နှုတ်ကချို၍ စိတ်နဂို



၂၂၆၈၇

www.dhammaransi.com



# နိဒါန်း

မူလရင်း အတွင်းက ကောက်မှုတွေဖြင့် မောင်နှမသားချင်း ပင် တလွဲဆံပင်ကောင်းကြကာ တစ်ဦးနှင့်တစ်ဦး မုန်းကြ, အကောက်ကြံကြ၊ မလုပ်သင့်တာ လုပ်တတ်ကြသည်။

ခင်မင်ရင်းနှီးသူတို့အားလည်း ရင်းနှီးသည်ထက် ရင်းနှီးအောင် မေတ္တာပို့ကြသလို မုန်းသူတို့အားလည်း မေတ္တာသက်ဝင် ခင်မင်ကြင်နာအောင် စနစ်တကျ မေတ္တာပို့တတ်, ပွားများတတ်ဖို့ ညွှန်ကြားထားပါသည်။

## ရေမေတ္တာပို့နည်း

ကျွန်ုပ်တို့ ဤမေတ္တာစွမ်းအား လက်တွေ့အကျိုး များ စာမူကို မဖတ်ရမီ ကိုယ်တော်ကြီး၏ ခရီးသွား ကိုယ်တွေ့မှတ်တမ်းများစာအုပ်ကို ဖတ်ရစဉ်ကပင် ရေ မေတ္တာပို့နည်းကို သိခဲ့ရ၍ ဤဖိတ်ဆက်နိဒါန်း အမှာစာ အစက ဖော်ပြခဲ့ပြီးပါပြီ။

- ပဋ္ဌကနိပါတ် ဃဋဇာတ်လာ အရှုံးမှ အမြတ် ထွက်ပုံ ဗုဒ္ဓမြတ်စွာဘုရား ရွှေလက်ထက်တော် က စိတ် ဝင်စားဖွယ်ရာ ဇာတ်လမ်းတစ်ကွက်နှင့် ဝတ္ထုတိုများ၊
- မေတ္တာအကျိုးအာနိသင်၊

www.dhammaransi.com



- မေတ္တာ ၃-မျိုး၊
- မေတ္တာအကျိုး ၁၁-ပါး၊
- ဗုဒ္ဓမြတ်စွာဘုရား၏ တိုက်တွန်းချက်၊
- သတ္တဝါတို့အပေါ်၌ စိတ်နေသဘောထား-

စသည်အားဖြင့် မှတ်စရာ ရှုစရာ ပွားများစရာပေါင်း နည်းမျိုးစုံပါဝင်သလို မေတ္တာစွမ်းအား အကျိုးစီးပွားကား ကိုယ်တွေ့ပွားများသူတိုင်း မိမိကိုယ်တိုင် စိတ်ကြည်လင်ခဲ့သလို သူတစ်ပါးကလဲ မိမိအား တွေ့တဲ့အခါ မြင်တဲ့အခါ စိတ်ကြည်လင်မည်မှာ ကေန်ဖြစ်ပါသောကြောင့် တောင်တန်း နယ်ခြားသာသနာပြု ဦးဥတ္တမသာရ ကိုယ်တော်ကြီး၏ 'မေတ္တာစွမ်းအားလက်တွေ့အကျိုးများ' စာအုပ်ကိုဖတ်ပါ၊ လေ့လာပါ၊ စနစ်တကျပွားများပါ၊ မေတ္တာအကျိုး တန်ခိုးအာနိသင်ကို ခံစားကြပါဟု ကိုယ်တော်ကြီးအား ဂါရဝပြုရင်း ဤမိတ်ဆက် နိဒါန်း အမှာစာကို ရပ်နားပါသည်။

မင်္ဂလာပါခင်ဗျား . . .

**မင်္ဂလာ-အောင်မြင့်**

အယ်ဒီတာချုပ်

ဗုဒ္ဓဓမ္မလောကစာစောင်

www.dhammaransi.com

# ဗြဟ္မဝိဟာရတရားလေးပါးလုံး
# အလွယ်ပွားနည်း

နတ် လူ သတ္တဝါအားလုံး
ဘေးရန်, ကြောင့်ကြ, ဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊
ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

(ဆရာတော်ကြီး- ဦးဥတ္တမသာရ)

www.dhammaransi.com

တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရ
၏

# မေတ္တာစွမ်းအား
# လက်တွေ့အကျိုးများ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ကျမ်းဦးနိဒါန်း

မေတ္တာအကြောင်း တရားသံကို ကြားနေရလျှင် ကြားနာရသူအများ၏ စိတ်နှလုံးတွင် ကြည်လင်၍ လာတတ်၏၊ ဝမ်းမြောက်ခြင်းနှင့်တကွ ကြည်နူးခြင်း ဖြစ်ပေါ်လာလေ့ ရှိကြသည်၊ ကြားနာနေရင်း စိတ်ဝင်စား လာတတ်ကြသည်၊ တရား ဟောကြားသူဘက်၌လည်း ဟောရင်း ပြောရင်း စိတ်ဝမ်းကြည်နူး၍ နေတတ်၏။ ဤသည်ပင် လက်တွေ့အကျိုးတရား အများထဲမှ စတင် ဖြစ်ပေါ်ရခြင်းဟု နားလည်နိုင်ကြသည်။

ရွှေလဝင်းစာပေ

www.dhammaransi.com


# (၂၆) ဆရာတော်ကြီး ဦးဥတ္တမသာရ

ဤဆောင်းပါးသည် ရန်ကုန်မြို့ ပုဇွန်တောင် အရှေ့ပိုင်း ၃၂-မဟာသုခလမ်း၊ ကျိုတော်ရပ် ဓမ္မယောသက ဦးမောင်မောင်၏နေအိမ်၌ လှူဒါန်းခဲ့သော ၁၃၃၉-ခုနှစ်၊ ပြာသိုလဆုတ် ၆-ရက် (၁၉-၁-၇၈) တနင်္ဂနွေနေ့ ညဦးပိုင်းအချိန် အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲ အပြီးတွင် ဟောကြားခဲ့သော မေတ္တာတရား၏ အကျိုးကြီးမားပုံ လက်တွေ့အကြောင်းအရာများမှ သိသင့်ရာရာ အချို့အဝက်ကို ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

မေတ္တာ၏အကျိုးအာနိသံင် ဟူသောခေါင်းစဉ်ဖြင့် ဒကာကြီး ဓမ္မယောသက ဦးမောင်မောင်က တရားလက်ဆောင်အဖြစ် စာရွက်များ ဝေဖူးကြောင်း သိရ၏။ ထိုစာရွက်ငယ်ကို ဖတ်ရသူက စိတ်ဝင်စားပြီး ဤအရှင်ကိုယ်တိုင် ရေးသားချက်ကို ဖတ်လိုကြကြောင်း၊ သို့မဟုတ် ကိုယ်တိုင် ဟောပြောချက်အသံကို ကြားနာလိုကြကြောင်း အဆိုပြုကြ၍ ဤစာအုပ်ငယ်ကို ရေးသားရခြင်း ဖြစ်ပါ၏။

ရွှေလဝင်းစာပေ

www.dhammaransi.com





# ဗြဟ္မဝိဟာရတရား လေးပါး

လူ့လောကမှာ မေတ္တာလောက် တန်ခိုးထက်သော အရာ ဘာမှမရှိပါ၊ မေတ္တာတရားသည် လောကကြီးတစ်ခုလုံးတွင် တန်ခိုးအထက်ဆုံးနှင့် စိတ်အချမ်းသာဆုံး တရား ဖြစ်၏၊ ချမ်းသာမှုတကာတို့တွင် ဘယ်ချမ်းသာနှင့်မျှမတူကြောင်း ကိုယ်တိုင် မေတ္တာတရား ပွားများနေဖူးသူတိုင်း ကောင်းစွာ သိပြီးဖြစ်ကြပါမည်။ နှစ်ပေါင်းကြာမြင့်စွာ လူသူမနီးသော တောကြီး တောင်ကြီးတွေထဲ၌လည်းကောင်း၊ သိကျွမ်းဖူးခြင်းမရှိသော လူမျိုးစုတို့ နေထိုင်ရာ နယ်စွန် နယ်ခြား တောတောင်ကန္တာရ ခရီးမျိုးစုံ၌လည်းကောင်း လှည့်လည် သွားလာ နေထိုင်ခဲ့သော ဤအရှင်ကို ဘယ်လိုတရားနှင့် နေပါသလဲ၊ ဘယ်လိုနည်းနှင့် ဆက်ဆံ ပေါင်းသင်းနေပါသလဲ ဟူ၍ မေးလျှောက်လေ့ရှိကြ၏၊ ရဟန်းပုဂ္ဂိုလ်များကလည်း မေးကြ၏၊ လူဒကာများကလည်း မေးကြ၏၊ မေးတော့လည်း ဖြေကြားပြောဆိုရသည်။

www.dhammaransi.com

# (၂၇) ဆရာတော်ကြီး ဦးဥတ္တမသာရ

ဤ‌ဒေသနာချုပ်သည် ဗြဟ္မဝိဟာရတရား လေးပါးကို လက်ကိုင်ထား နေလာခြင်းဖြစ်သည်၊ ဗြဟ္မဝိဟာရ တရား ဆိုသည်မှာ–

မေတ္တာ

ကရုဏာ

မုဒိတာ

ဥပေက္ခာ

ဟူသော ဗြဟ္မစိုရ်တရား လေးပါးဖြစ်၏။ ဗြဟ္မ ဝိဟာရပုဒ်ကို မြန်မာတို့က ဗြဟ္မစိုရ်ဟူ၍ ပြန်ဆိုထားကြ သည်။ ဗြဟ္မဝိဟာရ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ– 'အထက် ဘုံစံ ဗြဟ္မာကြီးတို့ကဲ့သို့သော အေးချမ်းကြည်လင် ငြိမ်သက်စွာ နေပုံနေနည်း'ဟု ဆိုလိုသည်။

လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ, ကောဓ စသော စိတ်ကြမ်း, စိတ်ရိုင်း, စိတ် မှိုင်း, စိတ်ထိုင်း, စိတ်ယုတ် စရိုက်ကြမ်းတွေ မကိန်းအောင်းစေဘဲ–စိတ်နှလုံးသားတွင် လှုပ်ရှားခြင်း မရှိဘဲ ငြိမ်သက်စေ၍ အေးချမ်းစွာ, ကြည်လင်စွာ နေ ထိုင်လေ့ရှိခြင်းကို ဆိုသည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



မြတ်သောအကျင့်တရားကို မြဲမြံစွာ ဝမ်းဝယ်ပိုက်၍ ကျင့်နေလေ့ရှိကြသော ပါရမီရှင် ဘုရားအလောင်းတော်ကြီးတို့၏ နေထိုင်နည်း, ဘဝရပ်တည်နည်း, သံသရာတစ်ခွင် ကျင်လည်နေထိုင်နည်းသည် ဤနည်းပင်ဖြစ်သည်။

ဤတရား လေးပါးသည် အေးချမ်း၍, မြင့်မြတ်၍, ကောင်းကျိုးကိုဖြစ်စေ၍ လောကသားအားလုံး၏ မှီခိုရာ, အားထားရာ, ဆောက်တည်ရာ, ဘေးရန်အန္တရာယ်ကာကွယ်ရာ, ရန်မာန်ဟူသမျှ ပြေငြိမ်းရာအတွက် အားကိုးပြုရသော လက်ကိုင်တရားဖြစ်၏။

ကမ္ဘာကြီး စတည်ချိန်ကာလ၌ လူသတ္တဝါတို့သည် ဗြဟ္မဝိဟာရတရား လေးပါးကို ဦးထိပ်ထား၍ လက်ကိုင်ပြု၍ စခဲ့ကြသည်။ ကမ္ဘာကြီး ပျက်တော့မည့်အချိန် ရောက်ပြန်တော့လည်း သတ္တလောကသား အားလုံးတို့သည် ဗြဟ္မဝိဟာရတရား လေးပါးတို့ကိုပင် အားထား ကိုးစားပြု၍ ဓာတ်သိမ်းကြရ၏။

ဤကား ကမ္ဘာတည်တိုင်း, ပျက်တိုင်း ပုံသေထုံးတမ်းတည်း။

www.dhammaransi.com

# ခရီးသွားရာ၌ မေတ္တာပွားနည်း

- ငါ၏ရှေ့တူရူအရပ်၌ ရှိကြကုန်သော နတ်, လူ သတ္တဝါ အားလုံးတို့သည် ဘေးရန်, ကြောင့်ကြ, ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။
- ငါ၏နောက်အရပ်၌ ရှိကြကုန်သော ..... (အထက်ကအတိုင်း ဆက်ဆို)
- ငါ၏ ဝဲ,ယာ၌ ရှိကြကုန်သော..... (အထက်ကအတိုင်း ဆက်ဆို)

(ဆရာတော်ကြီး ဦးဥတ္တမသာရ)

www.dhammaransi.com

## ကောလာဟလ ၅-ပါး

# ပုံသေထုံးတမ်းသီတံလက်ာ

- 'စကြာတစ်ရာ၊
- ကမ္ဘာသိန်းထား၊
- ဘုရားထောင်နေ၊
- မောနေယျမှာ ဆယ့်ခုနစ်၊
- တစ်ဆယ့်နှစ်နှစ်မှာ မင်္ဂလာ'

ဟူ၍ ပေါ်ရာဏ စကားပုံ လင်္ကာဆိုရိုးရှိ၏။

## (၁) စကြာတစ်ရာ

အဓိပ္ပာယ် ရှင်းပြမည်။

စကြာတစ်ရာ- ဆိုသည်မှာ 'လူ့လောက၌ စကြာမင်းကြီး ဖြစ်ပေါ်တော့မည်ဆိုလျှင် နှစ်ပေါင်းတစ်ရာက ကြိုတင်၍ 'စကြာမင်းကြီး ရောက်လာတော့မယ်တဲ့'ဟူ၍ လောကမှာ ကောလာဟလ စကားတွေ ဖြစ်ပေါ်လာကြသည်၊ အားကိုးစရာ ဝမ်းမြောက်စရာ သတင်းထူး သတင်းကောင်းကြီးအနေဖြင့် အားရဝမ်းသာနှင့် လှိုင်လှိုင်ကြီး ပြောဆိုနေလေ့ရှိကြ၏။

www.dhammaransi.com

# (၃၂) ဆရာတော်ကြီး ဦးဥတ္တမသာရ

ယင်းသို့ ကောလာဟလစကား စတင် ပြောဆိုနေကြချိန် မှ နှစ်ပေါင်း တစ်ရာတိုင်ရောက်သောအခါ စကြာမင်းကြီး ဖြစ်ပေါ်လာတတ်သည်။ ဤကား ပုံမှန်သဘာဝ ထုံးတမ်းစဉ်လာ ဖြစ်သတည်း။

## (၂) ကမ္ဘာသိန်းထား

ကမ္ဘာသိန်းထား–ဆိုသည်မှာ ကမ္ဘာလောကကြီး ပျက်တော့မည့် အချိန်တိုင် ရောက်လာလျှင် နှစ်ပေါင်း တစ်သိန်းမှကြိုတင်၍ သိနိုင်ကြသည်၊ ကြောက်မက်ဖွယ်ရာ ကောလာဟလ သတင်းစကားတွေ ဖြစ်ပေါ်လာကြသည်၊ အခြေအမြစ်မရှိ အလိုလိုဖြစ်ပေါ်လာခြင်း မဟုတ်ပါ၊ လောကဗျူဟာ နတ်သားတို့က နီမြန်းသောအဝတ်ကို ဝတ်ဆင်လျက် ဆံပင်ကိုဖားလျားချ၍ ငိုသောမျက်ရည်ဖြင့် လူ့လောကတစ်ခွင် မြေပြင်ကို လှိုက်လဲသွားလာကာ ပြောဆို ကြွေးကြော်ပေးကြခြင်းဖြစ်၏။

'အို– လူအပေါင်းတို့၊ ကမ္ဘာလောကကြီး ပျက်စီးတော့မယ်၊ အို– နတ်, လူ, သတ္တဝါအပေါင်းတို့ကမ္ဘာလောကကြီး ပျက်စီးသွားတော့မယ်၊ ပေါ့ပေါ့တန်တန်တရားလက်လွတ် မနေကြကုန်လင့်၊ ယနေ့မှ နောင်နှစ်

www.dhammaransi.com



ပေါင်း တစ်သိန်းဆိုက်ရောက်လာသောအခါ နေ ၇-စင်းထွက်၍ ကမ္ဘာလောကကြီးအားလုံး မီးလောင်ပြီး ပျက်စီးသွားတော့မယ်၊ မေတ္တာတရားကို ကျင့်သုံး ပွားများကြကုန်လော့၊ ကရုဏာတရားကို ကျင့်သုံး ပွားများကြကုန်လော့၊ မုဒိတာတရားကို ကျင့်သုံး ပွားများကြကုန်လော့၊ ဥပေက္ခာတရားကို ကျင့်သုံးပွားများကြကုန်လော့၊ ဗြဟ္မဝိဟာရတရား လေးပါးကို လက်ကိုင်ထား၍ နေကြကုန်လော့၊ အခြား ဘာကိုမှ အားကိုးစရာမရှိဘူး၊ မမေ့မလျော့ နေကြကုန်လော့'

ဟူ၍ ကြေကြွဲသောငိုသံဖြင့် လိုက်လံ၍စွာ သတိပေး ကြွေးကြော် နိုးဆော်ကြလေသည်။

ထိုအခါ လူများသည် ရတ်တရက် ထိတ်လန့်ခြင်းဖြစ် လာကြ၏၊ ကမ္ဘာတစ်သိန်း ဆိုသည်ကိုပင် မကြာခင် ရက်အတွင်း ဖြစ်တော့မည်ကဲ့သို့ ထင်မှတ်ကာ 'ကမ္ဘာကြီး ပျက်စီးတော့မှာတဲ့၊ နေ ၇-စင်းထွက်လာပြီး မီးလောင်ပျက်စီးတော့မှာတဲ့'ဟု မေ့မျောက်မရအောင် ကြောက်လန့်တကြား မပျော်နိုင်, မရွှင်နိုင် တုန်လှုပ်ချောက်ချားနေကြတော့သည်။

www.dhammaransi.com

# (၃၄) ဆရာတော်ကြီး ဦးဥတ္တမသာရ

အတ္တ သမံ ပေမံ နတ္ထိ–မိမိကိုယ်ထက် ချစ်သော သူမရှိ ဟူသော ဆိုရိုးစကား ထိုအချိန် ထင်ရှား သိမြင်လာကြ၏။ သူတစ်ပါးအတွက်ထက် မိမိအတွက် အရေးကြီးလာကြသည်။ ကမ္ဘာပျက်မီးကြီး လောင်မည့်နေရာမှ အမြန်ဆုံး မိမိ လွတ်ကင်းပြီးဖြစ်အောင် ရုန်းထွက်ရန် ဦးခေါင်း မီးလောင်နေဘိသို့ အရေးကြီးကြောင်း လူတိုင်း, သတ္တဝါတိုင်း ကိုယ်စီ အသိဝင်လာကြသည်။

ထို့ကြောင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လူရော, နတ်ရော, အပါယ်လေးပါး သတ္တဝါတွေရော အလောသုံးဆယ် အပူတပြင်း အားထုတ်ပွားများကြ၏၊ စိတ်အာရုံတွင် မမေ့ မလျော့ လက်တွေ့ကျင့်သုံးလာကြ၏၊ တစ်စုံတစ်ယောက်မျှ မေ့လျော့နေဝံ့သူ မရှိကြတော့ချေ။

အရိယာမဖြစ်ကြသေးသော သတ္တဝါ အားလုံးတို့သည် ကြောက်စရာ ဘေးဒုက္ခကြီးနှင့် တွေ့ရတော့မည်ဆိုလျှင် နေမရ, ထိုင်မရ, အိပ်မရအောင် ကြောက်ကြမြဲတည်း။

လူများမှကြွင်းသော ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးစသော အောက်နတ်များနှင့် နတ်ဘုံခြောက်ထပ်ရှိ နတ်

www.dhammaransi.com



များသည်လည်းကောင်း၊ အပါယ်လေးဘုံ၌ ဖြစ်နေကြသော ငရဲ, ပြိတ္တာ, အသူရကာယ်နှင့် တိရစ္ဆာန်မျိုးစုံတို့သည်လည်းကောင်း၊ ယုတ်စွအဆုံး ရုပ်ခန္ဓာအလွန်သေးငယ်ကြသော မြေပိုး, ရေပိုး, ခြပုန်း၊ ကမျဉ်းနီ, ပုရွက်ဆိတ်, ပေါက်ဖတ်, ကင်း, သန်း စသည့် အဟိတ်တိရစ္ဆာန်တို့ပါမကျန် သူ့နည်း သူ့ဟန် သူတို့သိစွမ်းနိုင်သောနည်းဖြင့် လောကဗျူဟာနတ်တို့ ကြွေးကြော်သံကို ကြားသိကြရ၍ အလွန် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်လာကြ၏။

သူတို့လည်း လူ နတ်တို့ကဲ့သို့ ထိုအချိန်ပိုင်းတွင် အသိဉာဏ်ဝင်လာကာ ဗြဟ္မဝိဟာရတရားကို အလောတကြီး ကိုယ်စီ ကျင့်သုံးနေတတ်ကြသည် ဆို၏။

ပါဏာတိပါတကံ-စသော မကောင်းမှုမျိုး၊ အချင်းချင်း နှိပ်စက်ခြင်း, မနာလိုဝန်တိုခြင်း စသော ဒုစရိုက်အကျင့်ယုတ်မျိုး လုံးဝကင်းစင်နေကြ၏။

လောဘ, ဒေါသ, မောဟ, မာန, ကောဓ-စသော စိတ်ကြမ်း စိတ်ယုတ်မျိုးဟူသမျှ ဘယ်သတ္တဝါတို့၏ သန္တာန်မှ ကိန်းဝပ်ခြင်း မရှိတော့ချေ၊ ကြောက်လန့်

www.dhammaransi.com



စိတ် ကြီးမားသောအဟုန်ကြောင့် စိတ်ယုတ်တွေ ချုပ်ငြိမ်း ကင်းစင်နေကြသည်။

အချုပ်မှာ သက်ရှိ နတ်လူသတ္တဝါအားလုံးတို့သည် ဗြဟ္မာ့ဘုံရောက်နိုင်ကြောင်း တရားလေးပါးမှလွဲ၍ အခြား အားကိုးစရာ မရှိတော့ဟူသောအသိဖြင့် ဗြဟ္မစိုရ်တရား လေးပါးကိုသာ မြဲမြံစွာ ထိရောက်အောင် လက်တွေ့ ကျင့်သုံးနေကြသည်။

ထို့ကြောင့်ပင် သေတိုင်း သေတိုင်း ကုန်သော နတ် လူ သတ္တဝါအားလုံးတို့သည် အပါယ်လေးဘုံမှ ကျွတ်လွတ်၍မိမိတို့ ကံအကျိုးပေးထိုက်သည့် အားလျော်စွာ အထက် နတ်ဗြဟ္မာဘုံများသို့ ကပ်ရောက်ကြကုန် ၏။

အကုသိုလ်ကံကြီးမား၍ ငရဲဘုံ ပြိတ္တာဘဝတို့မှ မလွတ်နိုင်ကြသေးသူတို့သည်လည်း ရှေးရှေးဘဝတို့၌ သူတို့ပြုခဲ့ဖူးသော အပရာပရိယ ဝေဒနီယခေါ်သော အတိတ်ဘဝမှကုသိုလ်ကံဟောင်းတို့က လာရောက် ထောက်ပံ့ပေးမှုကြောင့် ငရဲဘဝ, ပြိတ္တာဘဝမှ ကျွတ် လွတ်ကြရမြဲ ဖြစ်သည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



ဤ၌တွင် ထိုက်သည့်အားလျော်စွာဆိုသည်မှာ နတ်လူနှင့် အပါယ်သား သတ္တဝါတို့သည် ကမ္ဘာဖျက်မီးကြီးကို ကြောက်ကြ၍ ဗြဟ္မဝိဟာရတရား လေးပါးကို အားကိုးပြု လိုက်နာကြသည်။ ထိ ရောက်အောင် တကယ် လေးလေးစားစား ကျင့်ကြံအားထုတ်ကြသောကြောင့် နတ်နှင့် လူအများတို့သည် ဈာန်ရကြ၍ အထက်ဗြဟ္မာဘုံသို့ ရောက်သွားကြ၏။

သို့ရာတွင် နတ် လူအားလုံး ဈာန်ရကြသည် မဟုတ်ပါ။ ဈာန်မရကြသော နတ် လူ အချို့တို့ကား ဗြဟ္မာ့ဘုံသို့ မရောက်နိုင်သေးခင် အထက် နတ်ဘုံခြောက်ထပ်သို့ ရောက်သွားကြ၏။

အပါယ်လေးဘုံသားတို့ကား ထိုထို မိမိတို့ဖြစ်တည်နေရာ ဘုံဘဝမှ လွတ်မြောက်ကြပြီး လူ့ဘဝနှင့် နတ်ဘုံတို့သို့ ရောက်လာကြ၏။

လူ့ဘုံဘဝ ဖြစ်လာကြသော သတ္တဝါတို့သည် ဗြဟ္မစိုရ်တရားကို အားကက်သရော ကျင့်သုံး နေထိုင်ကြ၍ စုတေသောအခါ အထက် နတ်ဘုံတို့သို့ ရောက်သွားကြ၏။

www.dhammaransi.com

# (၃၈) မေတ္တာစွမ်းအား လက်တွေ့အကျိုးများ

နတ်ပြည်ခြောက်ထပ်သို့ ရောက်ပြီးကာမှ ဝါယော ကသိုဏ်းကို စီးဖြန်းကြပြီးလျှင် ဈာန်ကိုဖြစ်စေ၍ အထက် ဗြဟ္မာဘုံသို့ တစ်ဆင့် ကူးကြရလေသည်။

ကမ္ဘာကြီး ပျက်ခါနီးဆဲဆဲတွင် လူ့ဘုံနှင့် အပါယ် လေးဘုံတို့၌ သက်ရှိသတ္တဝါတို့ မရှိကြတော့ချေ။ နတ်ဘုံ ခြောက်ထပ်နှင့် ပထမဈာန် ဗြဟ္မာ့ဘုံတို့မှလည်း ထိုနည်း တူပင် ကမ္ဘာမီးကြီးလွတ်ရာ အထက် ဗြဟ္မာ့ဘုံများသို့ ရွှေ့ပြောင်း ရောက်သွားကြ၍ သက်ရှိသတ္တဝါ မရှိတော့ ပါ။ အဆိုပါဘုံတွေအားလုံး သတ္တဝါ ဆိတ်သုဉ်းနေ ကြ၏။

ကမ္ဘာဖျက်မီးသည် ပထမဈာန် ဗြဟ္မာဘုံများတိုင် အောင် လောင်ကျွမ်း၏။

ထို့ကြောင့် ထိုအချိန် ထိုကာလအတွင်း သတ္တဝါ အားလုံးသည် မိမိတို့ဖြစ်တည်ရာ ဘုံများကို စွန့်ခွာ၍ အထက်ဗြဟ္မာဘုံများသို့ ကပ်ရောက် ဖြစ်တည်နေကြ ရ၏။

ဤသဘာဝ ထုံးတမ်းကိုခြုံ၍ ပြောရလျှင် တစ် ကမ္ဘာ၏ သက်တမ်း လေးဘုံတွင် သုံးဘုံသောကာလ

www.dhammaransi.com



ရှည်ကြာသမျှ အချိန်အားလုံးအတွင်းမှာ တို့ သူငါ သတ္တဝါအားလုံးသည် ဒုတိယဈာန် ဗြဟ္မာဘုံ စသည်တို့၌ နေကြရမြဲတည်း၊ အာဘဿရာဘုံ၌ အချိန်ကြာကြာ နေကြရမြဲတည်း။

ကာမ တစ်ဆယ့်တစ်ဘုံတို့၌ သတ္တဝါတွေ ပျော်ပါး မွေ့လျော်နေတတ်ကြသည် ဆိုကြသော်လည်း အချိန်ကာလနည်း၏၊ ဒုတိယဈာန် ဗြဟ္မာ့ဘုံ၌ နေကြသည်က အချိန်အကြာဆုံးဖြစ်၏။

ဤကား အလျဉ်းသင့်ခိုက် ကမ္ဘာပျက်ချိန်ရောက်တိုင်း သတ္တဝါအားလုံး တစ်စုတစ်ပေါင်း သဘာဝ ဏူညီကြပုံနှင့် ဘယ်ပုံဘယ်နည်း ကိုယ့်အားကိုယ်ကိုး၍ ဘယ်ဆီ ဘယ်ဌာန၌ နေကြကြောင်း ဗဟုသုတရရှိကြရန် ဖော်ပြခြင်းဖြစ်၏။

လူအချို့ ပြောဆိုလေ့ရှိကြသော 'အဘယ်ဘာသာ ယူယူ ကမ္ဘာပျက်သောအခါ ဗြဟ္မာဘုံရောက်ကြသူချည်းပါ' ဟူသော စကားသည် အထက်ပါဖြစ်ရိုးထုံးစံကို ပြောဆိုခြင်းဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



သတ္တဝါတို့မည်သည် အရေးကြုံက သက်လုံကောင်းကြမြဲဖြစ်ရာ ကမ္ဘာပျက်တော့မည့် အရေးကြုံလာသောအခါ ဗြဟ္မာဝိဟာရ တရားလေးပါးကို အားကိုးပြုကြရမြဲဖြစ်၏။ ထိုရောက် ပေါက်မြောက်အောင် တကယ်လက်တွေ့ကျင့်သုံးလျှင် တကယ် ခရီးရောက်ကြောင်းကိုလည်း သိစေကြောင်း ဖြစ်သတည်း။

## (၃) ဘုရားထောင်နေ

ပေါရာဏ သီတံ လက်ာတွင် ဘုရားထောင်နေ ဆိုသည်မှာ လူ့လောက၌ ဘုရားပွင့်တော်မူလာမည့် အချိန်ရောက်လျှင် နှစ်ပေါင်းတစ်ထောင်မှ ကြိုတင်၍ 'လူ့လောက၌ အတုမရှိသော မြတ်စွာဘုရားသခင် ပွင့်ပေါ်တော်မူလာတော့မည်တဲ့' ဟူသော ကောလာဟလ သတင်းစကားတွေ ဖြစ်ပေါ်လာမြဲဖြစ်၏။

လူ့လောက၌ ထိုစကားကို တစ်ဆင့်စကား တစ်ဆင့်ကြား၍ လူအချင်းချင်း နှစ်သက်အားရစွာ တွင်တွင်ကြီး ပြောဆိုနေလေ့ရှိကြ၏။ လောကဗျူဟာနတ်များက ကြွေးကြော်ခြင်းတော့မဟုတ်ပါ၊ သို့ရာတွင် နတ်များက

www.dhammaransi.com



ကြိုတင်သိကြ၍ လူတို့သိကြရန် နတ်များက စတင်လွှင့်ကြခြင်းဖြစ်၏။

## (၄) မောနေယျမှာ ဆယ့်ခုနစ်

ထိုနည်းတူပင် မောနေယျ ကျင့်သော ပုဂ္ဂိုလ်ထူးဖြစ်ပေါ်လာချိန် နီးကပ်လာလျှင် ၁၇-နှစ်တာကာလမှ ကြိုတင်၍ 'မောနေယျပုဂ္ဂိုလ် ဖြစ်ပေါ်လာတော့မတဲ့' ဟူ၍ ဆိုကြ၏။

## (၅) တစ်ဆယ့်နှစ်နှစ်မှာ မင်္ဂလာ

ဘုရားရှင် ဟောကြားတော်မူမည့် မင်္ဂလာတရားတော် ဖြစ်ပေါ်လာမည့်အချိန် နီးကပ်လာလျှင် ၁၂-နှစ်တာကာလမှ ကြိုတင်၍ 'မင်္ဂလာ ဆိုတဲ့ တရားတော်ဖြစ်ပေါ်လာတော့မတဲ့'ဟူ၍လည်း လူ့လောက, နတ်လောကတို့၌ သတင်းကောင်း သတင်းထူးအနေဖြင့် ကောလာဟလစကားတွေ လှိုင်လှိုင်ကြီး ပြောလာတတ်ကြ၏။

အမျိုးမျိုးကြံဆ၍ ကိုယ်ထင်ရာ တွေးတောကြ, အဆင့်ဆင့်ပြောကြ ဟောကြမြဲဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com

# (၄၂) ဆရာတော်ကြီး ဦးဥတ္တမသာရ


ဤအကြောင်းများကား စကားအလျဉ်းသင့်၍ သိတံလက်ာပါသမျှ အကြောင်းအရာ၏ ဆိုလိုချက်ကို ဗဟုသုတရကြစေရန် ဖော်ပြခြင်း ဖြစ်သတည်း။

ဤဆောင်းပါး၌ ဆိုလိုရင်းမှာ မေတ္တာတရား အကြောင်း ဖြစ်၏။

မေတ္တာတရားကို စိတ်ဝင်စားစွာ လေးလေးစားစား လက်တွေ့ကျင့်သုံး၍ စိတ်စေတနာ ထက်သန်စေ၍ ကြည်နူး လိုက်လှဲစွာ ပွားများနေခဲ့လျှင် ဦးစွာ ရမည့်အကျိုး ကား သူတစ်ပါး မချမ်းသာရသေးခင် ပွားများသူ မိမိ က အလျင် စိတ်ချမ်းသာခြင်းဖြစ်၍ ခံစားနေရ၏။

*

www.dhammaransi.com



# အလွယ်ဆုံး မေတ္တာဖြန့်ပွားနည်း

မေတ္တာပို့နည်းဟု ခေါ်ဆိုကြသော ဗြဟ္မဝိဟာရ ပွားနည်းကို ဖော်ပြမည်။

ရှေးဦးစွာ မေတ္တာဖြန့်ပွားနည်းကို ညွှန်ပြပါမည်။

'သတ္တဝါအားလုံး
ကိုယ်စိတ်နှစ်ဖြာ
ချမ်းသာကြပါစေ . . .

ဟူ၍ နှုတ်ဖြင့် အသံထွက် ရွတ်ဆိုပေးနေပါ၊ ကြိမ်ဖန်အထပ်ထပ် ရွတ်ဆိုနေရမည်၊ စိတ်အာရုံက တစ်ပိုတစ်ပါးသို့ လွင့်ပါးမနေစေရ၊ သတ္တဝါတွေ ကိုယ်, စိတ်ချမ်းသာ နေစေရန်သာ လိုလား စိတ်ဝင်စားနေရမည်။

အစပိုင်းတွင် အလေ့အကျင့် အားနည်းနေသေး၍ အသံထွက် ရွတ်ဆိုပေးရခြင်း ဖြစ်သည်။

ရွှေလဝင်းစာပေ

www.dhammaransi.com

# (၄၄) ဆရာတော်ကြီး ဦးဥတ္တမသာရ

သတ္တဝါအားလုံးဆိုသော စကားတွင် ဗြဟ္မာ၊ နတ်လူနှင့် အပါယ်လေးဘုံသား အားလုံးပါဝင်ကြသည်။ သတ္တလောကကြီး တစ်ခုလုံး၌ ရှိသမျှသော သက်ရှိသတ္တဝါအားလုံးကို သိမ်းကျုံးယူဆောင်သော အကျဉ်းချုပ်စကားဖြစ်၏။

ဤအခြေခံပွားနည်းကို ရက်အနည်းငယ်ရအောင် ရပ်တည်ပြီးနောက်တွင် ထိုထက် ပြည့်စုံအောင် ရွတ်ဆို ပွားများတတ်ရမည်။

'စကြဝဠာအနန္တ၌ ရှိကြကုန်သော နတ်၊ လူ
သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ၊ ဆင်းရဲ
ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ'

ဟူ၍ အသံထွက် ရွတ်ဆို ပွားများနေပါ၊ ဤကား မြန်မာစကားပြေဖြင့် အလွယ်ဆုံး မေတ္တာပို့နည်း ဖြန့်ပွားနည်း ဖြစ်၏။

*

www.dhammaransi.com



# စကြဝဠာအကြောင်း

ဤ စကြဝဠာကဲ့သို့ လေးကျွန်း တစ်မြင်းမိုရ် စကြဝဠာတွေကား ရေတွက်၍မဆုံးနိုင်အောင် သင်္ချေ သင်္ချာ ရှိကြ၏။ အဆုံးမရှိသော အစမရှိသော စကြဝဠာများကိုပါ သိမ်းကျုံး၍ စကြဝဠာအနန္တ ဌ ရှိကြကုန်သော ဟူ၍ ဆိုခြင်းဖြစ်သည်။

နတ်ဆိုသောစကားတွင် ဗြဟ္မာကိုပါ နတ်တွင် တစ်ပေါင်းတည်း သုံးသပ်ယူသည်ဟု နားလည်ပါ။

ဤ၌ သတ္တဝါအားလုံးဆိုသော စကားပိုသည့် အပါယ်လေးဘုံသားဖြစ်ကြသော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တို့ကို သုံးသပ်ရည်ညွှန်းသည်ဟု မှတ်ပါ။

## စကြဝဠာတိုက်တစ်သောင်း တည်နေပုံ

စကြဝဠာတိုက်တွေ တည်နေဟန် ပုံသဏ္ဍာန်ကို သိလိုကြောင်း မေးကြ၍ ဤနေရာတွင် ဖော်ပြပါမည်၊

www.dhammaransi.com

# (၄၇) ဆရာတော်ကြီး ဦးဥတ္တမသာရ

လေးကျွန်း တစ်မြင်းမိုရ် စကြဝဠာတစ်ခုကို အပေါ်မှစီးကြည့်လျှင် ရေပြင်ကြီး ခြံဝိုင်းခတ်ထားပုံနှင့် တူပေမည်။ အမှန်မှာ ကျောက်တံတိုင်းကြီး ပတ်လည် ဝိုင်း၍ ခြံခတ်ထားခြင်းဖြစ်၏။

ထိုခြံဝိုင်းထားသော ရေပြင်ကျယ်ကြီး၏ အလယ် ဗဟို မြင်းမိုရ်တောင်ကြီးတစ်ခု ရှိနေရာအမြင့်မှာ ရေထဲ နစ်မြုပ်နေသည်ကား ယူဇနာ ၈၄၀၀၀၊ ရေပေါ်၌ ၈၄၀၀၀ ရှိ၍ ယူဇနာပေါင်း ရစ်သောင်းလေးထောင် နစ်ပြန်ဆောင်သော တောင်မင်းမြင်းမိုရ်ဟု ပြောဆိုရိုး ပြုကြ၏။

မြင်းမိုရ်တောင်ကြီး၏ အရှေ့ဘက်၌လည်းကောင်း၊ တောင်ဘက်၌ လည်းကောင်း၊ အနောက်ဘက်၌ လည်း ကောင်း၊ မြောက်ဘက်၌လည်းကောင်း လူတို့ နေထိုင်ကြရန်အတွက် ကျွန်းကြီး တစ်ကျွန်းကျစီ ပေါ် ထွက် တည်ရှိနေကြ၏။

ဤဇမ္ဗူဒီပါကျွန်းသည် တောင်ဘက်၌ တည်ရှိ၏။

စကြဝဠာ တစ်ခုအတွင်း၌ ကျွန်းကြီးလေးကျွန်းနှင့် မြင်းမိုရ်တောင်ကြီးတစ်ခု တည်ရှိနေခြင်း ပုံမှန်ဖြစ်သော

www.dhammaransi.com



ကြောင့် ထိုသဘာဝကို အစိကထား၍ 'လေးကျွန်း တစ်မြင်းမိုရ်၊ စကြဝဠာအနန္တ'ဟု ခေါ်ဆိုရိုးပြုကြသည်။

ထိုကျွန်းများ၏ အခြံအရံကျွန်းငယ်ပေါင်း ၅၀၀-စီ တည်ရှိကြပြန်သောကြောင့် ကျွန်းငယ် (၂၀၀၀)နှစ်ထောင် အရံရှိသော ကျွန်းကြီးလေးကျွန်းနှင့် စကြဝဠာ တစ်ခုဟူ၍ ပြောဆိုကြသေး၏။

မြင်းမိုရ်တောင်ကြီးအနီး၌ တောင်စဉ် ၇-ထပ် ရံပတ်လျက်ရှိကြရာ ထိုတောင်များ ပေါ်၌ စတုမဟာရာဇ် နတ်များနှင့် ဂဠုန်, ကုမ္ဘဏ်, ရက္ခိုသ်တို့ နေထိုင်ကြ၏။

အဆိုပါတောင်များနှင့် ကျွန်းကြီး, ငယ်များတည်ရှိရာမှ ကြွင်းသော အခြားနေရာအားလုံး၌ စကြဝဠာတံတိုင်း ကြီးအတွင်း သမုဒ္ဒရာရေပြင်ကြီးဖြစ်ရာ ဆားငန်ရည် အတိပြီး၏။

ထိုရေပြင်ကို လေးဘက်လေးတန်၌ ယူဇနာပေါင်း (၄၂၀၀၀)လေးသောင်း နှစ်ထောင် အမြင့်ရှိသော ကျောက်သား မဟာရံတံတိုင်းကြီး ဝိုင်းရံကာလျက်ရှိ၏၊ 'စကြဝဠာ တံတိုင်းကြီး'ဖြစ်သည်။ ဘယ်ဇာန်ခိုးရှင်ကမှ စီမံဖန်ဆင်း ထားခြင်းမဟုတ်၊ သဘာဝအလျောက် သယံဇာတ ဖြစ်တည်နေခြင်းတည်း။

www.dhammaransi.com

# (၄၈) ဆရာတော်ကြီး ဦးဥတ္တမသာရ

ထိုစကြဝဠာတံတိုင်းကြီးကား လေးထောင့်မဟုတ်ပါ၊ ဝိနယပိဋကတ်၊ သာရတ္ထဒီပနီ ဋီကာကျမ်း၌ ပါရှိချက်အရ ညီညာပြေပြစ်သော အဝိုင်းကြီးဖြစ်၏။

ယခုခေတ်တွင် ကမ္ဘာလုံးဟု အပြောများနေကြသော်လည်း ဗုဒ္ဓဘာသာ ပါဠိကျမ်းဂန်တို့၌ လုံးသည်ဟု အဆိုအမိန့် မရှိပါ၊ အဆင့်ဆင့် ကြားနာမှတ်သားခဲ့ရဖူးသော အာစရိယဝါဒကို ပြောရလျှင် ကမ္ဘာဝိုင်းကြီးဟု ပြောဆိုရပေမည်။

ပထဝီမြေပုံများတွင် ဗျာန်အဘိညာဉ်ရ တန်ခိုးရှင်တို့သာ ရောက်နိုင်ကြသော ကျွန်းကြီးလေးကျွန်း, မြင်းမိုရ်တောင်, စကြဝဠာတံတိုင်းကြီးတို့ကို ဖော်ပြသည်များ မရှိကြပါ၊ မိမိတို့ နေထိုင်လျက်ရှိကြသော ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း တစ်ခုအတွင်းမှ ကျွန်းများ, တောင်များကိုသာ ဖော်ပြထားခြင်းဖြစ်ကြသည်။

စုစုချုပ်ကိုပြောရလျှင် လူနှင့် သတ္တဝါအများတို့ နေထိုင်ရာ ပထဝီ မြေပြင်လောကကြီးသည် ရေပြင်က အကျယ်ဆုံးဖြစ်၏။ ရေပြင်ထဲမှ ပေါ်ထွန်းနေသော ကျွန်းများနေရာ ကြိုးကြား၌ရှိကြ၍ ထိုထိုကျွန်းမြေများ ပေါ်၌ လူတွေ တက်ရောက်နေထိုင်ခြင်း ဖြစ်သည်။

www.dhammaransi.com



## စကြဝဠာအနန္တ – သတ္တဝါအနန္တ

စကြဝဠာတွေများပုံကို ပြောပြရလျှင် ဖော်ပြခဲ့သော စကြဝဠာ တိုက်တစ်ခုကဲ့သို့ အခြား အခြားသော လေးကျွန်း တစ်မြင်းမိုရ် စကြဝဠာတိုက်ဝိုင်းကြီးတွေလည်း များစွာ ရှိနေကြသေး၏။

တည်နေဟန် ထူးခြားချက်ကိုပြောရလျှင် ဟိုနေရာ တစ်ခု၊ သည်နေရာတစ်ခု စည်းလွတ် ကမ်းလွတ် တည်နေခြင်းတော့ မဟုတ်ပါ၊ အလယ်ဗဟို၌တည်နေသော စကြဝဠာတစ်ခုကို ပတ်လည်ဝိုင်း၍ အထပ်ထပ်ယှဉ်ကာ တည်ကြမြဲဖြစ်၏၊ ပဒုမ္မာကြာပွင့်ကြီးကဲ့သို့ တစ်တွဲလျှင် စကြဝဠာပေါင်း တိုက်တစ်သောင်းရှိကြ၏။

ထို့ကြောင့် ဖြစ်ဖော် ပျက်ဖက် စကြ ဝဠာပေါင်း တိုက်တစ်သောင်းဟူ၍လည်း ပါဠိကျမ်းဂန်တို့၌ ပြဆိုကြခြင်းဖြစ်သည်။

ဝေသာလီပြည်၌ ဘေးကြီး ၃–ပါးကျရောက်၍ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို သင်ပြပေး၍ ရတနသုတ်ပရိတ်တော်ကို ရွတ်ဆိုသောအခါတွင် စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် ပျံ့နှံ့သည်ဟု ပရိတ်ကြီးပါဠိတော်၏ နိဒါန်း၌ ပြဆိုထား၏၊

www.dhammaransi.com

# (၅၀) ဆရာတော်ကြီး ဦးဥတ္တမသာရ

ဖြစ်ဖော် ပျက်ဖက်ဆိုသည်မှာ ကမ္ဘာလောကကြီး ပျက်ချိန်တိုင် ရောက်လျှင် စကြဝဠာ တိုက်တစ်သောင်းလုံး တစ်ညီတစ်ညာတည်း မီးလောင်ပြီး ပျက်စီးသွားကြ၏။

တစ်ဖန် ဖြစ်တည်ချိန်ကျရောက်လျှင်လည်း တစ်ပြိုင်တည်း တစ်ချိန်တည်း ပြန်လည်တည်လာကြမြဲဖြစ်၏။ သဘာဝ၏ သဘောတရားကို ရှုဆင်ခြင်ကြည့်လျှင် အံ့ဩဖွယ်ရာဖြစ်သည်။

## အဆုံးမရှိသော စကြဝဠာတွေ

ဤ စကြဝဠာ တိုက်တစ်သောင်း၏ သဘာဝနည်းတူပင် အခြားသော ဖြစ်ဖော် ပျက်ဖက် စကြဝဠာ တိုက်တစ်သောင်းတွဲကြီး ရှိနေကြ၏။ အဘယ်မျှရှိနေကြသည်ဟု ရေတွက်၍မကုန်နိုင်အောင် များစွာတည်နေကြပုံ သဘာဝကလည်း အံ့ဩဖွယ်ရာဖြစ်၏။

ဤသဘာဝ၏ အံ့ဩဖွယ်ရာနှင့် စပ်လျဉ်း၍ မြန်မာပြည်တွင် ရှေးခေတ်လူကြီးတို့က ပြောလေ့ပြောထ ပုံပြင်ဝတ္ထုတစ်ခု ရှိခဲ့ဖူး၏။ စိတ်ဝင်စားဖွယ်ရှိ၍ အောက်တွင် ဖော်ပြလိုက်သည်။

www.dhammaransi.com



လွန်လေပြီးသော ရေးတစ်ချိန်က ဈာန်အဘိညာဉ်ရှင် ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးသည် စကြဝဠာတိုက်တွေကို ကောင်းကင်ခရီးမှ သွားလာရင်း မြင်တွေ့နေရခြင်းများလှ၍ အဘယ်မျှရှိလေသနည်းဟု သိနိုင်ရန် တစ်နေ့သ၌ မှန်ညင်းစေ့လေးတွေကို သပိတ်တစ်လုံးနှင့် အပြည့်ထည့်ပြီးလျှင် အဘိညာဉ်အဟုန်ဖြင့် ကောင်းကင်ခရီးမှ ကြွသွားကာ စကြဝဠာတစ်တိုက်လျှင် မှန်ညင်းတစ်စေ့ကျချခဲ့ရာ သပိတ်တစ်လုံးကုန်သွား၍ ပြန်ခဲ့၏၊ စကြဝဠာတိုက်တွေကား များစွာရှိနေကြသေးသည်ဆို၏၊ ရေတွက်၍မဆုံးနိုင်၊ လိုက်၍မဆုံးနိုင်အောင် ရှိကြပုံ၊ စကြဝဠာတိုက်တစ်သောင်းတွဲကြီးတွေ များပြားလှပုံကို ပုံထိုးပြကြသည်။

ဘုရားရှင်လက်ထက်တော်က ဈာန်အဘိညာဉ်ရှင်ဖြစ်သူ အရှင်ရောဟိတဿ ပုဂ္ဂိုလ်ထူးတစ်ပါး အနှစ်တစ်ရာကာလပတ်လုံး ကောင်းကင်ခရီးဖြင့်ကြွသွား၍ လောက၏အဆုံးကို ရှာကြံခဲ့ဖူး၏။

သို့သော် အနှစ်တစ်ရာပြည့်၍ စုတေပြီး နတ်သားဖြစ်ခဲ့ရသည်၊ သတ္တလောကကြီးဖြစ်သော စကြ ဝဠာ

www.dhammaransi.com



တိုက်များကား ကုန်ဆုံးသောအပိုင်းကို မတွေ့ရသေးချေ၊ နတ်ဘဝရောက်ခါမှ မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေးမြန်းလျှောက်ထားရာ 'လောက၏ဆုံးရာကို တစ်လံမျှလောက်သော မိမိ၏ခန္ဓာကိုယ်အတွင်း၌ရှာလေ၊ တွေ့လိမ့်မည်'ဟု မိန့်ကြား၍ တရားအမြင်ဖြင့်ရှာကာမှ လောက၏အဆုံးကို တွေ့ရသောဟူ၏။

ရှေးပညာရှိကြီးတို့က စကြဝဠာတွေ မဆုံးနိုင်အောင်ရှိပုံ ပညာရှိဥပါယ်ဖြင့် ထိုဝတ္ထုအကြောင်းနှင့်ယှဉ်ကာ လူအများ နားလည်သွားကြစေရန် ပုံထိုးပြခြင်းဖြစ်ပေမည်။

ထို့ကြောင့် ရေတွက်မကုန်နိုင်သော စကြဝဠာတိုက်တွေ အနန္တ၊ သတ္တဝါတွေအနန္တ၊ ပျက်လိုက် တည်လိုက်ဆက်တိုက်သွားနေသော ကပ်ကမ္ဘာတွေအနန္တဟူ၍ စာပေကျမ်းဂန်တတ် ဆရာတော်, သံဃာတော် အဆက်ဆက်တို့က တရားစကားဟောပြောကြ, ဆုံးမစကားတရားချနေကြခြင်း ဖြစ်၏။

စကြဝဠာတိုက်တွေ မဆုံးနိုင်ပုံကိုထောက်၍ သတ္တဝါတွေ များပြားပုံကိုလည်း သိနိုင်ကြပါမည်။


www.dhammaransi.com



မေတ္တာရှင် ယောဂီပုဂ္ဂိုလ်သည် မေတ္တာ စေတနာ ဖြန့်ပွား ပို့လွှတ်ရာ၌ ‘အဆုံး အပိုင်းအခြားမရှိသော စကြဝဠာ၊ အဆုံး အပိုင်းအခြားမရှိသော သတ္တဝါအားလုံးကို အာရုံပြု၍ ဖြန့်ပွားရ၏၊ သတ္တဝါအားလုံးတို့အပေါ် ချမ်းသာစေလိုသော စိတ်ရင်း စေတနာ ရင်ဝယ်ပိုက်ထားရမည်’ဟု ဆိုလိုခြင်းဖြစ်သတည်း။

အဆုံးအစမရှိသော စကြဝဠာအနန္တ လောကကြီး ရှိနေပုံ သိပါ။

*



www.dhammaransi.com

ပြဿနာ ဟူသမျှ မေတ္တာစိတ် တန်ခိုးကြောင့် ပြေငြိမ်း သွားစေမည်၊ ရန်မူနေသူကိုပင် ကြည်လင်အေးမြသော မေတ္တာစိတ်ဓာတ်ဖြင့် အလိုလို စိတ်ကျေအေး၍ မိတ်ဆွေကောင်းအဖြစ် ရောက်လာစေနိုင်၏။

www.dhammaransi.com

# မေတ္တာဗြဟ္မဝိဟာရပွားနည်း

## ပါဠိလို မေတ္တာပို့နည်း

မြန်မာပြည်တွင် ဘုန်းကြီးကျောင်းများ၌ အစဉ်အလာ ပါဠိလိုမေတ္တာပို့နည်းကို သုံးကြ၏။ ကျောင်းသား, ကိုရင်ငယ်များကို စတင် သင်ကြားပေးထားကြ၍ နှုတ်တက် ရွတ်ဆိုနေတတ်ကြရာ လူကြီးဘဝရောက်သည့်တိုင်အောင် အာဂုံဆောင်ထားနိုင်ကြ၏။

မေတ္တာပို့နည်း ဆိုရိုးမှာ–

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု။

ဤကား မေတ္တာလေးပါးကို တစ်ပေါင်းတည်း ဆိုနည်းဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com

 ဆရာတော်ကြီး ဦးဥတ္တမသာရ

ပုဂ္ဂိုလ်, သတ္တဝါနှင့် ယှဉ်ကပ်၍ မေတ္တာတစ်ပါးစီ တွဲကာ အစိတ်စိတ်ပွားနည်းများမှာ —

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊
သဗ္ဗေ သတ္တာ အဗျာပဇ္ဈာ ဟောန္တု၊
သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု၊
သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု။

ဟူ၍ တွဲရ၏။

ခပ်သိမ်းကုန်သော သတ္တဝါတို့ကို မေတ္တာတစ်ပါးချင်း တွဲပို့နည်းဖြစ်သည်။

ထိုနည်းအတူ–

သဗ္ဗေ ပါဏာ
သဗ္ဗေ ဘူတာ
သဗ္ဗေ ပုဂ္ဂလာ

စသည်ဖြင့် ပုဂ္ဂိုလ် တစ်ကျိပ်နှစ်ပါးတိုင်အောင် ရွတ်ဆိုနည်း ဤနမူနာ ပြပေးခြင်းဖြင့် သိနိုင်ကြပါမည်။

ဤညွှန်းတမ်းတွင် အလွယ်ဆုံးနည်းကိုသာ ရေးပြသွားပါမည်၊ ပါဠိလိုရွတ်ဆိုနေစဉ် ဆိုလိုချက် မြန်မာစကားအဓိပ္ပာယ်ကိုပါ သိရှိနားလည်ပြီး စိတ်အာရုံတွင် ညွတ်နူးနေစေရမည်။

www.dhammaransi.com



အောက်တွင်မေတ္တာလေးပါးကို ရှင်းပြပါမည်-

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အဝေရာ၊ ဘေးရန် မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

ဤကား မေတ္တာတစ်ပါးဖြစ်၏။

အဗျာပဇ္ဈာ၊ စိုးရိမ်ကြောင့်ကြ မရှိကြ ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန် သတည်း။

ဤကား မေတ္တာတစ်ပါးဖြစ်၏။

လူတို့စိတ်သည် ဘေးရန်ရှိနေလျှင်, စိုးရိမ်ကြောင့်ကြ ရှိနေလျှင် ချမ်းသာမှုမရနိုင်ပါ၊ မပျော်ပိုက်နိုင်ပါ၊ အိပ်၍လည်း မပျော်၊ နေထိုင်ရမှုလည်း မကြည်လင်နိုင်ပါ၊ ဘယ်နေရာမှ ကြည်လင်ချမ်းမြေ့စိတ် မရှိတော့ပါ။

ထို့ကြောင့် ဘေးရန်ကင်းကြပါစေ၊ စိုးရိမ် ကြောင့်ကြ ကင်းကြပါစေဟူ၍ မိမိကိုယ်၌ ခံစားရသကဲ့သို့ သူတစ်ပါးတို့အားလည်း ချမ်းသာစေခြင်းကို တကယ်လိုလားသော မေတ္တာစေတနာ ထားခြင်းဖြစ်သည်။ မေတ္တာစိတ်ညွတ်၍ ပတ္ထနာဆန္ဒပြုပေးခြင်းဖြစ်သည်။

ရွှေလဝင်းစာပေ

www.dhammaransi.com

# (၅၈) ဆရာတော်ကြီး ဦးဥတ္တမသာရ

တစ်နည်းအားဖြင့် မိမိ၏ ကြည်လင်ထက်မြက်သော အတွင်းစိတ်ဓာတ်ဖြင့် သူတစ်ပါးတို့အား ကူညီဖျန်းပက်၍ ချမ်းသာစေခြင်းအလုပ် မနောကံအားထုတ်ခြင်းတည်း။

အနိဿာ၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ
မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါ
စေကုန်သတည်း။

ဤကား မေတ္တာတစ်ပါး ဖြစ်၏။

ဆင်းရဲခြင်းအကြောင်းဆိုလျှင် ဘာကြောင့်ဖြစ်ရသော ဘာဆင်းရဲမျိုးမှ မကောင်းပါ၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ၂-မျိုးရှိရာတွင် စိတ်ဆင်းရဲခြင်းသည် အဆိုးဆုံးဖြစ်၏။

ယင်းသို့သော စိတ်ဆင်းရဲခြင်း, ကိုယ်ဆင်းရဲခြင်း မဖြစ်ကြပါစေနှင့်ဟူ၍ မိမိ၏ ကိုယ်စိတ်နှင့်မခြား တစ်သားတည်း ဖြစ်စေလိုသော စေတနာထူးဖြင့် ထက်မြက်စွာ စိတ်ရင်းမနောဓာတ်ကို ညွတ်စေ၍ ကူညီပေးခြင်းဖြစ်သည်၊ သတ္တဝါအများကို ကောင်းကျိုးချမ်းသာရအောင် မိမိ၏ စိတ်တန်ခိုး ညွတ်ပေးနေခြင်း သူတော်ကောင်း အလုပ်မြတ် ဖြစ်၏။

www.dhammaransi.com



သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်
ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ
ကုန်သတည်း။

ဤကား မေတ္တာတစ်ပါး ဖြစ်၏။

'နတ်လူ သတ္တဝါအားလုံး ဘာအနှောင့်အယှက်မှ မရှိကြပါစေကုန်လင့်၊ စိတ်အေးချမ်းမြေ့စွာ သူ့အလို အလျောက် နေနိုင်ကြပါစေ' ဟူ၍ စေတနာကောင်းဖြင့် တကယ် ဖြစ်စေလိုခြင်း မနောကံကို တိမ်းညွတ်၍ ပျံ့နှံ့စေသည်၊ မိမိ၏ အတွင်းနှလုံး စိတ်တန်ခိုး မေတ္တာဓာတ်ဖြင့် ပို့လွှတ်ပေးခြင်းဖြစ်သည်၊ အားလုံးပေါင်းလျှင် မေတ္တာ ၄-ပါး ဖြစ်၏။

သတ္တလောကကြီး တစ်ခုလုံး၌ရှိသမျှ နတ်, လူ သတ္တဝါအားလုံးတို့အပေါ်သို့ လွှမ်းခြုံ၍, ပျံ့နှံ့စေ၍ ဖြန့်ကြက်၍ စိမ့်ဝင်စေ၍ တကယ်ချမ်းသာစေလိုသော စေတနာဖြင့် လှိုက်လှဲစွာ ပို့လွှတ်နေခြင်းကို မေတ္တာ ဘာဝနာ ပွားသည်'ဟု ဆိုသည်။

ဤကဲ့သို့ တစ်ပါးသူတို့အား ချမ်းသာစေရန် မေတ္တာပို့လွှတ်နေစဉ် နတ်၊ လူ ဟူသောစကားအတွင်း၌

မိမိအတွက်လည်း ပါဝင်နေပြီးဖြစ်၏၊ ချမ်းသာစေခြင်း ဖြစ်သည်ဟု နားလည်ရမည်။

ထို့အပြင် ဈာန်အကြောင်းပြောရလျှင် မေတ္တာကမ္မဋ္ဌာန်းဖြင့် ဈာန်ရအောင် ပွားများအားထုတ်လျှင် စတုတ္ထဈာန်အထိ ရစေ ရောက်စေနိုင်၏။

အကျိုးတရားနှင့်စပ်၍ ပြောရလျှင် အနည်းဆုံး အကျိုးတရားမှာ ကိုယ်, စိတ် ကြည်လင်ချမ်းမြေ့စွာ နေရ၏၊ ဘုရားဟော တရားတော်နှင့်အညီ မေတ္တာအကျိုး ၁၁-မျိုးကို ရရှိခံစားရ၏။

ထိုအကြောင်းကို ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြသွားပါမည်။

ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မစိုရ် တရား ၃-ပါးကို ပွားများ အားထုတ်နည်းသည် မေတ္တာတရား အားထုတ်၍ ခိုင်မာနေလျှင်၊ သို့မဟုတ် အခြေခံ ရထားပြီးဖြစ်လျှင် ကရုဏာစေတောဝိမုတ္တိကို လည်းကောင်း၊ မုဒိတာ စေတောဝိမုတ္တိကို လည်းကောင်း သတ္တဝါတို့အပေါ်၌ စိတ်ညွတ်၍-လွှမ်းခြုံ၍-ဖြန့်ကြက်၍ လွယ်ကူပါသည်။ နည်းလမ်းကို အောက်၌ ဆက်လက် ဖော်ပြသွားပါမည်။

၀၀၀

www.dhammaransi.com

# ကရုဏာ ဗြဟ္မဝိဟာရပွားနည်း

ကရုဏာပွားနည်း ဆိုရိုးမှာ-

ဒုက္ခာ မုစ္စန္တု၊

ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊

ကင်းလွတ်ကြပါစေကုန်သတည်း။

ဤကား ကရုဏာ ဗြဟ္မဝိဟာရပွားနည်း ဖြစ်၏။

ကရုဏာ၏ သဘာဝသည် သတ္တဝါတို့အပေါ်၌ သနားခြင်းစေတနာကို ရှေးရှုသော စေတောဝိမုတ္တိ တရားဖြစ်သည်၊ လိုက်လံ့စွာ ကြင်နာသနားခြင်းရှိ၍ ဒုက္ခမှကင်းလွတ်စေလိုခြင်း စေတနာကအဓိကဖြစ်စေရ သည်။ စိတ်ထားနည်း, စေတနာထားနည်းကို အထုံပါ အောင် လေ့လာပေးနေလျှင် ရလွယ်သည်။ ပျော်မွေ့၍ စိတ်ဝင်စားလာပါမည်။

ကိုယ်တိုင်သိသော စိတ်သဘာဝကိုပြောရလျှင် ဤအရှင်သည် သတ္တဝါတို့ကို ကြင်နာသနားရာ၌ စိတ် စေတနာဖြစ်ပေါ်လာမှု အလွန် လွယ်ကူတတ်ပါသည်၊ ရှေးအတိတ်ဘဝ အဆက်ဆက်တို့က မေတ္တာ, ကရုဏာ, စိတ်ဓာတ်ပါရမီ အထုံ ရင့်ကျက်ခဲ့သောကြောင့်ထင်၏၊

www.dhammaransi.com

## (၆၂) ဆရာတော်ကြီး ဦးဥတ္တမသာရ

မည်သူ့ကိုဖြစ်စေ၊ မည်သည့် သတ္တဝါကိုဖြစ်စေ ကရုဏာ စိတ် ဖြန့်၍ရ၏၊ လိုက်လုပ်မှုသည် အားကောင်း၏၊ အမှန် သဘာဝမှာ ပွားများမှု အလေ့အထုံဖြစ်ပါသည်။

သေက္ခတောင် ဆရာတော် ဦးတိလောက ရေးသားတော်မူသော **'ပဏ္ဍိတ ဝေဒနီယ ဒီပနီကျမ်း'** တွင် မေတ္တာဖြန့်ပွား၍ မရသူ တစ်စုံတစ်ဦးအပေါ်၌ ကရုဏာ ဖြန့်ပွား၍လည်း မရနိုင်ဟု ရေးသားပါရှိသည်။

ဤအရင် ကိုယ်တွေ့ စမ်းသပ်ကြည့်ရာမှာ ယင်းသို့ မဟုတ်ပါ၊ မေတ္တာဖြန့်ပွား၍ မကြည်လင်သူအပေါ်၌ ကရုဏာစိတ် ပြောင်း၍ ပွားလျှင် အလွယ်ပင် ကြည်လင် တတ်၏။။

ဥပမာ- မိမိအား ဒုက္ခပေးနေသူကိုဖြစ်စေ၊ စိတ် အနှောင့်အယှက် ပေးနေသူကိုဖြစ်စေ တွေ့ကြုံနေရလျှင် ခံရသူက သာမန်ပုထုဇဉ်စိတ်ထား ရှိနေပါက ထိုနှောင့်ယှက်သူကို မိမိဖြန့်ပွားပေးသော မေတ္တာ စေတနာ ရှုံးရောက်စေရန် ရောင်တခင် လွယ်ကူနိုင်မည်မဟုတ်ပါ၊ မိမိဘက်မှ-

www.dhammaransi.com



- ဒေါသ,
- မာနစိတ်

ခံနေသောကြောင့် ဖြစ်သည်ဟု နားလည်ရမည်။

ထိုအခါမျိုးတွင် မိမိ၏စိတ်ကို အခြေအနေ မှု ပြောင်းပေးရမည်။

- ကိုယ်ချင်းစာတရားဖြင့်လည်းကောင်း၊
- မမြဲသော အနိစ္စဝိပဿနာဖြင့်လည်းကောင်း၊
- ဒုက္ခ ဝိပဿနာဖြင့်လည်းကောင်း၊
- အနတ္တ ဝိပဿနာဖြင့်လည်းကောင်း၊
- အသုဘ ကမ္မဋ္ဌာန်းဖြင့်လည်းကောင်း

မိမိစိတ် အကျွမ်းဝင်များရာ တစ်ခုခုကို ပိုင်နိုင်အောင် နှလုံးသွင်းယူရမည်။

ဤသို့ ပြုပြင်ဖန်များလာသောအခါ မိမိ၏စိတ် ထိန်းကျောင်းနည်းကိုပါ တတ်ကျွမ်း နားလည်လာလိမ့်မည်။

ဤတွင် ဥပမာအနေဖြင့် နည်းပေးမည်။

ရှေးဦးစွာ ကိုယ်ချင်းစာတရား ထားရ၏။

ကိုယ်ချင်းစာတရားသည် သိမ်မွေ့၏၊ သူ့ဘက်

www.dhammaransi.com



ကိုယ့်ဘက် သက်ညှာစွာ အမြင်မှန်ရောက်စေ၏၊ ကြမ်းချင်၊ ရမ်းချင်သော စိတ်မိုက်ကို ဆုပ်ကိုင်နိုင်၏။

'ငါသည် သူတစ်ပါးကို မချမ်းသာအောင် စိတ်အနှောင့်အယှက်ပေးချင်စိတ် ဝင်နေလျှင် ငါလဲမချမ်းသာ၊ သူတစ်ပါး ဆင်းရဲမရောက်ခင် ငါ၏ စိတ်ဒေါသဝေဒနာ ခံစားရခြင်းက ဦးစွာဖြစ်နေရဖူးတယ်၊ သူလဲ ဒီလိုပဲ စိတ်ဆင်းရဲမှု ခံစားနေရမှာပဲ၊ သနားစရာ သတ္တဝါမိုက်တစ်ဦးပါ၊ သည်ဒုက္ခမှ ကင်းလွတ်ပါစေသတည်း'

ဟူ၍ ဖြစ်စေ-

'သူသည် သံသရာဝဋ်ထဲ ကျင်လည်နေရတဲ့ ငါလို သတ္တဝါတစ်ဦးပဲ၊ သူလည်းမမြဲ....၊ ငါလည်းမမြဲ....၊ တစ်နေ့နေ့တွင် သေသွားရရှာမှာပဲ၊ စင်စစ် သနားစရာ မမြဲသော သတ္တဝါ ဖြစ်နေကြောင်း သူ သတိမထားမိလို့ ငါ့ကိုနှောင့်ယှက်ချင်စိတ် ဝင်နေခြင်းပါ'

ဟူ၍ အနိစ္စဝိပဿနာ သဘောဖြင့်ဖြစ်စေ-

www.dhammaransi.com



ထိုနည်းတူ–

'သူသည် သံသရာဝဋ်ဆင်းရဲထဲ တဝဲလည်လည် ဆင်းရဲခံနေရဆဲ သတ္တဝါတစ်ဦးသာပါ၊ ရေးကလဲ ခံခဲ့ရလုပြီ၊ နောင်လည်း ခံရဦးမှာပဲ၊ သနားစရာသတ္တဝါတစ်ဦး ငါ့ကို နှောင့်ယှက်ခြင်းဒုက္ခ မရောက်ပါစေနှင့်၊ သည်ဒုက္ခမှ လွတ်ကင်းချမ်းသာပါစေ'

ဟူ၍ ဒုက္ခဝိပဿနာ သဘောဖြင့်ဖြစ်စေ–

ထိုနည်းအတူ–

'ငါသည် ငါ့ကိုယ်ငါမပိုင်၊ သူ့သဘောအတိုင်း ဆောင်၍ သွားနေခြင်းကိုသာ လိုက်ပါနေသူတည်း၊ မအိုချင်သော်လည်း အိုခဲ့ရ၊ မနာချင်သော်လည်း နာခဲ့ရ၊ မသေချင်သော်လည်း သေရပေလိမ့်ဦးမည်သာတည်း၊ သူလည်းပဲ ဒီအတိုင်း ငါနှင့်ထပ်တူ အစိုးမရသော အနတ္တကောင် သတ္တဝါတစ်ဦးသာပင်၊ မသိတတ်၍ နှောင့်ယှက်သူနှင့် ခံရသူနှစ်ဦးစလုံး ကိုယ့်ကိုယ်ကို အစိုးမရကြသူချည်းသာတည်း၊ စင်စစ် သနားစရာ သတ္တဝါနှစ်ဦးသာမဟုတ်လော'

www.dhammaransi.com



## ဆရာတော်ကြီး ဦးဥတ္တမသာရ

ဟူ၍ အနတ္တဝိပဿနာ၏ ရုပ်သဘောကို ပေါ်လွင်လာအောင် ရှုဆင်ခြင် ကြည့်နည်းဖြင့်ဖြစ်စေ–

ထိုနည်းအတူ–

'ငါသည် နှစ်သက်ဖွယ်မရှိသော အသုဘရုပ်ကောင်ကြီးထဲ အသက်ဝင်၍ လှုပ်ရှားသွားလာနေရသူသာတည်း၊ သူလည်းပဲ ဒီပုံဒီနည်းအတိုင်းပင် အသုဘရုပ်ကောင်ကြီးကို သတိမမူဘဲ လှုပ်ရှားပြနေသူပင်တည်း၊ ဘာမှနှစ်သက်ဖွယ် မရှိ၊ တစ်နေ့သောအခါ ခန္ဓာကိုယ်ရုပ်ကောင်အသုဘကြီးကို သချိုင်းကုန်း၌ ပစ်ထားခဲ့ပြီး တစ်ခြားသောဘဝသို့ ပြောင်းသွားရှာရပေဦးမည်၊ စင်စစ် ငါလည်းပဲ သနားစရာ၊ သူလည်းပဲ သနားစရာ၊ မသာအချင်းချင်း မခံချင်စိတ် ဝင်နေစရာမလိုပါဘူး' ဟူ၍ ရုပ်ခန္ဓာကို အသုဘအမြင်ပေါက်အောင် ရှုဆင်ခြင် သုံးသပ်ကြည့်နည်းဖြင့် ဖြစ်စေ–

တကယ်သနားထိုက်သော သတ္တဝါတစ်ဦးအနေသို့ အမြင်မှန်ရောက်အောင် ရှုဆင်ခြင် သုံးသပ်ကြည့်ရာ၏။

www.dhammaransi.com



ဤသို့ကြည့်ရှုမြင်လာလျှင်စောစောကမခံချင်သော ဒေါသစိတ်၊ မခံမရပ်နိုင်သလို ရှိသော မာနစိတ် ပယောဂများ ကင်းစင်၍ လွင့်ပျောက်သွား ကြပုံကို တွေ့ ရမည်။

ထိုအခါ တိမ်ကွဲလျှင် နေရောင်ပေါ်လာသကဲ့သို့ စိတ်မိုက် ထွက်ခွာသွားလျှင် ထိုရန်မူသူကိုပင် လိုက်လှဲစွာ သနားကြင်နာစိတ် ထက်ကြပ်မကွာ ဝင်စားလာလိမ့်မည်။

ထို့ကြောင့်–

'မေတ္တာဖြန့်ပွား၍ ကြည်လင်စိတ် မဝင်စားသူ မျိုးတွေ့ ကြုံနေခဲ့ရလျှင် သနားထိုက်သော သတ္တဝါ အဖြစ် ကရုဏာပွားရမည်'

ဟု ညွှန်ကြား တိုက်တွန်းပါသတည်း။

## အနိဿာ နှင့် ဒုက္ခာ

ဤတွင် ထူးခြားချက်ကို ပြောပါမည်၊ မေတ္တာ လေးပါးတွင် ပါသော အနိဿာ– ဆင်းရဲခြင်းနှင့် ကရုဏာ အရာ၌ ဟောကြားသော ဒုက္ခာ– ဆင်းရဲခြင်း

www.dhammaransi.com



ဟူ၍ သံတူ ကြောင်းကွဲ နှစ်မျိုး ရှိနေရာတွင် သဘောထား ခြားနားချက် ရှိကြ၏။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို မြန်မာဘာသာပြန်ဆိုတော်မူသော ညောင်လေးပင် တောရ ဆရာတော်ဘုရားကြီးက အနီဃာပုဒ်ကို ဆင်းရဲခြင်းဟုမပြန်ပါ၊ ဘေးဥပဒ်ဟူ၍ ပြန်ဆိုထား၏။

'အနီဃာ၊ ဘေးဥပဒ် ကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း'

ဟု ခွဲခြား နားလည်ရပေမည်။

ကရဏာအရာ၌လာသော 'ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ ကင်းလွတ်ကြစေကုန်သတည်း'ဟူ၍ ရွတ်ဆိုပွားများရသော ဆင်းရဲခြင်းကား နေရာကျယ်ပြန့်၏။

'အို, နာ, သေရေး ဆင်းရဲ၊ အပါယ်ဘေးဒုက္ခဆင်းရဲ၊ ခြေ, လက်,နား, မျက်စိ စသော ကိုယ်လက်အင်္ဂါချွတ်ယွင်း ပျက်စီးရခြင်းဆင်းရဲ စသည်ဖြင့် ကံတရားဝဋ်တရားပါ သိမ်းကျုံးပါဝင်၏။

ဆင်းရဲဒုက္ခ တွေ့ကြုံခံစားနေရသော သတ္တဝါတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ သနားခြင်း ကရုဏာ

www.dhammaransi.com



စိတ်စေတနာထက်စွာဖြင့် ထိုဖိုဆင်းရဲမှ လွတ်ကင်းကြပါစေဟု ပို့လွှတ်ပေးသော မနောကံအလုပ်ဖြစ်၏။

ကာယကံမြောက်- ဝစီကံမြောက် ကူညီပေးခြင်းသည်လည်း ကရုဏာအလုပ်ပင် ဖြစ်ပါသည်။

မုဒိတာသည်-

မိမိ၏ စိတ်သန္တာန်၌ သတ္တဝါတို့ အပေါ်၌ ကြည်နူးဝမ်းသာမှု ပီတိသောမနဿ ဖြစ်နေစေရသော၊ ပစ္စည်းဥစ္စာမကုန်သော သဒ္ဒါတရား၏ကောင်းကျိုးရကြောင်းဟုဆိုရပါမည်။

www.dhammaransi.com

# ဘဝဇာတ်သိမ်းနည်း

- လူ၏ဘဝကို အရတော်စွာ ရောက်နေကြခိုက်မှာ နေနည်းတတ်ရုံနှင့် မပြီး၊ သေနည်းလည်း တတ်ရန်လို၏။
- ငါ၏ဘဝ နောက်ဆုံး သေသွားရမည့် အချိန် တွင် ဤကဲ့သို့ပင် 'မေတ္တာဘာဝနာ ပွားများနှလုံးသွင်းရင်း သာ ဝိညာဉ်ချုပ်သွားစေရမည်'ဟူ၍ သတိကြီးစွာဖြင့် ကြိုတင် မှုချထားကြပါ။

www.dhammaransi.com

(၇၁)

# မုဒိတာ ဗြဟ္မဝိဟာရပွားနည်း

မုဒိတာ ဘာဝနာပွားနည်းဆိုရိုးမှာ–

သဗ္ဗေ သတ္တာ ယထာ လဒ္ဓ သမ္ပတ္တိ
တော မာဝိဂစ္ဆန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊
သတ္တဝါ တို့သည်။ ယထာ လဒ္ဓ သမ္ပတ္တိ
တော၊ ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ။
မာဝိဂစ္ဆန္တု၊ မဆုတ်ယုတ်ကြပါစေကုန်
သတည်း–

ဟူ၍ ဖြစ်၏။

ဤကား မုဒိတာ ဗြဟ္မဝိဟာရပွားနည်းတည်း။

မုဒိတာသည် မိမိ၏ စိတ်သန္တာန်၌, သတ္တဝါတို့အပေါ်၌ ကြည်နူး ဝမ်းသာမှု ပီတိသောမနဿ ဖြစ်နေစေရသော၊ ပစ္စည်းဥစ္စာမကုန်သော သဒ္ဓါတရား၏ ကောင်းကျိုးရကြောင်းဟု ဆိုရပါမည်။

ရွှေလဝင်းစာပေ

www.dhammaransi.com

# (၇၂) ဆရာတော်ကြီး ဦးဥတ္တမသာရ

သူတစ်ပါးတို့ ကျန်းမာနေကြသည်ကိုလည်းကောင်း၊ ချမ်းသာနေကြသည်ကို လည်းကောင်း၊ တိုးတက်နေကြသည်, ကြီးပွားနေကြသည်, ကြွယ်ဝချမ်းသာနေကြသည်ကိုလည်းကောင်း၊ ရာထူး ဂုဏ်သိန် စည်းစိမ်ကုံလုံကြွယ်ဝ၍ ချမ်းမြေ့ကြည်သာ ကောင်းမွန်စွာနေနိုင်ကြခြင်း စသည်ဖြင့်လည်းကောင်း ကောင်းကျိုးချမ်းသာ အရာခပ်သိမ်းကို တွေ့မြင်ရ၍ဖြစ်စေ၊ ကြားသိရ၍ဖြစ်စေ မိမိကိုယ်တိုင် ခံစား စံစားနေရဘိသို့ ထပ်တူမခြား ဝမ်းမြောက်ခြင်း, ကြည်နူးခြင်း, နှစ်သိမ့်ခြင်း, ကျေနပ်အားရနေခြင်းစသော မုဒိတာတရားတွေမိမိ၏ စိတ်သန္တာန်ဝယ် တသိမ့်သိမ့်ဖြစ်ပွားနေရသော သဒ္ဓါဇောစေတနာဖြစ်စေရမည်။

'နတ်, လူ သတ္တဝါအားလုံး မိမိတို့ရအပ်ပြီးသော စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေကုန်သတည်း' ဟူ၍ ကျန်းမာခြင်း, ချမ်းသာခြင်း ကောင်းကျိုးအားလုံး တည်မြဲကြစေရန် မနောကံ မုဒိတာ စိတ်စေတနာကို လိုက်လှဲစွာ စေလွှတ်ပေးခြင်း, ပျံ့နှံ့စေခြင်း သူတစ်ပါးအတွက် ကောင်းကျိုးဆောင်သော ဘာဝနာအလုပ်ဖြစ်၏။

www.dhammaransi.com



'သူတစ်ပါးအကျိုးဆောင်က ကိုယ်အကျိုးအောင်၏' ဟူသော ဆောင်ပုဒ်အတိုင်း မိမိအတွက် ကောင်းကျိုး တစ်ပါတည်း ပါပြီးဖြစ်၏။ သူတစ်ပါးကောင်းစားသည်ကို အလိုလို မနာလို ဝန်တိုမိစ္ဆာဖြစ်တတ်ကြသော ဝါသနာစရိုက်ဆိုး တရားယုတ်ကို အငုတ်မပေါ်ရန် ပယ်ဖျက်ပြီး ဖြစ်စေလေသည်။

မိမိ၏စိတ်သဘာဝကို ပြောရလျှင် ဤအရှင်သည် မုဒိတာ ဗြဟ္မဝိဟာရတရား ပွားများအားထုတ်နေရခြင်း အလုပ်ကို မြတ်နိုးစွာ စိတ်ဝင်စား၏။ မေတ္တာဘာဝနာ ပွားများရခြင်းကဲ့သို့ ထပ်တူပင် ပျော်မွေ့လေ့ရှိတတ်သည်။

သူတစ်ပါး, လူအများ, နတ်အများပါ သတ္တဝါများအား ကျန်းမာ၍၊ ချမ်းသာ၍၊ ပညာ, ဥစ္စာ, တရားအသိအမြင် တိုးတက်၍၊ ကြီးပွားချမ်းသာ၍၊ ပြည့်စုံကြွယ်ဝ၍ နေသည်ကို ကြားသိရလျှင်, တွေ့မြင်ရလျှင် ဝမ်းမြောက်ကြည်နူး၍ နေတတ်၏၊ ဝမ်းသာ ကြည်နူး နှစ်သိမ့်စွာ ပျော်မွေ့နေရခြင်းလောက် စိတ်ချမ်းသာမှုမျိုး ရှားလိမ့်မည်ဟူ၍ပင် ထင်မှတ်မိတတ်သည်။

www.dhammaransi.com

## (၇၄) ဆရာတော်ကြီး ဦးဥတ္တမသာရ

အချို့သူတို့ ရေးသားကြသော စာအုပ် စာတမ်းများတွင် မုဒိတာစိတ် တကယ်ဖြစ်ပေါ်ရန် မလွယ်ကူကြောင်း၊ ဣဿာ, မစ္ဆေရစိတ် ဝင်လာတတ်ကြောင်း ဖတ်ရဖူး၏၊ အံ့ဩသလိုရှိရသည်။

ဤအရှင်၏ ကိုယ်တွေ့မှာ ယင်းသို့မဟုတ်ပါ၊ ဣဿာ, မစ္ဆေရစိတ် မဝင်ပါ၊ အလွန် စိတ်အာရုံ ပျော်မွေ့ဖွယ်ကောင်းသော ကမ္မဋ္ဌာန်းဖြစ်နေပါသည်။

သတ္တဝါတို့၏ စိတ်အာရုံ သဘာဝသည် အလေ့အကျင့်များရာဘက် ကျရောက်တတ်မြဲဖြစ်၏၊ စိတ်နေစိတ်ထား အခြေခံမှုများရာပေါ် မူတည်၍ မလွယ်ကူခြင်းဖြစ်ကောင်း ဖြစ်တန်ရာသည်။

ဗြဟ္မဝိဟာရတရားကို ပွားများခြင်း, အလေ့အကျင့်ပြုခြင်း, စွဲမြဲအားထုတ်ခြင်း ပါရမီဓာတ်ခံ အားနည်းသောကြောင့်လည်း မကြည်လင်မှု ဖြစ်နိုင်၏၊ တစ်ကြိမ်, နှစ်ကြိမ်ဆိုသလောက် စမ်းသပ်ကြည့်ရာတွင် စိတ်မဝင်စားရုံနှင့် လက်မလျှော့သင့်ပါ၊ ကြိမ်ဖန်များစွာ ပွားများအားထုတ်ဖို့ရန် လိုပါမည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



မည်သည့်ကမ္မဋ္ဌာန်းကိုဖြစ်စေ ဤသို့ပင် ဇွဲရှိရှိ ထပ်ကာထပ်ကာ အားထုတ်ကြရမြဲဖြစ်၏။

ဥပမာပြောရလျှင် ထင်းခုတ်သမားသည် ခုတ်နေရင်း ပုဆိန်၊ ဓားမ ပဲ့သွားရုံနှင့် အားလျှော့ခြင်းမပြုရ။ ပုဆိန်၊ ဓားမကို ထပ်သွေး၍ တစ်ဖန် အားထုတ် ခုတ်ဖြတ်သောအခါ ထိုသစ်ပင် ပြတ်ရာဘိသို့ နည်းယူရာ၏-တဲ့။

စိတ်ကို သမာဓိရအောင် သိမ်မွေ့စွာနှလုံးသွင်းပါ။ မိမိ၏ အတိတ်က ပါရမီဓာတ်ခံ နုသည်, ရင့်သည်ကို သိသာအောင် ပေါ်လွင်လာတတ်၏။

ထို့ကြောင့် ထပ်ကာထပ်ကာ ကြိုးစားကြပါဟု တိုက်တွန်းခြင်းဖြစ်သည်။

၀ ၀ ၀

www.dhammaransi.com

'သူ့ထိုက်နှင့်သူ့ကံပါ၊ သေချင်သေ၊ ရှင်ချင်ရှင်၊ ဂရုစိုက်နေရန်မလို၊ ဥပေက္ခာထားလိုက်တာပဲကောင်းတယ်' ဟူ၍ ပြောဆို လေ့ရှိကြ၏။ ထိုစိတ်ထားမျိုးသည် ဥပေက္ခာ ဗြဟ္မဝိဟာရစိတ် မဟုတ်ပါ။

www.dhammaransi.com





# ဥပေက္ခာ ဗြဟ္မဝိဟာရပွားနည်း

ဥပေက္ခာ ဗြဟ္မဝိဟာရပွားနည်း ဆိုရိုးမှာ ရှည်လျားစွာ မရှိပါ။

သဗ္ဗေ သတ္တာ ကမ္မဿကာ။
သဗ္ဗေ၊ ခပ်သိမ်းကုန်သော။
သတ္တာ၊ သတ္တဝါတို့သည်။
ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

ဤကား ဥပေက္ခာ ဗြဟ္မဝိဟာရ ဖြန့်ပွားနည်း ဖြစ်၏။

ဥပေက္ခာသဘောတရားသည် တစ်ဘာသာခြား၏။

အထက်ပါ ဗြဟ္မဝိဟာရ ၃-မျိုးတို့နှင့် လုံးဝ မတူညီပါ၊ ချစ်ခြင်း, သနားခြင်း, ဝမ်းမြောက်ခြင်း- သဘောတရားကို စွန့်ပယ်၏၊ သတ္တဝါများအပေါ်၌ အာရုံပြုရာ သုံးသပ်ရာတွင် ချစ်ခြင်း, မုန်းခြင်း, သနားခြင်း မရှိ၊ အလယ်အလတ် စိတ်အာရုံထား၍နေနည်း, ရှုဆင်ခြင် နေနည်း ဖြစ်သည်။

www.dhammaransi.com

 **ဆရာတော်ကြီး ဦးဥတ္တမသာရ**

ဘယ်ပုဂ္ဂိုလ်, ဘယ်သတ္တဝါ, အဘယ်သူကိုမျှ ရွက်၍ အထူးပြု အားထုတ်၍ မေတ္တာစိတ်ဖြင့်လည်းကောင်း၊ ကရုဏာစိတ်ဖြင့်လည်းကောင်း၊ မုဒိတာစိတ်ဖြင့်လည်းကောင်း ကြောင့်ကြ မစိုက်မူ၍ တည်ငြိမ်အေးချမ်းသော စိတ်အာရုံထားနေနည်းဟု ဆိုရပါမည်။ စိတ်အာရုံ အားထုတ်ရမှုမရှိ၍ ပေါ့ပါးစွာနေရ၏။

ထို့ကြောင့် အထက်ပါ ဗြဟ္မဝိဟာရ ၃-ပါးကို ပွားများအားထုတ်လျှင် စတုတ္ထဈာန်အထိ ဖြစ်စေပါသည်။

ဥပေက္ခာ ဗြဟ္မဝိဟာရကို ပွားများအားထုတ်ရာ၌ ပဥ္စမဈာန်အထိဖြစ်စေ, ရောက်စေ၏။

ဤ၌ ရှင်းပြရန်ရှိ၏၊ အရပ်သုံးစကား ပြောဆိုကြရာတွင်-

'သူ့ထိုက်နှင့် သူ့ကံပါ၊ သေချင်သေ၊ ရှင်ချင်ရှင်၊ ဂရုစိုက်နေရန်မလို၊ ဥပေက္ခာထားလိုက်တာပဲ ကောင်းတယ်'

ဟူ၍ ပြောဆိုလေ့ရှိကြ၏။ ထိုစိတ်ထားမျိုးသည် ဥပေက္ခာဗြဟ္မဝိဟာရစိတ် မဟုတ်ပါ၊ 'သည်လောက်မိုက်တဲ့လူ ဒုက္ခရောက်တာပဲ ကောင်းတယ်'ဟူ၍ ဆို

www.dhammaransi.com



သော စကားမျိုးနှင့် ထပ်တူဖြစ်၍ဒေါမနဿ နှလုံးသွင်း ဖြစ်ကြောင်း နားလည်ရမည်။

ဥပေက္ခာ ဗြဟ္မဝိဟာရ၏ ဆိုလိုရင်း သဘောတရားကား:-

-သတ္တဝါတို့ သံသရာတစ်ခွင် ကျင်လည်နေကြရပုံကို ကံတရားဖြင့် သုံးသပ်ကြည့်ရမည်ဖြစ်၏၊ ကောင်း, ဆိုး ယုတ်, မြတ်ကိုလည်း ကောင်း၊ ဆင်းရဲ, ချမ်းသာ ဖြစ်တည်နေကြပုံကို လည်းကောင်း ဘယ်သူမပြု မိမိမှု ကံတရား၏ အကျိုးပေးခြင်းခံကြရ, စံကြရခြင်း အကြောင်းကို မြင်လာအောင် သိမ်မွေ့ သောစိတ်အာရုံ နှလုံးသွင်း ဖြင့် အမှန်အတိုင်း ရှုကြည့် ဆင်ခြင်ရသော အလုပ်ဖြစ်၏။

-ဘုံဘဝ သံသရာလောကကြီးထဲ၌ တပြောင်းပြန်ပြန် ကျင်လည်နေကြရကုန်သော သတ္တဝါအားလုံးတို့သည် မိမိတို့ ကိုယ်စီ ဖန်တီးခဲ့ကြသော ကံအတိုင်းသာ ဖြစ်နေကြရ၏။ ဘယ်သူမပြု မိမိမှုဆိုရိုးစကားအတိုင်းပင် မကောင်းမှု

www.dhammaransi.com

# (၈၀) ဆရာတော်ကြီး ဦးဥတ္တမသာရ

ပြုခဲ့ကြသူများက မကောင်းကျိုး ခံကြရတယ်၊ ကောင်းမှုပြုခဲ့ကြသူများက ကောင်းကျိုးစံကြရတယ် ဟူ၍ ကံတရား၏ အကြောင်းနှင့် အကျိုး ပုံမှန်ဖြစ်မြဲသဘာဝကို အမြင်မှန်မှန် ပိုင်းခြားရတတ်သော အလုပ်သည် ဥပေက္ခာ ဗြဟ္မဝိဟာရ ဖြစ်၏။

–ကောင်းဆိုး ယုတ်မြတ် ဖြစ်တည်နေကြကုန်သော လူ, နတ်- ဗြဟ္မာနှင့် သတ္တဝါအမျိုးမျိုး အစားစားတို့သည် တစ်စုံတစ်ဦးသော တန်ခိုးရှင်က ဖန်တီးပေးခြင်းမဟုတ်၊ မြက်, သစ်ပင်တို့ကဲ့သို့ အလိုအလျောက် ကျရောက် ဖြစ်ပေါ်လာကြခြင်းလည်း မဟုတ်ပါ၊ အရင်းခံအကြောင်းတရားများမှာ မိမိတို့ကိုယ်တိုင် စိတ်ဆန္ဒအလျောက် ပြုလုပ် ဖန်တီးခဲ့ကြသော သဒ္ဓါ, စေတနာ, လောဘ, ဒေါသ, မာန အာသာ အစွဲများဖြင့် ပြုလုပ်ခဲ့ ကြသည့် ကံ, ဉာဏ်, ဝီရိယကြောင့် ကောင်းကျိုး, ဆိုးကျိုး ခံစားနေကြရခြင်းသာကည်း ဟူ၍ ဟုတ်တိုင်း

www.dhammaransi.com



မုန်ရာ ကမ္ဘာသကတ ဥာဏ်သို့ သက်ဝင်အောင်
ပိုင်နိုင်စွာ ရှုမြင် ဆင်ခြင် ပွားများနေရခြင်း
အလုပ်သည် ဥပေက္ခာ ဗြဟ္မဝိဟာရတရား
ပွားများခြင်းဖြစ်သည်ဟု မှတ်ကြရာ၏။
-သူ့ကံကို သူပိုင်ဥစ္စာဖြစ်၍ ငါ့ကံကို ငါ
ပိုင်သော ဥစ္စာရင်းတည်း ဟူသော သဘော
သွားကို ဉာဏ်မျက်စိတွင် ပိုင်နိုင်စွာ ထင်မြင်
နေအောင် ရှုကြည့်၍ ဆင်ခြင်သုံးသပ်၍ ပွား
များနေရမည်ဟု ဆိုလိုသည်။

ဤမျှဆိုလျှင် ဥပေက္ခာ ဗြဟ္မဝိဟာရ ပွားများပုံ နားလည်လောက်ပါပြီ။ ဤသည်တို့ကား ဗြဟ္မဝိဟာရ တရား လေးပါး နှလုံးသွင်းနည်း၊ ဆင်ခြင် ပွားများ အားထုတ်နည်းကို အကျဉ်းချုံး၍ ရှင်းပြချက်တည်း။

www.dhammaransi.com

ဘဝလောကဆိုသည် သူ့ဘက်, ကိုယ့်ဘက် ရှိကြမြဲဖြစ်ရာ မိမိဘက်ကသာ ဖြောင့်မတ်သောမေတ္တာ စိတ် ပုံမှန်ထားနေလျှင် ကောင်းကျိုးတရား ရောက်လာ မည်။

www.dhammaransi.com



# ဗြဟ္မဝိဟာရတရား လေးပါးလုံး
# အလွယ်ပွားနည်း

ဗြဟ္မဝိဟာရတရား လေးပါးလုံး တစ်ပေါင်းတည်း ပြု၍ မြန်မာစကားပြေဖြင့် အတိုချုပ်ပွားနည်းကို ညွှန်ပြပါမည်–

နတ်, လူ, သတ္တဝါအားလုံး
ဘေးရန်, ကြောင့်ကြ, ဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ
ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ . . .

ဟူ၍ ရွတ်ဆို ပွားများနေရမည်။

ဤသို့ပွားများနေလျှင် ဗြဟ္မဝိဟာရတရား လေးပါးလုံး၏ ဆိုလိုချက်အဓိပ္ပာယ် ငုံမိသွားပါသည်။

အချိန်မှန်ထား၍ ပုံမှန်ပွားလိုလျှင်–

– ညအိပ်ရာဝင်၌ တစ်ကြိမ်၊ သို့မဟုတ် အိပ်ရာဝင်ကာနီး၌ တစ်ကြိမ်၊ နံနက်အိပ်ရာမှ ထပြီးချိန်၌ တစ်ကြိမ်၊ အထက်ပါနည်းဖြင့် ပွားများရမည်။

ရွှေလဝင်းစာပေ

www.dhammaransi.com

 ဆရာတော်ကြီး ဦးဥတ္တမသာရ

- ပထမတွင် အချိန်မရသေးခင် အသံထွက်၍ရွတ်ဆို ပွားများပါ။
- ရွတ်ဆိုနေစဉ် စိတ်ထဲက ထက်သန်သော စေတနာ ပါစေရမည်။
- နှုတ်ဖြင့်ရွတ်ဆိုခြင်း အကြိမ်များ၍ အရှိန်ရလာသောအခါ လူကြားအောင် ရွတ်ဆို နေရန် မလိုတော့ပါ၊ စိတ်ထဲကသာ ရွတ်ဆို ပွားများ၍ ရသည်။

ဤပုံစံအတိုင်း အချိန် ကြာ ခဲ့၍ အရှိန်ရလာပြီးသောအခါတွင် မိမိ၏ စိတ်သန္တာန်၌ မေတ္တာအာရုံ ခံစားချက် ထူးခြားလာပုံကို သိသာလာပါမည်။

သတ္တဝါ အားလုံးတို့ အပေါ်၌ဖြစ်စေ၊ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး သို့မဟုတ် လူတစ်စုအပေါ်၌ လိုရာကွက်၍ ဖြစ်စေ, မေတ္တာစိတ်ညွတ်၍ တကယ်ချမ်းသာစေလိုသော စေတနာ ပသန္န လှိုက်လှဲစွာဖြစ်ပေါ်လာလိမ့်မည်။

ထိုအဆင့်ရောက်လျှင် မေတ္တာ မနော‌ကံမြောက်ပြီဟူ၍ မှတ်ပါ။

www.dhammaransi.com



ဤကဲ့သို့ လိုက်လှဲသောမေတ္တာ၊ လိုက်လှဲသော ကရုဏာ၊ လိုက်လှဲသော မုဒိတာ၊ ငြိမ်သက်အေးချမ်းသော ဥပေက္ခာ ဗြဟ္မဝိဟာရ တရားတို့ကို ကြည်လင်၍၊ ပြတ်သား၍၊ ရှင်းလင်း၍လာနေသော စိတ်ရင်း စေတနာသည် တန်ဖိုးမဖြတ်နိုင်သော မိမိပိုင်ဥစ္စာ ဖြစ်၏။

ထို မိမိပိုင် အဖိုးတန်ရတနာကို လက်ဝယ်ရရှိ ခိုက်အခါမှာ ပျောက်ပျက်မသွားအောင် သတိဖြင့် ထိန်းသိမ်းထားပါ၊ စောင့်ရှောက်ထားရမည်၊ စိတ်အာရုံ တပိုတစ်ပါး ရောက်မသွားစေဘဲ သတိမလွှတ်အောင် ထိန်းသိမ်းထား၍ ရနိုင်သည်ဟု မှတ်ပါ။

ဤသို့ ထိန်းသိမ်းဖန်များလာလျှင် သမာဓိကောင်း ပြီး စိတ်ဓာတ် ရင့်ကျက်လာတော့သည်။

စိတ်နှလုံးသားအတွင်း၌ မေတ္တာဓာတ်၊ ကရုဏာ ဓာတ်၊ မုဒိတာဓာတ် ကိန်းသော အချိန် ရက်ပိုင်း ရပြီး လျှင် လ–ပိုင်း ရောက်လာမည်၊ လပိုင်း အောင်မြင်လျှင် နှစ်–ပိုင်း ရောက်လာမည်။

ဤနည်းဖြင့် ရက်တွေ၊ လတွေ၊ နှစ်တွေ အချိန်ကြာ လာလေလေ မိမိ၏ မေတ္တာတန်ခိုးအာနိသင် ကြီးမား ခိုင်မာလာလေလေ ဖြစ်၏။

www.dhammaransi.com



နေ့စဉ် နှလုံးသွင်း ဘာဝနာအရှိန်ကြောင့် မေတ္တာ တန်ခိုး ကရုဏာတန်ခိုး တက်စပျိုး လာပြီမှတ်ပါ။ ထို အချိန်ပိုင်း ဝင်ရောက်လာပြီ ဆိုလျှင် ထူးခြားချက် ပေါ်လာမည်၊ မိမိ၏ ရုပ်နှင့်နာမ် အခြေအနေကို သတိထား ကြည့်က သိနိုင်၏၊ စိတ်အနေမှာ ယခင်ကနှင့်မတူ၊ ကြည် လင်ချမ်းမြေ့နေပုံ ခံစားရမည်၊ ရုပ်သွင်အနေမှာ ကြည်လင် စိုပြည်နေပုံ သိသာစွာမြင်ရမည်။

သတ္တဝါတွေအပေါ် တကယ် ချမ်းသာစေလိုသော မေတ္တာစေတနာ, ဘေးရန်ကင်းစေလိုသော မေတ္တာ စေတနာ, ဆင်းရဲကင်းစေလိုသော ကရုဏာ စေတနာ စည်းစိမ်ချမ်းသာ ရာထူးဂုဏ်သိန် စသည်ကို တည်မြဲစေ လိုသော တကယ် ကြည်လင် ပြတ်သားသည့် စေတနာ တွေ မိမိ၏ စိတ်နှလုံးသားတွင်းဝယ် လျှမ်းလျှမ်းတောက် ဖြစ်ပေါ်လာနေလိမ့်မည်။

ဤကဲ့သို့ ဗြဟ္မဝိဟာရ ဘာဝနာပွားရင်း ထက်မြက် သော စေတနာကောင်းတွေ ဖြစ်ပေါ်နေသော အချိန့်တွင်း ၌ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သကဲ့သို့ ကြက်သီး

www.dhammaransi.com



တဖြန်းဖြန်း ထနေသကဲ့သို့ ပီတိတွေ ဖြစ်ပေါ်လာနေသည်ကို ခံစားရတတ်၏။

ဗုဒ္ဓါနုဿတိ စသော အခြား ကမ္မဋ္ဌာန်းများကို အားထုတ်ရာ၌လည်း ဤသို့ပင် ဖြစ်ပေါ်လေ့ရှိ၏။

အထူးသတိပြုရန်မှာ- ဤပုံ ဤနည်း မေတ္တာစေတနာတွေ ထက်သန်တိုးပွား၍ ပီတိတွေ တသိမ့်သိမ့် ဖြစ်ပေါ်လာနေစဉ် ကာလအတွင်း မိမိပွားများနေဆဲ ဗြဟ္မဝိဟာရ ဘာဝနာကို ရပ်ဆိုင်းမထားရပါ။

ပွားများနေဆဲအလုပ်ကို အာရုံလွှတ်မသွားအောင် သတိဖြင့် ဆက်တိုက် ပွားနေရမည်။

လျှင်သော အပြောင်းမြန်သည့် စိတ်ထား သဘာဝသည် မသိမသာ တပိုတစ်ပါးသော အာရုံဆီသို့ ရွေ့လျား ကျရောက်သွားတတ်၏။

မူလ တရားအာရုံမှန်ကို သတိဖြင့် ဆောက်တည်နေပါ။

မိမိ၏ ပဓာနအလုပ်ကို ပျက်ပြယ် မသွားစေရပါ၊ 'ကောင်းသောသမာဓိရနေခြင်း အခါကောင်းကို ငါ လက်လွှတ်မခံနိုင်' ဟု မိမိ၏ စိတ်ကို ပိုင်နိုင်စွာ ကြိုတ်ခဲထားရမည်။

www.dhammaransi.com



ထိုသမာဓိမျိုး အချိန်ကြာကြာ ဖြစ်ပွားနေစေရမည်။

ဖြစ်ပွားနေအောင် ဆက်တိုက် ကြိုးစားပေးသွားပါ၊ ဘာအရသာနှင့်မှ မတူသော အလွန်ထူးခြားသော တရားအရသာ ခံစားရပုံကို လက်တွေ့သိကြရပါမည်။ အလွန်ပျော်မွေ့ဖွယ်ကောင်း၏ မှတ်ပါ။ ဗြဟ္မဝိဟာရတရားပွားများပုံ ပွားများနည်းကို သိလိုကြ၍ ဤအရှင်ထံသို့ စာဖြင့် ရေးသားပေးပို့၍ လည်းကောင်း၊ လူကိုယ်တိုင်လာရောက် ချဉ်းကပ်၍ မေးလျှောက်ကြသူများအား လည်းကောင်း ဤတွင် အတွေ့အကြုံသဘောသွားကို တိုတို အသိပေးပါသည်။

အထက်ပါနည်းအတိုင်း တစ်ကြိမ် အောင်မြင်ပြီးလျှင် နှစ်ကြိမ်အောင်မြင်ဖို့ လွယ်ပါသည်။

၂–ကြိမ်၊ ၃–ကြိမ်၊ ၄–ကြိမ် စသည် အောင်မြင်ပြီးလျှင် ၁၀–ကြိမ်အောင်မြင်ရန် ပိုလွယ်လာပါသည်။ ၁၀–ကြိမ်မှ ၁၅–ကြိမ် စသောအချိန်ပိုင်း၌ စိတ်စေတနာတွေ လျှမ်းလျှမ်းတောက်၍ ပီတိတွေ တဖြန်းဖြန်းဖြစ်ပေါ်နေမှု အောင်မြင်ခဲ့ဖူးပြီးလျှင် စိတ်အာရုံ ထက်သန်လာလိမ့်မည်။

www.dhammaransi.com



ထိုအခါ အားတက်စွာနှင့် ဆက်လက်ကြိုးစားသွားပါ၊ ရှေ့ခရီးဆက်ရာတွင် အကြိမ်တစ်ရာသော်လည်းကောင်း၊ အကြိမ် တစ်ထောင်သော်လည်းကောင်း ထိုပုံထိုနည်းဖြစ်ပေါ်နေစေရန် ပို၍ လွယ်ကူလာပါမည်။

ထပ်ပြန်တလဲလဲ ကြိမ်ဖန်များစွာ ကြိုးစားကာ ပွားများ၍ ပျော်မွေ့နေခြင်းအလုပ်သည် မေတ္တာစျာန်ကို ဝင်စားနေခြင်းဖြစ်၏။

'မေတ္တာစျာန်ဝင်စားနေသည်'ဟု ပြောရိုးစကားသည် ဤသို့ ပွားများ၍ ပျော်မွေ့နေခြင်းအလုပ်ဟု မှတ်ရာ၏။

ထိုကဲ့သို့ ပွားများအားထုတ်၍ နေလေ့ရှိသော လူ, ယောဂီ, ရဟန်းပုဂ္ဂိုလ်များအား မိမိတို့၏ အတိတ်ကံပါရမီခံ အကျိုးပေးအားလျော်စွာ ထူးခြားသော ကောင်းကျိုးနှင့် လိုရာဆန္ဒများ ပြည့်ဝလာနေမည်မှာ မချွတ်မလွဲပေတည်း။

ဤဆောင်းပါးသည် တိုတို ဆိုလိုချက်သာ လိုရင်းဖြစ်သောကြောင့် ကျမ်းဂန်အလာ ရှေးဟောင်း ဝတ္ထုကြောင်းများကိုလည်းကောင်း၊ လက်တွေ့ ပုံစံ သာဓက ဝတ္ထုကြောင်းများကို လည်းကောင်း ရေးမပြနိုင်တော့

www.dhammaransi.com



ပါ၊ သို့ရာတွင် လိုလားသောပုဂ္ဂိုလ်များအတွက် အားထုတ်ရန် လုံလောက်ပါသည်။

ဗြဟ္မဝိဟာရတရား ပွားများအားထုတ်ခြင်း အလုပ်သည် မနောကံ စေတနာသာလျှင် အဓိကဖြစ်၏။

ဤဆောင်းပါးရှေ့ပိုင်း၌ နှုတ်ဖြင့် ရွတ်ဆိုပေးပါဟု ညွှန်ကြားခဲ့သည်မှာ အခြေခံ မရသေးသူတို့အတွက် ဘာဝနာအခြေခံ လုပ်ငန်းစ,ပေးခြင်း ဖြစ်သည်ဟု နားလည်ကြပါ၊ 'စိတ်အာရုံက တောင်ရောက် မြောက်ရောက်၊ နှုတ်ကသာ မေတ္တာပို့ ရွတ်ဆိုနေခြင်းမျိုး မဖြစ်စေရဘူး' ဟူ၍ ဆိုလိုသည်။

## ထိရောက်မှုအဆင့်

သတ္တဝါအားလုံးတို့အပေါ် သို့မဟုတ် ရည်ညွှန်းသော ပုဂ္ဂိုလ်အပေါ် မေတ္တာစိတ်ညွတ်၍ ထက်သန်သော မနောကံ စေတနာဖြင့် တကယ် ချမ်းသာစေလိုခြင်း အာသာဆန္ဒ လှိုက်လှဲမှုဖြစ်နေလျှင် မေတ္တာစစ်, မေတ္တာမှန် ဘာဝနာဖြစ်ခဲ့ပြီး ထိရောက်သော ပွားများ အားထုတ်မှု အဆင့်သို့ ရောက်နေပြီဟူ၍ မှတ်ပါ။

ရွှေလဝင်းစာပေ

www.dhammaransi.com



## ဘဝဇာတ်သိမ်းနည်း

ဤတွင် မိမိဘဝအတွက် အရေးအကြီးဆုံးသော အပိုင်းကို ညွှန်ကြားပါမည်။

လူ၏ဘဝကို အရတော်စွာ ရောက်နေကြခိုက်မှာ နေနည်း တတ်ရုံနှင့် မပြီး၊ သေနည်းလည်း တတ်ရန် လို၏။

ငါ၏ဘဝ နောက်ဆုံး သေသွားရမည့်အချိန်တွင် ဤကဲ့သို့ပင် မေတ္တာ ဘာဝနာ ပွားများ နှလုံးသွင်းရင်းသာ ဝိညာဉ်ချုပ်သွားစေရမည်’ ဟူ၍လည်း သတိကြီးစွာဖြင့် ကြိုတင် မှုချထားကြပါ။

မိမိချထားသောမှုကိုလည်း မေ့မနေစေရန် မကြာခဏ နှလုံးသွင်းပေးရပါမည်။

ယင်းသို့ ပြုလိုက်ခြင်းကြောင့် နောက် ဆက်ရမည့် ဘဝအတွက် အမြတ် ကောင်းစွာ ထွက်ပေါ်လာပါမည်။

သေသွားပြီးသော နောက်ဘဝတွင် ဗြဟ္မာ့ဘုံသို့ မကပ်ရောက်နိုင်စေဦးတော့၊ ကောင်းမြတ် သာယာသော အထက်ဘုံဘဝသို့ ရောက်ဖို့ကား အမှန်သေချာ၏ဟူ၍ မှတ်ကြရာ၏။

*

ရွှေလဝင်းစာပေ

www.dhammaransi.com

တောရိုင်းတိရစ္ဆာန်များ၏ သဘာဝ သည် အလွန် သစ္စာစောင့်လေ့ရှိကြ၏၊ သူတို့အပေါ် မေတ္တာစိတ်ထားသူကို ရန်မူလေ့ မရှိကြပါ။

www.dhammaransi.com



(၉၄)

# ခရီးသွားရာ၌ မေတ္တာပွားနည်း

တစ်နေရာဆီသို့ ခရီးတို, ခရီးရှည် သွားမည့်အခါ ခရီးဦးထွက်စတွင်–

'ငါ၏ ရှေ့တူရူအရပ်၌ ရှိကြကုန်သော နတ်, လူ, သတ္တဝါ အားလုံးတို့သည် ဘေးရန်, ကြောင့်ကြ, ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ'

ဟူ၍ စိတ်ထဲက အာရုံညွှတ်စေပြီး မနှောက်မြောက် အောင် မေတ္တာပို့လွှတ်ပါ၊ ထို့နောက်–

'ငါ၏ အနောက်အရပ်၌ရှိကြကုန်သော နတ်, လူ, သတ္တဝါ အားလုံးတို့သည် ဘေးရန် ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

ဟူ၍ အထက်ပါနည်းတူ စိတ်ညွှတ်၍ မေတ္တာပို့ ခဲ့ပါ၊ ထိုနည်းအတူပင် ဘေးနှစ်ဘက်အတွက်ကိုလည်း–

www.dhammaransi.com

# (၉၄) ဆရာတော်ကြီး ဦးဥတ္တမသာရ

'ငါ၏ ဝဲ, ယာ၌ ရှိကြကုန်သော နတ်, လူ သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ, ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ'

ဟူ၍ ရှေ့နောက်နည်းတူ သတ္တဝါအားလုံးတို့ အပေါ် စိတ်ထဲကအာရုံညွှတ်၍ မနောကံမြောက်အောင် မေတ္တာ ပို့လွှတ်ပါ။

လက်တွေ့ အကျိုးကျေးဇူးကား-

- ထိုခရီးတစ်လျှောက်လုံးတွင် မိမိအား ဘာအနှောင့် အယှက်မှ မရှိ၊
- ဘေးရန် အန္တရာယ် ကင်းမည်၊
- ကောင်းမွန်ချောမောစွာ လိုရာခရီး ပြီးဆုံးမည်၊
- မိမိရောက်ရာ ဒေသတိုင်း၌ တွေ့ကြုံရသူအများက ချစ်ခင် လိုလားစွာနှင့် စောင့်ကြိုနေကြသကဲ့သို့ တွေ့မြင်ရမည်။
- ဝမ်းသာအားရ အကူအညီကိုလည်းပေးကြပုံ အံ့ဩဖွယ်ရာ တွေ့ကြုံသွားရမည်။

ဤနည်းအတိုင်း စမ်းသပ်ကြည့်လျှင် ဟုတ်မှန် ကြောင်း လက်တွေ့ သိရပါမည်။

www.dhammaransi.com



အထူးမှာ–

– မိမိသွားရမည့် ခရီးစဉ်တွင် တွေ့ဆုံရမည့်သူကို အထူး စိတ်ညွတ်၍ မေတ္တာပို့လွှတ်ပေးရသည်။

– လူအများနှင့် တွေ့ဆုံရမည်ဖြစ်လျှင် အများကို ရည်မှတ်၍ မေတ္တာပို့လွှတ်ပေးပါ။

– ထိုနည်းတူ သွားလိုရာဒေသတိုင်း၌ တွေ့ဆုံသွားရမည့်သူများကို စိတ်ညွတ် ပိုင်းခြား၍ အသီး သီး ပို့လွှတ်ပေးသွားပါ၊ မိမိ လိုရာဆန္ဒ ချောမောစွာ ပြည့်စုံ၍ အံ့သြ လောက် အောင်ဝမ်း မြောက်စွာပြီးစီးခဲ့ပုံကို လက်တွေ့ သိကြရပေမည်။

ဘေးရန်ကင်းပုံနှင့်စပ်လျဉ်း၍ ပြောရလျှင် ဤအရှင်သည် ခရီးထွက်စဉ်း၌ ရှေ့တူရူသို့ ရည်မှတ်၍ မေတ္တာပို့လွှတ်သည်၊ မိမိသွားရမည့် ရှေ့ခရီးတစ်လျှောက်တွင် ဘေးရန် အနှောင့်အယှက် ကင်းရှင်းစေရန် ဖြစ်၏။

နောက်အဖို့၌လည်း မေတ္တာ ပို့လွှတ်ထားခဲ့သည်၊ မိမိ၏ နောက်အဖို့ နတ်, လူ, သတ္တဝါ အားလုံး ဘေးရန် လုံခြုံစေရန်အတွက် ရည်မှတ်ခြင်းဖြစ်၏။

မိမိခရီးစဉ်တစ်လျှောက် ဝဲ, ယာ ပတ်ဝန်းကျင်၌လည်း ဘေးရန် ကင်းရှင်းစေရန်အတွက် မေတ္တာပို့

www.dhammaransi.com



လွှတ်ရင်း သွား၏၊ ရှေ့, နောက်, ဝဲယာ, ထက်, အောက်, ဝန်းကျင် အားလုံးတို့ ဘေးကင်း ရန်ရှင်း၍ မိမိသူတစ်ပါး အားလုံး လုံခြုံစေခြင်းအတွက် ဖြစ်၏။

ဤနည်းကား ဤအရှင်၏ ပုံမှန် လက်သုံး အလေ့အကျင့် ဖြစ်သတည်း။

လက်တွေ့အကျိုးကျေးဇူးတရားကို ပြောရလျှင် ဤအရှင်သည် နှစ်ပေါင်းကြာမြင့်စွာ, နှစ်ပေါင်း ၄၀- ကျော် နယ်စွန် နယ်ဖျား တောကြီး တောင်ကြီးအတွင်း၌ ကန္တာရခရီးမျိုးစုံကို သွားလာ လှည့်ပတ်နေခဲ့ရာ အဘယ် မည်သော သားရဲ တိရစ္ဆာန်ရိုင်း တစ်ကောင်၏ နှောင့် ယှက်ခြင်း, ရန်ရာခြင်း တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရဖူး ပါ၊ ဘာရန်သူနှင့်မှ ရင်ဆိုင် တွေ့ကြုံခဲ့ရဖူးခြင်း မရှိပါ။

အခြားသော ဘာသာရေး သာသနာပြုတို့၏ အတ္တုပ္ပတ္တိများတွင်နှောင့်ယှက်မှုမျိုးစုံရင်ဆိုင်ရကြောင်း ဖတ်ရှုရဖူး၏၊ မိမိမှာ မတွေ့ရဖူးပါ။

ဤသည်ပင် မေတ္တာတရား၏ ထင်ရှားသော လက်တွေ့အကျိုး ဖြစ်ပါလိမ့်မည်။

တစ်ခါတစ်ရံ ညဉ့်နက် သန်းခေါင်အချိန် တောအုပ် ကြီးအတွင်း မှောင်မိုက်ကြီးထဲ၌ လက်နှိပ်မီးလည်း

www.dhammaransi.com



မပါ၊ တောင်ဝှေးကို အဖော်ပြု၍ လမ်းမမြင်၊ ကမ်းမမြင် ချောက်ကြို ချောက်ကြား မမြင်ရသော ကမ်းပါးစွန်းတွေကို စမ်းရမ်းပြီး သွားခဲ့ရသည်လည်း ရှိ၏။

ထိုအချိန်မျိုးတွင် တောရိုင်း တိရစ္ဆာန်တို့ အစာရှာရန် သွားလာ ကျင်လည်နေကြမြဲဖြစ်ရာ သဘာဝအတိုင်းဆိုလျှင် တစ်ကြိမ်တစ်ခါဖြစ်စေ အမှန် ကြုံတွေ့ထိုက်၏။

တောင်တောင်ကြီးများအတွင်းမှာ ကျားတွေ, ကျားသစ်တွေ, တောခွေးဆိုးတွေက အလွန်ပေါ၏။

သေနတ်ထမ်း၍ သွားလာလေ့ရှိကြသော ချင်းလူကြီးများသည် မကြခဏ ကျားများ, ဝက်ဝံများနှင့် ရင်ဆိုင် တွေ့ရှိကြ၏၊ မိမိအဖို့ရာမှာ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးပါ။

တွေးဆကြည့်ရလျှင် ကျားသစ်, ဝက်ဝံ စသော တောကောင်ကြီးတို့ကတော့ ဘုန်းကြီးကို အမှန်ပင် တွေ့ကြ မြင်ကြပါလိမ့်မည်၊ သနားချစ်ခင်စိတ်ဝင်ပြီး အလိုက်သိစွာ သူတို့က ရှောင်ရှားပေးကြခြင်းသာ ဖြစ်တန်ရာသည်ဟု မိမိယုံကြည်သည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



တောတောင်ကြီးများအတွင်း ကျားကြီး–ကျားငယ်တွေ, ကျားသစ် အကြီး, အလတ်, အငယ်မျိုးစုံတွေ၊ ဝံပုလွေ စသော တောခွေးဆိုးမျိုးတွေလည်း ပေါများကြ၏။

ထို့ပြင် ဝက်ဝံကြီးများနှင့် စပါးကြီးမြွေ စသည်တို့လည်း ရှိကြ၏။

မည်သည့် သားရဲတိရစ္ဆာန်မျိုးကမျှ ရန်မူခြင်း, အနှောင့်အယှက် ပေးဖူးခြင်း မရှိသည်မှာ မိမိ၏ စိတ်နှလုံးသား၌ ကိန်းဝပ်နေသော မေတ္တာတန်ခိုးနှင့် ပရိတ်တန်ခိုးတို့ကြောင့် ဖြစ်ရမည်ဟု ယုံကြည်၏။

တောတောင် ကန္တာရခရီးသာ မဟုတ်ပါ၊ အိန္ဒိယ အာသံပြည်–မဏိပူရပြည် စသော နိုင်ငံရပ်ခြား ခရီးတစ်လျှောက်လုံးတို့၌လည်း ဘာအနှောင့်အယှက်မှ မတွေ့ရဖူးသလို၊ ဘာရန်သူနှင့်မှလည်း မတွေ့ကြုံရဖူးပါ၊ လိုလိုချင်ချင်နှင့် ချစ်ခင်ရင်းနှီးစွာ အကူအညီပေးကြသူတို့သာ တွေ့ကြုံခဲ့ရ၏။

ရံခါ သွားလာရေးခက်ခဲမှု စသည် ရှိတတ်သော်လည်း တစ်နည်းနည်းဖြင့် အဆင်ပြေ၍ ချောမောစွာ ပြီးဆုံးရသည်ချည်းပင် ဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



ဤသည်တို့ကား ကိုယ်တိုင် လက်တွေ့ အကျိုးတရား တစ်စိတ်မျှသာတည်း။

အကယ်၍ မေတ္တာတရား လက်လွတ် သွားလာနေခဲ့လျှင် နှစ်ပေါင်းကြာမြင့်စွာ တောတောင်ခရီး သွားလာနေခဲ့စဉ် တစ်ချိန်ချိန်တွင် ကျားစာ ဖြစ်သွားလောက်ပေပြီ။

တောရိုင်းတိရစ္ဆာန်များ၏ သဘာဝသည် အလွန်သစ္စာစောင့်လေ့ရှိကြ၏၊ သူတို့အပေါ် မေတ္တာစိတ်ထားသူကို ရန်မူလေ့ မရှိကြပါ။

တော တောင်စောင့် နတ်များနှင့် ဘီလူး ရက္ခိုသ်များကလည်း ဤအရှင်၏ မေတ္တာပို့လွှတ်ထားမှုကြောင့် ပြန်လည်၍ စောင့်ရှောက်ပေးကြပါပေမည်၊ တောရိုင်းတိရစ္ဆာန်များကို လမ်းခရီးမှ ဖယ်ရှားပေးထားခြင်းဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု တွေးဆမိသည်။

အင်္ဂုတ္တိုရ် ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသော မေတ္တာအကျိုးတရားများတွင် နတ်များက စောင့်ရှောက်ခြင်းဟူ၍ ပါရှိလေသည်။

www.dhammaransi.com



## လူ့လောကနှင့်မေတ္တာ

ထို့ကြောင့်လူ့ဘုံလောကတစ်ခွင်၌ ကျင်လည်နေကြသူများသည် မေတ္တာတရားကို မြဲမြဲ လက်ကိုင်ထားကြရန် အထူး သတိပေးရပေမည်။

ဘဝလုံခြုံရေးအတွက် မေတ္တာတရားလောက် စိတ်ချရသော အဆောင် လက်နက်ကောင်းလည်း မရှိပါ။

သံသရာတစ်ခွင်၌ ချမ်းမြေ့ကြည်လင်စွာ ကျင်လည်ရေးအတွက် မေတ္တာတရားကဲ့သို့ အားကိုးလောက်သော အားထားမှီခိုရာသည် သတ္တလောကကြီးတွင် တစ်ခြား ဘာမျှမရှိပါ။

တစ်ခု သတိပြုရန်မှာ ဘဝ လောကဆိုသည် သူ့ဘက် ကိုယ့်ဘက် ရှိကြမြဲဖြစ်ရာ မိမိဘက်ကသာ ဖြောင့်မတ်သော မေတ္တာစိတ် ပုံမှန်ထားနေလျှင် ကောင်းကျိုးတရား ရောက်လာမည်။

ပတ်ဝန်းကျင်၌ တွေ့ကြုံဆက်ဆံနေကြသူများသည် မေတ္တာဓာတ် ကူးစက်၍ အလိုလို မေတ္တာတုံ့ပြန်လာကြပုံကို လက်တွေ့ သိကြရပါမည်။

www.dhammaransi.com



လူက မေတ္တာစိတ်ထားလျှင် တောရိုင်းတိရစ္ဆာန်များကပင်လျှင် မေတ္တာတုံ့ပြန်၍ ရှောင်ရှားကြပေသေး၏၊ လူနှင့် လူချင်းမှုကား မေတ္တာစိတ်ထားနေလျှင် အဘယ် ဆိုဖွယ်ရာရှိပါမည်နည်း။

မေတ္တာတရားကို မိမိ၏ စိတ်နှလုံး၌ အမြဲသိုထားလျှင် တဖြည်းဖြည်း ခိုင်မာ၍ ရင့်ကျက်လာလိမ့်မည်။

ခိုင်မာရင့်ကျက်လာသောအခါ မေတ္တာတရား၏ ထူးခြားသော သဘောများ သိသာအောင် ပေါ်လွင်လာမည်။

တစ်နည်းဆိုရလျှင် မေတ္တာတရား၏ တန်ခိုးအာနိသင် အများ ရောက်လာပါမည်။

## လောကကို စိုးပိုင်သူ

မေတ္တာတရား ပုံသေ လက်ကိုင်ထား၍ အထုံရနေပြီးသော ပုဂ္ဂိုလ်များသည် လောကကြီးတစ်ခုလုံးကို မေတ္တာဖြင့် စိုးအုပ်နေနိုင်၏၊ ဘာပဲဖြစ်စေ တွေ့ကြုံလာသော လောကဓံဟူသမျှကို မေတ္တာစိတ်ဖြင့် ကျော်လွှား

www.dhammaransi.com



သွားလိမ့်မည်၊ ပြဿနာဟူသမျှ မေတ္တာစိတ်တန်ခိုးကြောင့် ပြေငြိမ်းသွားစေမည်၊ ရန်မူနေသူကိုပင် ကြည်လင်အေးမြသော မေတ္တာဓာတ်ဖြင့် အလိုလို စိတ်ကျေအေး၍ မိတ်ဆွေကောင်းအဖြစ် ရောက်လာစေနိုင်၏။

*****

မေတ္တာကို အဖော်ပြု၍ မေတ္တာတရား ရင်ဝယ်ပိုက်ထားလျှင် စိတ်မချမ်းသာစရာ တွေ့ကြုံရသော်လည်း စိတ်ချမ်းမြေ့ဖွယ်ရာ အမြင်မှန်ရလာပါမည်။

www.dhammaransi.com



# မုန်းသူကို ချစ်အောင်လုပ်နည်း

ဤတွင် နည်းပေးပါမည်။

ဥပမာ- ဘာအကြောင်းကြောင့်ဖြစ်စေ တစ်စုံတစ်ယောက်သောသူက မိမိကို ရန်မူလာလျှင်၊ ရန်သူလိုသဘောထားနေလျှင်၊ တိုက်ခိုက်နေလျှင်၊ ထိုရန်လုပ်နေသူကို သနားစိတ်ထားရမည်၊ ထိုရန်လုပ်နေသူအပေါ် စိတ်အာရုံညွှတ်၍-

'သူဟာ ငါ့ကို ရန်လုပ်နေရတာ ချမ်းသာမှာ မဟုတ်ဘူး၊
စိတ်နှလုံး ပူဆာနေရှာမှာ၊
အမှန် သနားထိုက်တယ်၊
ဒီတော့ ငါဘာလုပ်မလဲ၊

ဧဒါသဆိုသည် ကြီးစွာသော စိတ်မီးတည်း၊ မေတ္တာသည် အားကောင်းသော ရေတည်း၊ သူက ရန်မူနေလျှင် ငါက မေတ္တာဖြင့် ခုခံကာကွယ်ရမယ်၊

ရွှေလဝင်းစာပေ

www.dhammaransi.com



ဒေါသမီးတောက်ကို အဟုန်ပြင်းစွာ မလောင်အောင် အေးသောမေတ္တာရေဖြင့် ဆီးတား ကာကွယ်ရမယ်၊

မီးကို ရေဖြင့်ငြိမ်းသတ်၍ အောင်မြင်စေနိုင်သည်မဟုတ်လော-

ဟူ၍ မှန်သောအသိဉာဏ် နှလုံးသွင်းရမည်။

'သူသည် မမြဲသော သတ္တဝါတစ်ဦးသာတည်း၊ ငါလည်း မမြဲသော သတ္တဝါတစ်ဦးသာတည်း၊တစ်နေ့သောအခါ သေသွားကြရမည့် သူချည်းသာတည်း။

လူ့ဘဝ ခဏတာမျှ ရပ်တည်နေကြရသူအချင်းချင်း သူက ဒေါသထားသော်လည်း ငါက မခံချင်စိတ် မာန၊ လောင်ကျွမ်းစေသော ဒေါသ ထားရန်မလို။

အမှန်မှာ သနားထိုက်သော သူတစ်ယောက်သာတည်း'--

ဟူ၍ ဦးစွာ ကရုဏာစိတ်ဖြစ်စေရမည်၊ သနားထိုက်သော သတ္တဝါအဖြစ် ပိုင်နိုင်စွာ မြင်အောင်ကြည့်ပါ၊

www.dhammaransi.com



မြင်လာလျှင် မိမိဘက်က နူးညံ့သော ကရုဏာစိတ် ဝင်လာပြီမှတ်ပါ။

ကြည်လင်သော ကရုဏာစိတ် ဝင်စေပြီးသော နောက်မှကပ်၍ မေတ္တာစိတ် ဝင်လာစေရမည်။

မေတ္တာစိတ် သိသာအောင် စိမ့်ဝင်လာပြီးဖြစ်လျှင် ထိုစိတ်ကို လက်မလွှတ်စေဘဲ တကယ်ချမ်းသာစေလိုသော စေတနာဖြင့် မြဲမြဲစွာ စူးစိုက်ထားပြီး လှိုက်လှိုက်လှဲလှဲ မေတ္တာပို့နေပါ။

အချိန်ကြာကြာကြီး အစဉ်တစိုက် မလုပ်စေဦးတော့ မေတ္တာပို့လွှတ်ပေးနေဆဲ အချိန်ပိုင်းကာလတွင် လှိုက်လှဲသော စေတနာထက်သန်မှု ရှိဖို့ အဓိကဖြစ်၏၊ ထက်သန်မှုရှိမှ,ထက်သန်မှုအားကောင်းမှ မေတ္တာတန်ခိုး ထက်မြက်သည်မှတ်ပါ၊ စေတနာထက်လျှင် အောင်မြင်မှု အမြန်ရ၏ဟု မှတ်။

ဤနေရာတွင် သတိပြုရန်မှာ စိတ်ညွတ်၍ မေတ္တာပို့နေဆဲအခါဖြစ်စေ၊ စိတ်အာရုံ ရထားဆဲအခါ ဖြစ်စေ မိမိ စေတနာကောင်းထဲသို့ ဒေါသစိတ် ဝင်မလာရပါ။

ရွှေလဝင်းစာပေ

www.dhammaransi.com



တစ်ဘက်သား မပျက်စီးစေလိုခြင်း, တစ်စုံတစ်ခု ဒုက္ခ ရောက်မသွားစေလိုခြင်း စသော ဒေါသစိတ် မသိမသာဝင်လာတတ်၏။

ဒေါသစိတ်ဝင်လာလျှင် သတိဖြင့် ထွက်ခွာသွားအောင် ဖယ်ထုတ်ပစ်ပါ၊ ဒေါသစိတ်, မာနစိတ် ကင်းအောင် ဖယ်ထုတ်ပစ်နိုင်လျှင် မိမိအပေါ် တစ်ဘက်သားက ရန်လုပ်၍မရတော့ပါ၊ မိမိက ရန်သူကို နိုင်ပြီဟူ၍ မှတ်ပါ။

## ရေမေတ္တာပို့နည်း

လက်တွေ့ နည်းကောင်းတစ်ခုပေးမည်။

အကယ်၍ စိတ်အာရုံညွတ်ပြီး မေတ္တာပို့ပေးနေရုံ သက်သက်ဖြင့် ထိုသူ၏ ရန်မူနေခြင်းကိစ္စ အမြန် ပြေအေးသွားမည် မထင်ရလျှင် ရေမေတ္တာပို့ယူပါ၊ နည်းမှာ–

- မိမိအလိုရှိသူကို ရည်မှတ်၍ သန့်ရှင်းသော ရေဖန်ခွက်တစ်ခုတွင် ကျောက်ခဲကလေး တစ်ခုဖြစ်စေ၊ တုတ်ချောင်းကလေး တစ်ခုဖြစ်စေ စိမ်ထားပါ။

www.dhammaransi.com



- သူ၏စိတ်နှလုံး ရေကဲ့သို့ အေးချမ်းသွားပါစေ ဟူ၍ လိုက်လှဲစွာ မေတ္တာပို့လွှတ်နေပါ။
- 'သူ့စိတ် ပူဆာနေခြင်း အေးချမ်းသွားဖို့ ငါ ရေစိမ်ထားလိုက်ပြီ' ဟူ၍ မိမိစိတ်ကိုလည်း ရှင်းရှင်းထားနေပါ၊ ပူပန်သောကဝင်၍ လှုပ်ရှားနေ၍ မရပါ။
- သူ့ကို ငါ ဒုက္ခမရောက်စေလိုပါ၊ ငါလည်း စိတ်ချမ်းသာ၊ သူလည်း စိတ်ချမ်းသာ နေမြဲတိုင်းဖြစ်စေရန် သူ့ကို ရေခွက်ထဲ ချစိမ်ထားလိုက်ပြီ၊ ယုံကြည်စွာ သူ စိတ်အေးသွားပြီ၊ သူ စိတ်ကြည်လင်သွားပြီ၊ သူ ငါ့ကိုရန်မူချင်စိတ် ပျောက်လွင့် သွားပြီ'-ဟု မိမိစိတ်က သိနေပါ၊ တကယ် ချမ်းသာ စေလိုသော စိတ်ရင်းစေတနာ ထား၍ ပေးနေပါ။

ထိုသူ၏ စိတ်သည် ထိုအချိန်ပိုင်းတွင် မူပြောင်းလာပုံ တွေ့ရမည်။

သူ၏စိတ်ထဲတွင် မိမိက ပို့လွှတ်ပေးနေသော စိတ်တန်ခိုးကြောင့် ပူဆာဆူပွက်နေခဲ့ပြီးသော သူ၏ ဒေါသစိတ်များ တဖြည်းဖြည်း ပြေအေးသွားလိမ့်မည်။

www.dhammaransi.com



တစ်ဆက်တည်းမှာပင် မိမိအပေါ် သနားစိတ်ဝင်လာမည်၊ ဆက်လက်၍ ချစ်ခင်စိတ် ပြောင်းဝင်လာလိမ့်မည်။

ချစ်ခင်စိတ်ရောက်ခဲ့လျှင် မိမိကို မြတ်နိုးဖွယ်ရာအဖြစ် ကြည်နူးဝမ်းသာ စိတ်ဝင်စားခြင်း ဖြစ်ပေါ်နေလိမ့်မည်။

ထိုနောက် သူ ပြောမှား, ဆိုမှားရှိသမျှ ဝန်ချတောင်းပန်လာလိမ့်မည်။

အကယ်၍ လူကိုယ်တိုင် လာရောက် ဝန်ချတောင်းပန်ခြင်း မပြုသော်လည်း မိမိအပေါ် ဆက်လက်၍ ရန်မူနေခြင်း ပြုတော့မည်မဟုတ်ပါ။

မီးကို ရေနှင့် လုံလောက်အောင် ပက်ဖျန်းထားလိုက်သကဲ့သို့ ကိစ္စပြီး အေးငြိမ်းသွားလိမ့်မည်။

တစ်နည်းအားဖြင့် ထိုသူ အခြားသို့ ရှောင်ထွက်သွားပုံကို တွေ့မြင်ရလိမ့်မည်။

ဤဖော်ပြပါတို့သည် လူ့လောက၌ တွေ့ကြုံလေ့ရှိခြင်း များတတ်သောကြောင့် ပြည့်စုံအောင် ညွှန်ကြားပေးရ၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



လုပ်ငန်းကိစ္စ တစ်ခုခု၌ တွေ့ကြုံရသော အဆင်မပြေမှု, နှောင့်ယှက်မှု အကြောင်းခံသော နှောင့်ယှက်သူကိုဖြစ်စေ၊ နေထိုင်ရေး၊ စားသောက်ရေး စသောကိစ္စမျိုး၌ တွေ့ကြုံလာရသော နှောင့်ယှက်သူကိုဖြစ်စေ ဘယ်နေရာမဆို တွေ့ကြုံလေသမျှ ဤညွှန်ကြားချက်နည်းအတိုင်းသာလိုက်နာကျင့်သုံးပါ၊ လုပ်ဆောင်ပါ၊ မိမိ မေတ္တာစိတ်ဓာတ် ခိုင်မြဲသောတန်ခိုးကြောင့် အံ့ဩဖွယ်ရာ ကြည်လင် အေးမြခြင်းအဖြစ်ကို တွေ့မြင်လာရမည်။

မေတ္တာစိတ် လက်ကိုင်ထားသူသည် နောက်ဆုံး၌ အောင်နိုင်မှု ရယူမည်ဖြစ်ကြောင်း ညွှန်ကြားပါသည်။

အိမ်မှ စိတ်ကောက်ပြီးထွက်သွားသူကိုလည်း ဤနည်းအတိုင်းလုပ်ဆောင်ပါ၊ ပြန်ရောက်လာပါလိမ့်မည်။

ရဟန်း စသော သူတော်ကောင်းပုဂ္ဂိုလ်တို့မည်သည် မေတ္တာတရားကို စိတ်နှလုံးသား၌ အမြဲ ကိန်းအောင်းနေစေရ၏။

• တစ်ခါတစ်ရံ၌ လောကဓံ တစ်စုံတစ်ခု ကြုံတွေ့ရလျှင် ငါသည် လူယုတ်မာမဟုတ်၊ တရားနှင့် ပျော်မွေ့

www.dhammaransi.com



နေသူတည်း၊ ဘာအကြောင်းဖြစ်စေ လူ့လောကတစ်ခွင် ကျင်လည်နေရခိုက်အခါမှာ တွေ့ကြုံရသော ပြဿနာ ဟူသမျှကို မေတ္တာစိတ်ဖြင့် ဖြေရှင်းသွားမည်၊ မေတ္တာ တရားသာ လက်ကိုင်ထားသွားမည်ဟူ၍ ခိုင်မြဲစွာ နှလုံး ပိုက်ထားရာ၏။

မေတ္တာကို အဖော်ပြု၍ မေတ္တာတရား ရင်ဝယ် ပိုက်ထားလျှင် စိတ်မချမ်းသာစရာ တွေ့ကြုံရသော်လည်း စိတ်ချမ်းမြေ့ဖွယ်ရာ အမြင်မှန်ရလာပါမည်။

မကြာခင် မေတ္တာထားသူဘက်က သူ၏ဆန္ဒ ပြည့်ဝ၍ အောင်နိုင်သူအဖြစ် ရောက်သွားရမြဲသာတည်း။ အမြတ်တောင် ထွက်သွားကြရမြဲဖြစ်၏။

တရားသဘော၏ ဤသို့ ဖြစ်တတ်ပုံကိုလည်း ယုံကြည်မှု ထားနေရာ၏။ ခိုင်မြဲသော သဘာဝတည်း။

မေတ္တာတရား လက်ကိုင်မထားဘဲ မခံချင်စိတ်၊ သည်းမခံနိုင်စိတ်၊ ဒေါသ, မာန စသော အခြားနည်းဆိုး လက်ကိုင်ထားလျှင် မှားသွားလေပြီဟူ၍သာ မှတ်ပါ။

ထို့ကြောင့် မေတ္တာတရားကို လက်ကိုင်ထားခြင်း ထက် ကောင်းသောအရာ မှန်သော အလုပ် လူ့လောက

www.dhammaransi.com



တစ်ခွင်မှာ ဘာမှမရှိပါဘူးဟု ဤဆောင်းပါးအစပိုင်း၌ ဆိုခဲ့ခြင်းဖြစ်သည်။

မေတ္တာတရား၏ ကောင်းကျိုးကား ဤမျှသာ မကပါ၊ နိဗ္ဗာန်ရောက်ကြောင်းကိုပါ ကောင်းကျိုးပေး၏။

နိဗ္ဗာန်မရသေးခင်စပ်ကြား သံသရာတစ်ခွင်ဝယ် ဘဝကြီး, ဘဝငယ်တွေ ကျင်လည်၍နေရသေးသမျှ ကာလပတ်လုံး မေတ္တာတရားကို မြဲမြဲစွာ ရင်ဝယ်ပိုက်ထားသူမှာ သေရေးအတွက်ကိုလည်းကောင်း၊ နေရေးအတွက်ကို လည်းကောင်း ပူပန်ကြောင့်ကြ, တွေးကြောက်နေရန် မရှိပါ။

ဤဘဝ၊ နောင်ဘဝ ကြည်လင် ချမ်းမြေ့စွာသာ ကျင်လည် သွားနေရမည်သာတည်း၊ မကောင်းသော ဘဝမျိုးသို့ ရောက်လိမ့်မည်မဟုတ်ပါ၊ သန့်ရှင်းသော ကြည်လင်ဖွယ်ရာရှိသော ကောင်းမြတ်သော လူ့ဘုံ, နတ်ဘုံ သုဂတိဘဝတို့၌သာ ကျင်လည်သွားလာနေရမည်မှာ အမှန်တည်း။

ရွှေလဝင်းစာပေ

www.dhammaransi.com

(၁၁၂) ဆရာတော်ကြီး ဦးဥတ္တမသာရ

ဤသဘောသွား ဧကန်မလွဲ ဖြစ်ကြောင်းကိုလည်း ယုံကြည်ထားရ၏။

ထို့ကြောင့် မေတ္တာတရားကိုသာ စွဲစွဲမြဲမြဲ လက်ကိုင်ထားနေကြပါဟူ၍ တိုက်တွန်းခြင်း ဖြစ်သတည်း။

*

- စိတ်ထားဖြောင့်တော့
  အလုပ်ဖြောင့်၏။
- အလုပ်ဖြောင့်တော့
  အကျိုးဖြောင့်၏။

www.dhammaransi.com

## မေတ္တာစွမ်းအား လက်တွေ့အကျိုးများ (၁၁၃)

### မေတ္တာကြောင့်

# အရှုံးထဲမှ အမြတ်ထွက်ပုံဝတ္ထု

(ပဥ္စကနိပါတ်၊ ဃင္ဃဇာတ်)

မေတ္တာတရားနှင့် နေလေ့ရှိသော မေတ္တာရှင်အား ရန်မူ၍မရ၊ အနိုင်ကျင့်သူက အရှုံးပေးရမြဲဖြစ်၏။

မေတ္တာရှင်ပုဂ္ဂိုလ်မူကား အရှုံးထဲမှ အမြတ်ထွက်ရမြဲ၊ အကျိုးမဲ့မှ အကျိုးအောင်မြဲတည်း။

စာဖတ်ပရိသတ်အား ရှေးရှေးကဖြစ်ဟောင်း ဝတ္ထုကြောင်း ပုံစံကို ထုတ်ပြပါမည်။

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက ကောသလမင်း၏ နန်းတွင်းမှ အမတ်တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူခြင်းဖြစ်၏။

ဖြစ်ရပ်ကား-ကောသလမင်းသည် သူ့အား ကျေးဇူးများသော အမတ်တစ်ယောက်ကို များစွာသော စည်းစိမ်ဥစ္စာတွေ ချီးမြှောက်ပေးကမ်းပြီးကာမှ အခြား မလိုသူများ၏ ရန်တိုက်စကားကို ယုံကြည်မိ၍ မှားယွင်းစွာ

www.dhammaransi.com



ထိုအမတ်ကို ဖမ်းဆီးစေကာ နှောင်အိမ်၌ သွင်းလှောင်ထားစေလိုက်၏။

အမှန်မှာ ထိုအမတ်သည် ရိုးဖြောင့်စွာ မင်း၏ကျေးဇူးကို သစ္စာရှိရှိ ဆောင်ရွက်နေလေ့ရှိသော သူတော်ကောင်း ဖြစ်၏။

သူတော်ကောင်းစိတ်ထား ရှိသူတို့မည်သည် တစ်စုံတစ်ရာ ဒုက္ခကြုံတွေ့ရသော်လည်း သူတစ်ပါးအပေါ်အပြစ်မတင်၊မကျေနပ်စရာတွေ မရှုမြင်၊မိမိကံမကောင်း၍ အကြောင်း မလှခြင်းသာပါဟု အေးငြိမ်းသောစိတ်ထားလေ့ရှိကြ၏။

မင်းနှင့် ရန်ဘိုက်သူများအပေါ် စိုးစဉ်းမျှ ဒေါသစိတ် မထားမူ၍ မကောင်းသောအဖြစ်မှ ကံကောင်းသူဖြစ်ရန် လုပ်ဆောင်ဖို့သာရှိသည်ဟု ယောနိသောမနသိကာရ- သင့်တင့်လျောက်ပတ်သော အကြံဖြင့်သာ ဝမ်းနည်းခြင်း အလျှင်းမရှိ၊ နှောင်အိမ်တွင်း၌နေလျက်အချိန်ရှိသမျှ တရားကိုသာ အားကိုးပြု၍ ဆင်ခြင်ပွားများနေလေရာ မကြာခင်ပင်လျှင် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်သွားတော့၏။

www.dhammaransi.com



- စိတ်ထားဖြောင့်တော့ အလုပ်ဖြောင့်၏၊
- အလုပ်ဖြောင့်တော့ အကျိုးဖြောင့်၏။ ။

ဟူသော ဆိုရိုးစကားအတိုင်း သူတော်ကောင်းတရားတို့၏သဘာဝက ဖုတ်တိုင်းမှန်ရာ အသိဉာဏ်ပတ်ဝန်းကျင်ကိုပါ အရိုန်ဟပ်မြဲဖြစ်၏။

ထိုအချိန်ပိုင်းအတွင်း၌ ကောသလမင်းသည် မိမိအပေါ် များစွာ အကျိုးများခဲ့ဖူးသော ထိုအမတ်ကိုအမြင်မှန် သတိရလာသောကြောင့် သနားစိတ်ဝင်ကာ ချက်ချင်း လွှတ်စေလိုက်၏။

ထိုအမတ် သူတော်ကောင်းသည် ထောင်မှလွတ်ခဲ့လျှင် ပန်းနံ့သာ ယူဆောင်လျက် မြတ်စွာဘုရားထံတော်သို့ သွားရောက်ကာ ရှိခိုးပူဇော်၍ ထိုင်နေ၏။

မြတ်စွာဘုရားရှင်သည် ထိုသူ၏ဖြစ်ရပ်မှန်ကို ရွှေဉာဏ်တော်ဖြင့် မြင်ပြီးဖြစ်၍ 'ဒါယကာ သင့်အားအကျိုးမဲ့ ဖြစ်ခဲ့ရသလော'ဟု မေးတော်မူ၏။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျိုးမဲ့ဖြစ်ခဲ့ရပါ၏၊ သို့သော် ဒုက္ခကြုံတွေ့ရခြင်း အကျိုးမဲ့ဖြစ်နေရာမှာ တပည့်တော်အား ကောင်းကျိုးရခဲ့ပါ၏၊

www.dhammaransi.com



သောတာပတ္တိမဂ်ကို ဖြစ်စေခဲ့ပါ၏ဘုရား’ ဟူ၍ ကြည်လင် အေးချမ်းစွာ လျှောက်ကြားလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က ‘ဒါယကာ-သင်သည်သာလျှင် တွေ့ကြုံရသော လူ့လောက ကံအကျိုးမဲ့ရာမှ အကျိုးမြတ်ကို ဖြစ်စေခဲ့သည် မဟုတ်ပါ၊ ရှေးရှေးသော ပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့် အကျိုးမြတ်ကို ဆောင်ခဲ့ဖူးကုန်၏’ ဟူ၍ မိန့်တော်မူရာ ထိုအမတ်သည် သိလိုပါကြောင်း လျှောက်ထား၍ ရှေးအတိတ်ဝတ္ထုကြောင်းကို ပြန်ပြောင်း ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလျက်ရှိနေစဉ် ငါတို့ ဘုရားအလောင်းတော်သည် ဃင္ဃ အမည်ရှိသော ထိုမင်း၏ သားတော်ဖြစ်၏။

ထိုမင်းသားသည် နောက်အဖို့၌ တက္ကသိုလ်သွား၍ ပညာသင်ကြား တတ်မြောက်ပြီး နေရပ် တိုင်းပြည်ပြန်ရောက်၍နေစဉ် တစ်နေ့သ၌ ထိုဃင္ဃမင်း၏ နန်းတွင်းအမတ်တစ်ယောက်သည် ပြစ်မှုကျူးလွန်လေရာ မျက်

www.dhammaransi.com



မှောက်ထင်ရှား တွေ့မြင်နေရသောကြောင့် တိုင်းပြည်မှ နှင်ထုတ်စေလိုက်သည်။

ထိုအချိန်သည် ပြည်နီးချင်းဖြစ်သော သာဝတ္ထိပြည် ၌ ဓင်္က် အမည်ရှိသောမင်းသည် မင်းပြုလျက်နေ၏၊ ထီးပြိုင် နန်းပြိုင်လည်းဖြစ်ကြ၏။

တိုင်းပြည်မှ နှင်ထုတ်လိုက်သောအမတ်သည် ကောက်ကျစ်သူဖြစ်သောကြောင့် ဓင်္က်မင်းထံ သွားရောက်ခစားပြီး သူ၏အရှင်သခင်ဖြစ်သော ဃငှမင်းကို ဖမ်းယူ၍ တိုင်းပြည်ကိုသိမ်းယူရန် အကြံပေး တိုက်တွန်းလေ၏။

ဓင်္က်မင်းကလည်း ထိုအမတ်စကားကို ယူကာ မင်းကိုဖမ်း၊ တိုင်းပြည်ကို သိမ်းယူပြီး ဘုရားအလောင်းတော် ဃငှမင်းကို သံခြေချင်းတို့ဖြင့်ခတ်၍ နှောင်အိမ်တွင်း၌ သွင်းထားစေလေသည်။ သို့သော် ဃငှမင်းသည် ပါရမီရင့် ဆုကြီးရှင် စိတ်ထားမြတ်သော သူတော်ကောင်းကြီးဖြစ်သောကြောင့် ဝမ်းနည်းခြင်း မဖြစ်ပါ။

တိုင်းပြည်ကိုယူ၍ သူ့ကို ဖမ်းဆီးချုပ်နှောင်ပြီး ထောင်သွင်းထားခြင်းလောက်ကို မဖြုံပါ။

www.dhammaransi.com



ကယောင်ချောက်ချား အိပ်မက်နေခြင်းကဲ့သို့ သဘောထား၏။

ခုခံရန် စိတ်မကူး။

'နေသေးသမျှ ချုံထဲက၊ ချိုသွေးမပ တမြမြ'ဟူ၍လည်း အတွင်းကျိတ် ရန်မသို။

စိုင်ကော်လို့ ချုံပေါ်ရောက်ခြင်းကဲ့သို့ ဖြစ်သမျှ အကြောင်းမှာ အကောင်းချည်းသာတည်း။

'တရားနှင့် ပျော်မွေ့နေရန် ငါ့အတွက် အချိန်ကောင်း ရစေခြင်း မဟုတ်လော'ဟူ၍ အကောင်းဘက်၌ နှလုံးပိုက်ထားသည်။

ပူပန် ကြောင့်ကြစိတ် လုံးဝမထား၊ တိုင်းပြည်ရေးရာ ကိစ္စများမြောင်တွေ ကင်းရှင်း၍ နားအေးအေးနှင့် နေနိုင်သော အခွင့်အခါကောင်း ရနေခိုက်တွင် တရားနှင့် ပျော်လိုက်မည်။

နှောင်အိမ်တွင်း သွင်းထားခြင်း ခံရသည်ကိုပင် သူ့အား ကမ္မဋ္ဌာန်း ထိုင်ရန် တိတ်ဆိတ် အေးချမ်းသော တောတောင်ဝယ် ကျောက်ဂူလိုဏ်တစ်ခုတွင် ပို့ပေးခြင်းဟု မှတ်ယူသည်၊ မေတ္တာကမ္မဋ္ဌာန်းကို ပြင်းထန်စွာ ကြိုးစား အားထုတ်နေလိုက်သည်။

www.dhammaransi.com



ထို့ကြောင့် အချိန်မကြာမြင့်မီအတွင်း သမာဓိအား ကောင်းလှသောကြောင့် ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေကာ နေနိုင်သောအဖြစ် ရောက်သွားလေ၏။

ဝမ်းသာအားရလှစွာ နေ့ ည ဆက်တိုက် အချိန်ပြည့် ဈာန်ချမ်းသာဖြင့် ပျော်မွေ့နေလေတော့သည်။

တရားတို့၏ သဘာဝကား- အခြားသူ၌ ထူးခြားမှု ဖြစ်ပေါ်စေတတ်၏။

ထိုအချိန်ပိုင်းတွင် ရန်သူဖြစ်သော ဓာတ်မင်း၏ ကိုယ်အလုံး၌ ပူဆာခြင်း ဖြစ်ပေါ်လာ၏။

မကြံစဖူးအောင် နေမရ ထိုင်မရ ပူဆာလှ၍ နှောင်အိမ်၌သွင်းထားမိသောဃဋမင်း၏ အခြေအနေကို သွားရောက်ကြည့်လေရာ အံ့သြဖွယ်ရာ တွေ့မြင်ရလေသည်။

www.dhammaransi.com



သနားစဖွယ် ပူပန် ညှိုးနွမ်းနေလိမ့်မည်ဟု ထင်သော်လည်း လက်တွေ့မှာ မဟုတ်၊ ဘုရားအလောင်း၏ မျက်နှာသည် ပူပန်သောကရောက်ခြင်း၊ ညှိုးနွမ်းခြင်း အလျှင်းမရှိ၊ ရွှေကြေးမုံနှင့်တူစွာ ပွင့်လန်းစ ပဒုမ္မာကြာပန်းကဲ့သို့ အသရေရှိသောမျက်နှာကို မြင်ရလေသည်။

ထို့ကြောင့် အံ့ဩလှစွာဖြင့် ခေမင်းက မေးရလေသည်။

'အို- ဃဋမင်း၊ တစ်ပါးသောသူတို့သည် အချုပ်အနှောင်ခံရလျှင် စိုးရိမ်ကြတယ်၊ ငိုကြွေးကြတယ်၊ လူအချို့ကတော့ မျက်ရည်ကျ၍ နေလေ့ရှိကြတယ်၊ အသင်မှုကား ကြည်လင်သောမျက်နှာအဆင်းရှိနေဘိတကား၊ အဘယ်ကြောင့် မစိုးရိမ်ပါသနည်း'

ထိုအခါ ဘုရားအလောင်းတော် ဃဋမင်းက သူ၏ စိုးရိမ်ကြောင့်ကြမရှိသော အဖြစ်ကို ဤသို့ ဖြေကြားပေ၏—

'ခေမင်း၊ စိုးရိမ်နေခြင်းဟာ လွန်ခဲ့ပြီးသော ချမ်းသာကိုလည်း မဆောင်ပါ၊ နောင်အခါ လာလတ္တံ့သော ချမ်းသာကိုလည်း မဆောင်ပါ၊ ထို့ကြောင့် ငါ

www.dhammaransi.com



မစိုးရိမ်ပါ၊ ငါ့မှာ ဈာန်ဟူသော အဖော်ကောင်းရှိနေသော ကြောင့် စိုးရိမ်ခြင်း လုံးဝမရှိပါ' တဲ့။

ဆက်လက်၍ ပြောသည်မှာ–

'စိုးရိမ်တတ်တဲ့လူမှာ ကိုယ်ရေ အဆင်း ဖျော့တော့ တယ်၊ ကြုံလှီသော ကိုယ်ခန္ဓာရှိတယ်၊ ဒီလို စိုးရိမ် ပူ ပန်ကြီးနေတဲ့သူဟာ အစာ စားချင်စိတ်လည်း မရှိတော့ပါ၊ စိုးရိမ်ကြောင့်ကြ ကြီးခြင်း ပြောင့်စူးဝင်နေသောကြောင့် ဖောက်ပြန်နေသူအား ရန်သူတို့က ဝမ်းသာအားရ ဖြစ် လေ့ရှိကြသည်။

မြို့ရွာ၌ဖြစ်စေ၊ တောအရပ်၌ဖြစ်စေ၊ ချိုင့်ဝှမ်း အရပ်၌ဖြစ်စေ၊ ကုန်းကြောင်းအရပ်၌ ဖြစ်စေ၊ ထိုစိုးရိမ် ခြင်း အရင်းရှိတဲ့ ပျက်စီးခြင်းသဘော ငါ့ထံသို့ ရောက်လာ လိမ့်မည် မဟုတ်ပါ၊ ငါသည် မြင်အပ်ပြီးသော ဈာန်ချမ်း သာ ရှိနေပြီဖြစ်တယ်'

ဟူ၍ ဘုရားလောင်းက ပြော၏။

လိုရင်းအချုပ်ကို ပြောရလျှင်–

အကြင်မင်းအား အကျိုးစီးပွားကို ဆောင်ပေးကြ သော အဆွေခင်ပွန်းကောင်းတွေရှိ၏၊ သို့သော်လည်းပဲ

www.dhammaransi.com



ထိုအဆွေခင်ပွန်းကောင်း အများအပြားတို့တွင် တစ်ယောက်သော အဆွေခင်ပွန်းကောင်းကမျှ မိမိအား ချစ်ခင်ချမ်းသာဖြစ်တဲ့ အလုံးစုံ လိုအပ်သောအရသာကို ဆောင်ခြင်းငှာ စွမ်းနိုင်သည် မဟုတ်ပါ၊ အလုံးစုံသော မြေအပြင်သည်လည်းပဲ ထိုမင်းအား မေတ္တာချစ်ခင်ချမ်းသာကို ဆောင်စွမ်းနိုင်သည် မဟုတ်ပါဘူး'

ဟူ၍ ပြန်လည်ဖြေကြား ပြောဆိုခြင်းဖြစ်သည်။

ဓက်မင်းသည် သူ့အနေဖြင့် မျှော်လင့်ချက် မထားမိသောစကားကို ကြားရသောကြောင့် အံ့သြခြင်း ဖြစ်သွားလေသည်။

'သူ၏စိတ်ဆန္ဒနှင့် သူ၏လိုလားချက်ကား ထူးခြားပြီး မြင့်မြတ်ဘိသည်'ဟု အထက်ပါ တရားစကားကို ကြားနာရသောအခါ 'ငါ မှားခဲ့လေပြီ'ဟု နောင်တကြီးစွာ ရလေ၏။

ထို့ကြောင့် ချက်ချင်းပင် ဘုရားအလောင်းကို ရှိသေစွာရှိခိုးကန်တော့၍ တောင်းပန်၏။ တောင်းပန်ပြီးလျှင် သူ၏ မင်းအဖြစ်ကို သူ၏တိုင်းပြည်နှင့်တကွ ပြန်လည်အပ်နှင်းသွားလေသည်။

www.dhammaransi.com



ထိုအခါ ဘုရားအလောင်းတော် ဃဋမင်းသည် သူ၏ တိုင်းပြည်၊ သူ၏ နေမြဲ ထီးနန်းတော်သို့ ပြန်လည်ရောက်ရှိသွားပြီးနောက် စိတ်ထားပြောင်းလဲပြီး ထီးနန်းစည်းစိမ်၌ ဆက်လက်ပျော်မွေ့ နေထိုင်ရန် အလိုဆန္ဒမရှိတော့၍ အမတ်တို့အား တိုင်းပြည်ကို အပ်နှင်းခဲ့သည်။

ပြီးလျှင် တစ်ကိုယ်တည်း ဟိမဝန္တာသို့ ထွက်ခွာသွားလေတော့သည်။

ဟိမဝန္တာ တောကြီးအတွင်း၌ ရသေ့ ရဟန်းပြုပြီးလျှင် ဈာန်ချမ်းသာဖြင့် အသက်ရှည်သမျှကာလပတ်လုံးနေသွားလေ၏။

မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဘဝ၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေသတည်း။

ဤကား မေတ္တာစသော ဗြဟ္မဝိဟာရတရားနှင့် နေထိုင်လေ့ရှိသူ၏ သဘာဝကို နမူနာပြခြင်းတည်း။

မေတ္တာ, ကရုဏာ စသော ဗြဟ္မဝိဟာရ တရားလေးပါးဖြင့် ပျော်မွေ့နေလေ့ရှိသူ မှန်လျှင် ဒေါသ, မာနနယ်သို့ ပြန်ဝင်လာချင်စိတ် မရှိတော့ပါ။

*

ရွှေလဝင်းစာပေ

www.dhammaransi.com

လူတစ်ကိုယ်လုံးတွင်
စိတ်ဓာတ်သည် တန်ခိုးအကြီးဆုံး
ဖြစ်ကြောင်း နားလည်ထားကြရမည်။

www.dhammaransi.com

## မေတ္တာစွမ်းအား လက်တွေ့အကျိုးများ (၁၂၅)

# မေတ္တာသုံးပါး

မေတ္တာတရားသည်-

၁။ ကာယကံ မေတ္တာ၊

၂။ ဝစီကံမေတ္တာ၊

၃။ မနောကံမေတ္တာ-

ဟူ၍ ခြားနားချက်သုံးမျိုး ရှိလေ၏။ အလုပ်အခြေအနေအရ ခြားနားချက်ဖြစ်သည်။

### ၁။ ကာယကံမေတ္တာ

ကာယကံမေတ္တာသည် စေတနာ မေတ္တာ အရင်းခံထား၍ ကာယဝိညတ်ဖြင့် ကူညီ လုပ်ဆောင်ပေးခြင်းဖြစ်သည်။

လူ့လောကတစ်ခွင်ဝယ် စေတနာကောင်း ထားရှိလျှင် လူအချင်းချင်း ကူညီချင်စရာတွေ အများအပြားရှိ၏။

www.dhammaransi.com



သာမှုကိစ္စ၊ နာမှုကိစ္စမျိုး၌ဖြစ်စေ, ရွာရေးကိစ္စ၊ ရပ်ကွက်ရေးကိစ္စမျိုး၌ ဖြစ်စေ, သန့်ရှင်းရေး၊ ကျန်းမာရေး၊ ချမ်းသာရေး ကိစ္စမျိုး၌ ဖြစ်စေ, (သာသနာရေးကိစ္စ၊ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စမျိုး၌ ဖြစ်စေ) တိုင်းရေး, ပြည်ရေးကိစ္စ၊ လုံခြုံရေးကိစ္စမျိုး၌ ဖြစ်စေ မေတ္တာစိတ်မှုတည်၍ စေတနာကောင်းဖြင့် ကိုယ်ထိလက်ရောက် ဆောင်ရွက်ပေးခြင်း ဟူသမျှ အားလုံးသည် ကာယကံ မေတ္တာ ဖြစ်သည်။

ထို့ပြင် မျက်စိရှေ့တွင် ရောင်တခင်တွေ့မြင်ရသော ကူညီသင့် ကူညီထိုက်သော တစ်စုံတစ်ရာကို ရောင်တခင် ကူညီ ဆောင်ရွက်ပေးခြင်းသည်လည်း ကာယကံမေတ္တာ ဖြစ်သည်။

ဥပမာ- အထိုင်အထ လေးလံနေသူ, အသွားအလာ ခက်ခဲနေပုံရသူ, အိုမင်းမစွမ်းသူများ, နာမကျန်းဖြစ်နေသူများကို တွေ့ရလျှင် တွဲ၍ကူ၍ ဖေးမကူညီ၍ ပေးခြင်းမျိုးဖြစ်၏။

ထို့အပြင် အထုပ်ကြီး၊ တောင်းကြီး စသည် မနိုင်မနင်း-ချီမ-နေသူကို တွေ့ရလျှင် ငါနှင့်မဆိုင်ဟူ၍

www.dhammaransi.com



ရပ်ကြည့်မနေဘဲ ထိုသူက အားနာ၍ အကူအညီ မတောင်းသော်လည်း မိမိက လွယ်လင့်တကူ တစ်ဘက်သားကို ကြင်နာတတ်သူအနေဖြင့် ကူညီ၍ မ,ချီပင့်၍ပေးလိုက်ခြင်းမျိုးလည်း ကာယကံမေတ္တာဖြစ်၏။

ထိုနည်းတူပင် အချိန်ပေးနိုင်မည်ဆိုလျှင် နွားလှည်းဖြစ်စေ, မြင်းရထားဖြစ်စေ, ကားဖြစ်စေ မရွေ့လျားနိုင်၍ အခက်အခဲကြုံတွေ့နေရပုံကို တွေ့မြင်ရလျှင်လည်း အခြေအနေကြည့်၍ ကူညီပေးသင့်သည် ထင်မြင်ပါက သက်ဆိုင်သူတို့က အကူအညီမတောင်းဆိုသော်လည်း ကူညီပေးရမည်၊ တစ်ယောက်၏ခွန်အားဖြင့် ကူညီတွန်းပေးလိုက်ခြင်းကြောင့် သူတို့ အားရှိစေမည်ဟု စေတနာကောင်း ထားတတ်ရမည်။

ဤဖော်ပြပါတို့မှစ၍ အတွေ့အကြုံ အရာခပ်သိမ်းကို ကူညီပေးခြင်းသည် ကာယကံမေတ္တာပေတည်း။

လူ့လောကတစ်ခွင်ဝယ် ဖေးဖွဲ့သော ကိစ္စလေးများ၌လည်း မျက်စိရှေ့တွင် ကြုံတွေ့ရလျှင် မိမိအနေဖြင့် စွမ်းနိုင်ပါက ဒေသမရွေး, ကာလမရွေး, အချိန်မရွေး မေတ္တာ စေတနာဖြင့် လွယ်လင့်စွာ ကူညီပေးရာ၏။

www.dhammaransi.com

# ၁၂၈ ဆရာတော်ကြီး ဦးဥတ္တမသာရ

လမ်းမှားနေသူအား လမ်းမှန်ရောက်အောင် ပို့ပေးခြင်း၊ လမ်းမသိသူအား လမ်းပြပေးခြင်း၊ ညွှန်ပြပေးခြင်း၊ ရောဂါခံစားနေရသူအား ရောဂါပျောက်ကြောင်း ဆေးနည်းကောင်း ပြောပြပေးခြင်း စသည်ဖြင့် စေတနာကောင်း မေတ္တာနှင့် ကရုဏာအရင်းခံထား၍ ကိုယ်ထိလက်ရောက် ကူညီပေးခြင်းအားလုံး ကာယကံမေတ္တာချည်းဖြစ်ကြသည်။

ဤကဲ့သို့ ကူညီပေးမှုမျိုးသည် လူ့လောက၌ ကျေးဇူးတင်ခံရလွယ်သော အလုပ်မွန်ဖြစ်၏၊ မိမိ၏ စိတ်ဝမ်းသည်လည်း ကြည်နူးခြင်း– အားရကျေနပ်ခြင်း နှစ်သိမ့်မှုကို ခံစားနေရပါမည်။

အပြန်ကျေးဇူးအားဖြင့် မိမိကိုယ်တိုင် ခက်ခဲမှုကိစ္စ တစ်စုံတစ်ခုတွေ့နေရသော အခါမျိုး၌လည်း ကူညီပေးလိုသူ အလွယ် ပေါ်ပေါက်လာတတ်မြဲဖြစ်သည်။

လူ မရှိလျှင် နတ်ကတောင်ကူညီတတ်သေး၏။ စေတနာ စိတ်ရင်းကောင်းက အကျိုးပေးကောင်း၏ မှတ်ပါ။

ရွှေလဝင်းစာပေ

www.dhammaransi.com



## ၂။ ဝစီကံမေတ္တာ

ဝစီကံမေတ္တာသည် မေတ္တာ, စေတနာ အရင်းခံ ထား၍ ဝစီဝိညတ်- နှုတ်ဖြင့်ကောင်းရာကောင်းကြောင်း ပြောဆိုပေး ခြင်း၊ ကူညီပေးခြင်း၊ ညွှန်ကြားပေးခြင်း၊ တိုက်တွန်းခြင်း၊ ကောင်းကျိုးရအောင် ထောက်ပံ့ကူညီ စကားပြောကြားပေးခြင်း၊ အမှားမရောက်အောင်, ဒုက္ခ မရောက်အောင် ဆုံးမသြဝါဒပေးခြင်း အလုပ် ဖြစ်သည်။

အခက်အခဲ ပြဿနာ တစ်စုံတစ်ခုသော လောကဓံ နှင့် ကြုံတွေ့နေရသူကို ဖြစ်စေ, ကြုံတွေ့နေရသော လောကဓံကြောင့် ကြံမိ ကြံရာမှ ဒုက္ခရောက်ကြောင်း လမ်းများဘက်သို့ ဦးတည်နေသူကိုဖြစ်စေ မေတ္တာ စေ တနာကောင်းဖြင့် ကူညီစောင်မ ပေးရမည်။ ကိုယ်စိတ် ချမ်းသာမှု ဖြစ်စေရန် သာယာညင်းပျောင်း ပြောဆို ညွှန်ကြားပေးရမည်၊ ယင်းသို့လျှင် နှုတ်ဖြင့် ကူညီပေးခြင်း ဟူသမျှသည် ဝစီကံမေတ္တာဖြစ်၏။

ထို့ပြင် လူမှုရေးဖြစ်သော သာမှု နာမှု ကိစ္စမျိုး၌ ဖြစ်စေ, ရပ်ရေးရွာရေး သာယာစည်ပင်ရေး

www.dhammaransi.com



ကျန်းမာရေး သန့်ရှင်းရေး စသော ကိစ္စမျိုး၌ဖြစ်စေ, ဘာသာရေး သာသနာရေး ပညာရေး ကိစ္စတို့၌ဖြစ်စေ၊ တိုင်းရေး ပြည်ရေး လုံခြုံရေး ကိစ္စ၌ဖြစ်စေ လူလောကတစ်ခွင် ဝယ် ကြုံတွေ့ရသော အရာခပ်သိမ်းကို မိမိအနေဖြင့် ကူညီသင့်သော အရာဟူသမျှကောင်းရာ ကောင်းကြောင်း ဖြစ်စေရန်မေတ္တာစေတနာအရင်းခံထား၍ နူတ်ဓါတ်စောင်မပေးခြင်း အားလုံးသည် ဝစီကံ မေတ္တာ ဖြစ်၏။

ထိုနည်းအတူ ခက်ခဲမှုနှင့် တွေ့နေရသူကို မခက်ခဲစေရန်၊ လွယ်ကူစေရန်၊ ဝန်လေးသော ကိစ္စကို ပေါ့ပါးသွားစေရန်၊ ထိခိုက်မည့် ဘေးကို မထိခိုက်စေရန်၊ နစ်နာမည်ကို မနစ်နာစေရန်၊ အတွေးအခေါ်ချော်နေသူကို တည့်မတ်စေရန်၊ အလုပ် လမ်းမှားနေသူကိုလမ်းမှန် ကျစေရန်၊ ကြန့်ကြာနေမည်ကိုလျင်မြန်စေရန်၊ စိတ် ညစ်နေသူကိုစိတ်ချမ်းသာစေရန်၊ စိုးရိမ်သောက ခံစားနေရသူကို စိတ်သောက ကြောင့်ကြတွေ

www.dhammaransi.com



ပြေပျောက် သွားစေရန် စသည်ဖြင့် ကောင်းကျိုးဆောင်သော အလုပ်မျိုးသည်အားလုံးဝစီကံမေတ္တာအလုပ်များဖြစ်၏။

လူ့လောကကြီးတစ်ခွင် နေ့စဉ် တွေ့မြင် ကြုံနေရသမျှ သနားစရာလူအများကို ကောင်းကျိုးချမ်းသာရရေး၊ ကြည်လင် ချမ်းမြေ့သွားရေးကို ရှေးရှု၍ မေတ္တာစေတနာ အရင်းခံ သန့်သန့်ဖြင့် ပြောဆို ဖျောင်းဖျပေးရမည်၊ ညွှန်ကြားပေးရမည်၊ တိုက်တွန်းပေးရမည်၊ လမ်းပြပေးရမည်၊ သွန်သင် ဆုံးမ ဩဝါဒပေးရမည်၊ ယင်းသို့သော အပြုအမူ အပြောအဆို အားလုံးသည် ဝစီကံမေတ္တာဖြစ်၏။

သတိထားကြည့်မိလျှင် ဤသို့သော ဝစီကံမေတ္တာအလုပ်သည် လူ့လောကတွင် အလိုအပ်ဆုံးဖြစ်၏။

မိမိမှာ နေရင်း ထိုင်ရင်း ကုသိုလ်ရသော အလုပ်ဖြစ်၍ ပတ်ဝန်းကျင်လူအများတို့ကလည်း ကျေနပ်အားရ နှစ်သိမ့်ကြသည်၊ ကျေးဇူးတင်အခံရဆုံးအလုပ်ဖြစ်သည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



'စေတနာကောင်းက အကျိုးပေး ကောင်း၏' ဆိုရိုးစကားကဲ့သို့ ဥပမာ– မိမိမှာ အကယ်၍ ကိုယ်ရေးကိစ္စ ခက်ခဲမှု တစ်စုံတစ်ရာရှိလျှင်လည်း ချက်ချင်းဆိုသလို လူအချင်းချင်းကသော်လည်းကောင်း၊ ပတ်ဝန်းကျင် နတ်များကသော် လည်းကောင်း ကူညီပေးတတ်ကြ၏။ တိုက်ရိုက်မဟုတ်သော်လည်း ကောင်းရာညွှန်ပြပေးသူ စောင်မလိုသူ တစ်စုံတစ်ယောက် ဒေသမရွေး အရန်သင့် ပေါ်လာတတ်၏။

ဤကား လက်တွေ့အနေဖြင့် လောကအကျိုးတရားမျှ ပြောပြခြင်းတည်း။

## ၃။ မနောကံမေတ္တာ

မနောကံ မေတ္တာသည် စိတ်နှလုံးစွမ်းအားဖြစ်၏။ စိတ်စွမ်းအားဖြင့် သတ္တလောကကြီးကို ချမ်းသာစေရန်၊ ကျန်းမာစေရန်၊ ကောင်းသော ကံရွှယ်ချက် အောင်မြင်စေရန် ဖန်တီးပေးနိုင်စွမ်းသော အလုပ်ဖြစ်၏။'

လူတစ်ကိုယ်လုံးတွင် စိတ်ဓာတ်သည်
တန်ခိုးအကြီးဆုံးဖြစ်ကြောင်း နားလည်
ထားကြရမည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



အထက်ဖော်ပြပါ မေတ္တာ ၃-မျိုးတွင် အရေးပါဆုံးကား မနောကံမေတ္တာ ဖြစ်၏။

မနောကံမေတ္တာ အောင်မြင်လျှင် ကျန်(၂)မျိုးလည်း အောင်မြင်ပြီး ဖြစ်သွား၏။

အကြောင်းမှာ မနောကံဖြစ်သော မေတ္တာစိတ် အရင်းခံကြောင့် ကာယကံမှုမေတ္တာ, ဝစီကံမှုမေတ္တာတို့ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

မနောကံမေတ္တာ၏ တန်ခိုးအရှိန်ကား လူ့လောကကို ချမ်းသာစေနိုင်သည်၊ နတ်လောကကို ချမ်းသာစေနိုင်သည်။

မေတ္တာရှင်ဖြစ်သော မိမိအား လူအများက ချစ်ခင်လာကြသည်၊ နတ်, ဘီလူး, ပြိတ္တာ စသည်တို့ကလည်း ချစ်ခင်ကြည်ညိုလာကြသည်၊ ချစ်ခင် ကြည်ညိုကြ၍ ကူညီစောင်မခြင်း၊ ဘေးရန်မှ စောင့်ရှောက်ပေးခြင်းပြုကြသည်။

အထူးသဖြင့် ဤဘဝမှ သေလွန်ပြီးနောက်၌ အထက် ဗြဟ္မာ့ဘုံသို့ လားရောက်စေနိုင်၏။ ဗြဟ္မာ့ဘုံ မရောက်နိုင်သေးသော်လည်း နတ်ဘုံ, နတ်ဘဝ လောက်တော့ အမှန်ရောက်နိုင်၏။

www.dhammaransi.com



ထို့ကြောင့် မေတ္တာ ဘာဝနာသည် အစွမ်းထက်၍ တန်ခိုးအကြီးဆုံးနှင့် အကျိုးအာနိသင် အများဆုံးဖြစ်ကြောင်း ယုံကြည်စွာ နားလည်ထားကြပါ။

မနောကံမေတ္တာသည် အဝေး အနီး အားလုံးကို လွှမ်းခြုံနိုင်သည်ဟု မှတ်ကြပါ။

*

သံသရာတစ်ခွင်၌ ချမ်းမြေ့ကြည်လင်စွာ ကျင်လည်ရေးအတွက် မေတ္တာတရားကဲ့သို့ အားကိုးလောက်သော အားထားမှီခိုရာသည် သတ္တလောကကြီးတွင် တခြား ဘာမျှ မရှိပါ ။

ရွှေလဝင်းစာပေ

www.dhammaransi.com



# မေတ္တာစေတောဝိမုတ္တိ

မေတ္တာစေတောဝိမုတ္တိ ဆိုသည်မှာ သတ္တဝါတို့ အပေါ် ချမ်းသာမှုရရှိကြစေရန် မေတ္တာစိတ်ဖြင့် ဖြန့်ပွားနေခြင်း, မေတ္တာစိတ် စေတနာဖြင့် ပို့လွှတ်နေခြင်း အလုပ်ကို ပြောခြင်းဖြစ်၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါမှာ ရဟန်းတို့ကို ခေါ်တော်မူ၍- (ဧကင်္ဂုတ္တရ ပါဠိတော်၊ အစ္ဆရာသင်္ဃာတ မေတ္တာသုတ်၌) ဤသို့ ဟောကြားတော်မူ၏ –

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တစိတ္တံ ဘာဝေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု. အရိတ္တၛ္ဈာနော ဝိဟရတိ သတ္ထုသာသန ကရော၊ ဩဝါဒ ပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီ ကရောန္တီ–တိ။

ရွှေလဝင်းစာပေ

www.dhammaransi.com



ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖျစ်တစ်တွက် ကာလမျှ လောက်သော်လည်း။ မေတ္တ စိတ္တံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ စေ ဘာဝေတိ၊ အကယ်၍ ပွားများအား ထုတ်ခြင်း ပြုငြားအံ့။ အယံ ဘိက္ခု၊ ဤရဟန်းကို။ အရိတ္တဈာနော၊ ဈာန်မှ မကင်းဆိတ်ဘဲ။ ဝိဟရတိ၊ နေသောရဟန်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သတ္ထုသာသနကရော၊ မြတ်စွာဘုရား၏ သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် ကြိုးစားအားထုတ်နေသော သာသနာပြုရဟန်း။ ဩဝါဒပကတိကရော၊ မြတ်စွာဘုရား၏ အဆုံးမတော်ကို လိုက်နာ ကျင့်သုံးနေလျက်ရှိသော ရဟန်း။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သား လူအများတို့က ပေးလှူအပ်သော ဆွမ်းကို။ အမောဃံ၊ အချည်းနှီး အကျိုးမဲ့မဖြစ်စေဘဲ။ ဘုဉ္ဇတိ၊ စားသုံးနေသော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ နံ၊ ထိုမေတ္တာနှင့်ယှဉ်သော စိတ်ကို။ ဗဟုလီကရောန္တိ၊ အကြိမ်များစွာ ပွားများအားထုတ်၍ နေကုန်ရာ၏။ ဧဝံ၊ ဤသို့ အကြိမ်များစွာ ပွားများအားထုတ်နေကုန်သည်ရှိသော်။ ကောပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

အဆိုပါ ဘုရားရှင် ဟောကြားချက်၏ ပိဋကတ်တွ အဓိပ္ပာယ်မှာ–

'ရဟန်းတို့– ရဟန်းဟူသည် လက်ဖျစ်တစ်တွက် ကာလမျှလောက်သော်လည်း စေတောဝိမုတ္တိဟု ဆိုအပ်သော မေတ္တာဖြန့်ပွားခြင်းအလုပ်ကို အကယ်၍ ပွားများအားထုတ်နေငြားအံ့၊ ဤရဟန်းကို ဈာန်မှ မကင်းဆိတ်ဘဲ နေသော ရဟန်းမြတ်ဟူ၍ ဆိုအပ်၏'

ထို့ပြင် ဆက်လက်၍ မိန့်တော်မူသည်မှာ–

'မြတ်စွာဘုရား၏ သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် အားထုတ် ဆောင်ရွက်နေကြသော သာသနာပြု ပုဂ္ဂိုလ်မြတ်ဟူ၍ ဆိုအပ်ပါသေး၏'– တဲ့။

'မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာကျင့်သုံးနေသော ရဟန်းကောင်း'ဟူ၍ ဆိုအပ်ပါသတဲ့။

www.dhammaransi.com



'တိုင်းသူပြည်သား လူအများတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကို အကျိုးမဲ့ မဖြစ်စေဘဲ စားသုံးနေသော ရဟန်းကောင်း ဟူ၍လည်း ဆိုအပ်သေး၏' တဲ့။

'ရဟန်းတို့၊ အဆိုပါ အကြောင်းတို့ကြောင့် မေတ္တာဘာဝနာကို အကြိမ်များစွာ ဖြန့်ပွား အားထုတ်ရာ၏။

'ဤသို့ အကြိမ်များစွာ ဖြန့်ပွားအားထုတ်၍နေခဲ့သည်ရှိသော် အဘယ် ဆိုဖွယ်ရာရှိပါတော့အံ့နည်း' တဲ့၊ သာ၍မြင့်မြတ်၏ဟု ဆိုလိုသည်၊ အဓိပ္ပာယ်ရှင်းပါသည်၊ အားလုံး နားလည်နိုင်ကြပါမည်။

ဤကား ရဟန်းတို့ကို တိုက်ရိုက် ဟောကြားခြင်း တိုက်တွန်းတော်မူချက် ဖြစ်၏။ လူများအတွက်လည်း တစ်ချက်တည်း ဟောကြားလိုက်ခြင်း ဖြစ်၏ဟူ၍ နားလည်ကြရာ၏။

'တစ်နေ့လျှင် လက်ဖျစ်တစ်တွက် အချိန်ကာလမျှလောက် မေတ္တာ ဘာဝနာကို ပွားများနေခဲ့သော် ဈာန်မှ မကင်းဆိတ်ဘဲနေသော ရဟန်းမြတ် ဟူ၍ ဆိုအပ်၏' တဲ့။ နှစ်သက်ဖွယ် ကောင်းလှဘိသည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



မျက်စိ တစ်မှိတ် ကာလ၊ လျှပ်တစ်ပြက် ကာလ၊ လက်ဖျစ်တစ်တွက် ကာလတို့သည် တိုတောင်းသော အချိန်ပိုင်းချင်း တူကြ၏။

ဘုရားရှင်က 'လက်ဖျစ်တစ်တွက်မျှလောက် တိုတောင်းသော အချိန်ပိုင်းကလေးမျှလောက် မေတ္တာဘာဝနာ ပွားများသော ရဟန်းကို ဘုရားသာသနာတော် စည်ပင်ပြန့်ပွားအောင် လုပ်ဆောင်နေသော သာသနာပြု ပုဂ္ဂိုလ်မြတ်ဖြစ်၏'တဲ့၊ 'ဘုရားရှင်၏ အဆုံးအမကို လိုက်နာ၍ ကျင့်သုံးနေသော ရဟန်းမြတ်ဖြစ်၏၊ ထို့ကြောင့် တိုင်းသူပြည်သား လူအများတို့က ပေးလှူသော ဆွမ်းကို အချည်းနှီးမဖြစ်သင့်ဘဲ စားသုံးနေသော ရဟန်း, ရဟန်းမြတ်ဟူ၍ ဆိုအပ်၏'တဲ့။

ဤသို့ ဘုရားရှင်ကိုယ်တော်တိုင် မိန့်ဆိုသော ဤဒေသနာတစ်ခု ကြားနာရရုံမျှဖြင့်မေတ္တာဘာဝနာတရား ပွားများနေခြင်း၏ အလုပ်သည် ခရီးရောက်ကြောင်း၊ တာသွားကြောင်း တိတိကျကျ သိရှိ နားလည်ကြပါပြီ၊ အားကျထိုက်သည်ဟု ဆိုလိုသည်။

www.dhammaransi.com



## မေတ္တာတရား လက်လွတ်နေလျှင်

တစ်ဖန် အပြန်နည်းအားဖြင့် ဘုရားရှင် ဟောတော်မူချက် အဓိပ္ပာယ်ကောက်လျှင် မေတ္တာတရား ဖြန့်ပွားခြင်းမပြုဘဲ နေသောရဟန်း၊ မေတ္တာဘာဝနာကို အားထုတ်မှု မရှိသောရဟန်းသည် မေတ္တာစျာန် ကင်းဆိတ်နေသော ပုဂ္ဂိုလ်ဟု ဆို၏။ ဘုရားသာသနာတော်ကို စည်ပင် ပြန့်ပွားအောင် ထမ်းဆောင်နေခြင်း မရှိသော ပုဂ္ဂိုလ်-တဲ့၊ သာသနာကို ထမ်းဆောင်ခြင်း မရှိလျှင် သာသနာအပေါ် စီးနေသောပုဂ္ဂိုလ်ဟု ဆိုလိုသည်၊ သာသနာထမ်း မဟုတ်၊ သာသနာစီး ဟု အဓိပ္ပာယ်သက်ရောက်သည်။

ထို့ပြင် ဘုရားရှင်၏ ဆုံးမ ဩဝါဒကို လိုက်နာ၍ ကျင့်သုံးနေသော ပုဂ္ဂိုလ်မြတ် မဟုတ်၊ တိုင်းသူပြည်သား လူအများ၏ သဒ္ဓါ၍ လှူအပ်သောဆွမ်းကို အချည်းနှီး စားသုံးသောပုဂ္ဂိုလ် ဟူ၍လည်း အဓိပ္ပာယ်ကျအားဖြင့် တစ်ဖြောင့်တည်းဆိုထားပြီး ဖြစ်၏၊ ဤကား ဘုရားရှင်၏ အာဘော်ကို ကောက်ပြခြင်းတည်း။

ထို့ကြောင့် မနုဿတ္တဒုလ္လဘ လူ့ဘဝကို ရကြခိုက် အခါ-သာသနာတော်မြတ်ကြီးနှင့် ဆုံစည်း၍ ကြုံကြိုက်

www.dhammaransi.com



ကြခိုက် အခါမှာ သူတော်ကောင်းအလုပ်ဖြင့် ဘဝကို ရပ်တည် နေထိုင်သွားမည်ဟု ရည်ရွယ်ထားကြသော ပုဂ္ဂိုလ်များသည် မေတ္တာတရား ဖြန့်ပွားနေခြင်းအလုပ်ကို ငါ၏ တာဝန်တည်း၊ ငါ၏ အဓိကအလုပ်တည်း ဟူ၍ နေ့စဉ် ပုံမှန် ဖြန့်ပွားနေကြရပါမည်။

အနည်းဆုံး လက်ဖျစ်တစ်တွက် ကာလမျှလောက် သော အချိန်တိုပိုင်းကလေးကို တစ်နေ့လျှင် ၂-ကြိမ်၊ ၃-ကြိမ်လောက်တော့ မေတ္တာဘာဝနာကို မမေ့မလျော့ သတ္တလောကကြီးအပေါ် ဖြန့်ပွားနေကြရမည်ဆိုခြင်း ဖြစ်၏၊ ရဟန်းပုဂ္ဂိုလ်များကို ဦးတည် ဟောကြားသော် လည်း လူများအတွက်ပါ ဟောကြားတော်မူခြင်း ပါပြီးဖြစ် ၏ဟု နားလည်ရာ၏။

## မေတ္တာ၏ အကျိုးအာနိသင်

ဤတွင် မေတ္တာတရား၏ အကျိုးအာနိသင်ကို ပြောပြပါမည်။

အင်္ဂုတ္တရ ပါဠိတော် မေတ္တာနိသံသသုတ်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်မှာ အောက်ပါ အတိုင်း ဖြစ်၏ -

www.dhammaransi.com



'အကြင်သူသည် ဒေါသကို ဖျက်ဆီးအပ်သောစိတ် ရှိသည်ဖြစ်၍ တစ်ယောက်မျှလည်းဖြစ်သော သတ္တဝါကို အကယ်၍ မေတ္တာဖြန့်ပွားခြင်းပြုအံ့၊ ထိုသို့ မေတ္တာဖြန့်ပွားခြင်း ပြုခြင်းကြောင့် ကုသိုလ်သည် ဖြစ်၏၊ အလုံးစုံသောသတ္တဝါတို့ကို အစဉ်သနားခြင်း ရှိသောစိတ်ဖြင့်မေတ္တာ ဖြန့်ပွား၍နေသော မြတ်သောပုဂ္ဂိုလ်သည်ကား များစွာသော ကုသိုလ်ကောင်းမှုကိုဖြစ်စေ၏–တဲ့။

## သတ္တဝါ အနည်းအများအလိုက်

ရှင်းရှင်း နားလည်ကြရန်မှာ မေတ္တာဖြန့်ပွားကြရာတွင်၊ မေတ္တာပို့ကြရာတွင် သတ္တဝါ တစ်ဦး တစ်ယောက်မျှကို ရည်ညွှန်း၍ပို့လျှင် မေတ္တာဘာဝနာ ပွားနေခြင်းဖြစ်၏၊ သတ္တဝါအများတို့ကို ရည်ညွှန်း၍ ပို့လျှင်လည်းမေတ္တာဘာဝနာ ပွားနေခြင်းပင်ဖြစ်၏။

သို့ရာတွင် ခြားနားချက်ရှိသည်၊ သတ္တဝါတစ်ဦးတည်းသာ ရည်ညွှန်း၍ ပို့လွှတ်နေခြင်းသည် ပို့သောသူအား မေတ္တာပွားရခြင်း ကုသိုလ်ရသည်ပင် မှတ်ပါ။

www.dhammaransi.com



တစ်ဦး တစ်ယောက်ထက်ပိုလွန်၍ နေရာဒေသ ကျယ်ကျယ်ပြန့်ပြန့် အလုံးစုံသော သတ္တဝါတို့အပေါ် ကြီးမားသော ကရုဏာစိတ်ဖြင့် မေတ္တာ ဖြန့်ပွားနေပါ မူကား— ထိုမေတ္တာဖြန့်ကြက်၍နေသော ပုဂ္ဂိုလ်အား များစွာသော မေတ္တာ စေတနာ ကုသိုလ်ရစေနိုင်၏–ဟု ဆိုလိုသည်။

သတ္တဝါတို့အပေါ် ချမ်းသာစေလိုသော စိတ်ညွတ် ၍ မေတ္တာပို့လွှတ်ခြင်း ပြုကြရာမှာ သတ္တဝါ အနည်း အများ အလျောက် အကျိုးတရား ခံစားချက် နည်းခြင်း, များခြင်း ခြားနားချက်ရှိသည်ဟု ဟောကြားခြင်းဖြစ်၏။

## စတင်ပုံ ခြားနားချက်

ဤတွင် မေတ္တာပို့နည်း စတင်ပုံ ခြားနားချက်ကို ပြောပြပါမည်။

မေတ္တာဘာဝနာအလုပ်ကို အားထုတ်ကြရာမှာ စတင်ပုံချင်း ခြားနားချက်ရှိကြသည်။

စတင်ရမည်မှာ-- အဆုံး အပိုင်း အခြားမရှိသော သတ္တဝါအားလုံးကို၊ သတ္တလောကကြီး တစ်ခုလုံးကိုခြုံ၍

www.dhammaransi.com



မေတ္တာဖြန့်ပွားရမည်ဟု ဤဆောင်းပါး အစ၌ ညွှန်ကြား ခဲ့၏၊ ကြီးမြတ်သော မဟာကရုဏာရှင် ပုဂ္ဂိုလ်မြတ်ကြီး တို့၏ နည်းဖြစ်သည်။

ဘုရားအလောင်းတော် ပါရမီရှင်တို့၏ ကျယ်ပြန့် သော မေတ္တာစိတ်ထားနည်း ဖြစ်သည်၊ အကောင်းဆုံး နည်း ဟူ၍လည်း မှတ်ယူထားကြပါ။

မြန်မာပြည်တွင် အချိန် အတော်ကြာကြာဆီမှ စ၍ အများသူငါ လက်သုံးပြုလာခဲ့ကြသော မေတ္တာ ပို့လေ့ ပို့ထနည်း ဖြစ်ခဲ့သည်မှာ–

'အဟံ အဝေရော ဟောမိ– ငါကိုယ်စိတ် ချမ်းသာ ပါစေ' အစချီ၍ ငါ့ကျောင်း, ငါ့အိမ်, ငါ့တိုက်တာ, ငါ့ ခြံ, ငါ့ရွာ, ငါ့မြို့ စသည်ဖြင့် တဖြည်းဖြည်းချဲ့၍ ပို့ပွား ကြရိုး ဖြစ်လာသည်။

**ဆရာဖြေ ဝတ်ရွတ်စဉ်မှ** အစပြု၍ လက်သုံးပြုနေ ကြသော ဝတ်ရွတ်စဉ် စာအုပ်များ၌လည်း ထိုနည်းအတိုင်း မူသေ သတ်မှတ်ထားကြသကဲ့သို့ ပုံသေ ရေးသားကြ၏၊ ထိုနည်းကို မှားသည်ဟု မဆိုလိုပါ။

နာမည်ကျော် သေက္ခတောင် ဆရာတော် ဦးတိ လောက၏ ဗြဟ္မဝိဟာရ ပွားများအားထုတ်နည်းတွင်

www.dhammaransi.com



အဆိုပါ ငါ့ကိုယ်, ငါ့ကျောင်း, ငါ့အိမ်, ငါ့ရွာ, ငါ့မြို့ အစရှိသဖြင့် ပို့သောနည်းကို ကုသိုလ်ရရုံပို့သောနည်းဟု ဆိုထား၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မဝိဟာရ နိဒ္ဒေသ၌ မိမိကိုယ်မှစတင်၍ မေတ္တာဖြန့်ပွားရခြင်းသည် အခြား သတ္တဝါများအပေါ် ကိုယ်နှင့်ထပ်တူသဘောထား၍ မေတ္တာစိတ် ဖြန့်ပွားနိုင်ရန်ဖြစ်ကြောင်း အကျယ်ဖွင့်ပြ ချက် ပါရှိပါသည်။

ဤနည်းသည် ကိုယ်ချင်းစာစိတ် ဓာတ်ခံရှိသူနှင့် မေတ္တာဘာဝနာအလုပ် ပိုင်နိုင် အားကောင်းနေပြီးသူတို့ အတွက် ကိုယ်နှင့်ထပ်တူ ဖြစ်စေလိုစိတ် လွယ်လွယ် ဖြစ်နိုင်ပါမည်။

အရပ်ထက်ဝန်းကျင်ရှိ အလုံးစုံသော သတ္တဝါတို့ကို သိမ်းကျုံး၍ မေတ္တာပို့ပေးခြင်း၊ မေတ္တာစိတ် ဖြန့်ခြင်း၊ မေတ္တာတရား ပွားများခြင်းကို မူလ အခြေခံစ၍ စတင် ပွားများရမည်။

ယင်းသို့ ကျယ်ပြန့်စွာ ဖြန့်ပွားနည်း အခြေခံ ရထားပြီးလျှင် ထိုပုဂ္ဂိုလ်၏ စိတ်အာရုံ၌ကျယ်ပြန့်သော

www.dhammaransi.com



မေတ္တာစိတ်ဓာတ်, ကျယ်ပြန့်သော ကရုဏာစိတ်ဓာတ် ပိုင်နိုင်သည်။

ကြီးမားသော မေတ္တာစိတ်, ကြီးမားသော ကရုဏာ စိတ်ကို အချိန်မရွေး လိုသောအခါ ဖြစ်စေနိုင်၏။ အခါခပ်သိမ်းလည်း ဖြစ်စေနိုင်၏။

အစကောင်းမှ အနှောင်းသေချာ ဟူသော စကားပုံ ကဲ့သို့ မူလ အစကတည်းက ကြီးမား ကျယ်ပြန့်သော မေတ္တာ, ကြီးမား ကျယ်ပြန့်သော ကရုဏာစိတ် ထားပုံ ထားနည်း အချိုးကျကျ တတ်သိထားရမည်။

ယင်းသို့ စနစ်တကျ တတ်သိနေပြီဆိုလျှင် မေတ္တာ ဘာဝနာ၏ လုပ်ငန်း အောင်မြင်ပြီမှတ်ပါ။

နတ် လူ သတ္တဝါ တစ်စုံတစ်ယောက် အပေါ်ကို ဖြစ်စေ၊ နတ် လူ သတ္တဝါအားလုံးတို့၏ အပေါ်ကိုဖြစ် စေ ညွတ်၍ ဖြန့်ပွားနေတတ်ရမည်။

ဖြန့်ပွား၍ အချိုးကျပြီးသော ပုဂ္ဂိုလ်ဘဝ ရောက်ခဲ့ လျှင် တစ်နည်းအားဖြင့် မေတ္တာ, ကရုဏာ, ဘာဝနာဖြန့် ကျက်နည်း ဝသီဘော် ပိုင်နေပြီးသော ယောဂီအဖြစ် ရောက်နေပြီဆိုလျှင် အလိုရှိလျှင် လိုသလို အနီးအဝေး

www.dhammaransi.com



ကို ပိုင်းခြားရာ၌ဖြစ်စေ ဩဓိသမေတ္တာ, ဩဓိသကရုဏာ ဖြန့်ပွားရန် လွယ်ကူနေ၏။ ထိရောက်မှုလည်း ရှိသည်။

**ဩဓိသမေတ္တာပို့နည်း**

ဩဓိသ မေတ္တာပို့နည်း ဆိုသည်မှာ နေရာ သတ်မှတ်၍၊ နေရာကွက်၍ ပို့ခြင်း၊ ပုဂ္ဂိုလ် သတ္တဝါကို ပိုင်း ခြား၍ သတ်မှတ်၍ပို့ခြင်းသည် ဩဓိသမေတ္တာ စေလွှတ်ခြင်း, ပို့ခြင်းဖြစ်သည်။

စုစုချုပ် ပြောရလျှင် နတ် လူ သတ္တဝါကို ပိုင်းခြား၍–သတ်မှတ်၍ဖြစ်စေ၊ အလိုရှိသောရပ်ကွက်၊ အလိုရှိသော ဒေသကို ပိုင်းခြား၍– သတ်မှတ်၍ ဖြစ်စေ မေတ္တာစိတ်ညွှတ် ပို့ပေးနေခြင်း, မေတ္တာ ဖြန့်ပွားနေ ခြင်း အလုပ်မျိုး ဖြစ်၏။

ဥပမာ– မိမိစိတ်ဆန္ဒ အလိုရှိရာ တစ်ဦးတစ် ယောက်ကို အစပြု၍ တစ်ကျောင်း, တစ်တိုက်တာ, တစ်အိမ်ထောင်, တစ်ရပ်ကွက်, တစ်ရွာ, တစ်မြို့, တစ်နယ်, တစ်နိုင်ငံ စသည်ဖြင့် လိုရာပိုင်း၍ ချမ်းသာကြ စေရန် ဘေးရန်ကင်းကြစေရန် စသော စိတ်၏ မနောကံ အလုပ်မှာ မခက်ပါ၊ ကျယ်ပြန့် ကြီးမားသော မေတ္တာ

www.dhammaransi.com



ကရုဏာရှင်အဆင့် ရောက်နေပြီဖြစ်သော ပုဂ္ဂိုလ်မြတ်မှုကား အလွန်လွယ်၏။ ထိရောက်စူးရှခြင်း, ထက်မြက်ခြင်းလည်း ရှိပြီဟူ၍မှတ်ပါ။

ဤကား–မေတ္တာ ဝသီဘော်နှင့် ဩဓိသမေတ္တာဖြန့်ပွားခြင်းကို နည်းညွှန်ချက်တည်း။

## အနောဓိသမေတ္တာပို့နည်း

အနောဓိသ ဆိုသည် ပုဂ္ဂိုလ်သတ္တဝါနှင့် နေရာပိုင်းခြားခြင်း၊ ကန့်သတ်ခြင်းမရှိဘဲ ပို့လွှတ်သော မေတ္တာပို့နည်းဖြစ်၏။

ဩဓိသဆိုသည် ပုဂ္ဂိုလ် သတ္တဝါနှင့် အရပ်ဒေသကို လိုရာရွေးကောက်၍ ကန့်သတ်၍ ပို့လွှတ်သော မေတ္တာပို့နည်းဖြစ်၏၊ နားလည်ကြပါမည်။

## မေတ္တာအကျိုး ၁၁–ပါး

ဤတွင် မေတ္တာဘာဝနာကို အားထုတ်နေလေ့ရှိကြသော ပုဂ္ဂိုလ်များအား ဆုမတောင်းရဘဲ ရရှိသော အကျိုးတရား ၁၁–ပါးကို ဖော်ပြပါမည်။

၁။ ချမ်းသာစွာအိပ်ရခြင်း။

၂။ ချမ်းသာစွာနိုးရခြင်း။

www.dhammaransi.com



၃။ ယုတ်မာသောအိပ်မက် မမြင်မက်ရခြင်း။
၄။ လူတို့သည် ချစ်ခင်မြတ်နိုးကြကုန်၏။
၅။ နတ်တို့သည်, ဘီလူးတို့သည် ချစ်ခင်မြတ်နိုးကြကုန်၏။
၆။ နတ်တို့က စောင့်ရှောက်ကြကုန်၏။
၇။ မေတ္တာတရား ပွားများ အားထုတ်နေလေ့ရှိသော သူအား မီးမလောင်နိုင်ပါ၊ အဆိပ် မသင့်နိုင်ပါ၊ လက်နက် မကျရောက်နိုင်, မစူးရှနိုင်ပါ။
၈။ ပျံ့လွင့်သောစိတ် လျင်မြန်စွာ တည်ကြည်၏။
၉။ မျက်နှာအဆင်း အထူးသဖြင့် ကြည်လင်ခြင်းရှိ၏။
၁၀။ ဘဝ၏ နောက်ဆုံး၌ မတွေမဝေသေရတတ်၏။
၁၁။ မေတ္တာသမာပတ်ထက် လွန်မြတ်သော မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိနိုင်သေးခဲ့လျှင် ဗြဟ္မာပြည်သို့ လားရောက်ရ၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



အထက်ပါ မေတ္တာအကျိုး ၁၁–ပါးကို ကော ၁၁ အင်္ဂုတ္တိုရ် ပါဠိတော်၌ ဘုရားရှင် ဟောကြားတော်မူခဲ့၏။ နိပါတ်တော် အရက ဇာတ်၌လည်း ဟောကြားတော်မူခဲ့၏။

လူ၏ ဘဝခရီးကို ခြုံကြည့်လျှင် အဆိုပါ ကောင်းကျိုးချမ်းသာ ၁၁–မျိုးဖြင့် ပြည့်စုံနေလျှင် လူ့လောကတစ်ခွင်ဝယ် သွားလာ လှုပ်ရှား ကျင်လည် နေထိုင်ရေးကိစ္စအားလုံးအတွက် လုံခြုံမှုရှိနေပြီး ရပ်ထက် ဝန်းကျင် လွတ်လပ်ချမ်းမြေ့စွာနှင့် စိတ်ချလက်ချ နေနိုင်တော့သည်၊ ဆုတ်ကပ်ခေတ် ဖြစ်သော်လည်း သူ့အတွက်မှာတော့ ကြည်လင်ပျော်မွေ့ဖွယ်ကောင်း၍ လူ့ဘဝ ရကျိုးနပ်နေပြီဟု ဆိုရပါမည်။

လောဘ, ဒေါသ, မောဟ, မာန စသော တရားဆိုးများလည်း အလိုလို ချုပ်ငြိမ်းနေပြီကဲ့သို့ ဖြစ်၍ ထင်ရှားပေါ်လွင်ခြင်း မရှိနိုင်ပါ။ ဘဝ၏ နိဂုံးတစ်သက်တာ၏ အဆုံး၌လည်း မတွေမဝေ သေရခြင်းအကျိုးပါရှိ၍ ကောင်းရာသုဂတိဘဝသို့ လားရောက်ရမည်မှာ သေချာသလောက်ဖြစ်၏။

www.dhammaransi.com



အလေ့အထုံရပြီးနေသော ဗြဟ္မဝိဟာရတရား လေးပါးကို နှလုံးသွင်း ပွားများရင်း ဝိညာဉ်ချုပ်သွားနိုင်သောကြောင့် ကြောင့်ကြ ပူပန်စရာကောင်းရှင်း၏၊ အပါယ်လေးပါးသို့ မလားရောက်နိုင်တော့ပါ။

ဈာန်မရ၍ ဗြဟ္မာ့ပြည်လားရန်မှာ မသေချာသော်လည်း အနည်းဆုံးမှာ အိပ်ပျော်ယောကျ်ား နိုးသောလားသို့ အထက်နတ်ဘုံသို့ ကပ်ရောက်၍ စံပျော်ရမည်ကား ဧကန်မလွဲတည်း။

ဤ၌ မေတ္တာအကျိုး ၁၁–မျိုးတွင် မင်္ဂဖိုလ်ကို ထိုးထွင်း၍ မသိနိုင်သေးလျှင် ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏ဟူ၍ နောက်ဆုံး အကျိုးတစ်ပါးအဖြစ် ဆိုထားရာမှာ မေတ္တာ ပွားများအားထုတ်နေ၍ ဈာန်သမာပတ် အဆင့်အထင်အမြင် ရရှိနေသောပုဂ္ဂိုလ်အတွက်သာ ဧကန်ဖြစ်သည်ဟု နားလည်ကြရာ၏။

မေတ္တာဘာဝနာ ပွားများသူများ အားလုံး တစ်ယောက်မကျန် သေပြီးနောက် ဗြဟ္မာ့ဘုံသို့ ရောက်ကြရမည်ဟု ယူဆရန်မဟုတ်၊ အများအားဖြင့် မေတ္တာတရားနှင့်နေထိုင်သူအားလုံး နတ်ဘုံဘဝ ရောက်ကြရမြဲဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



## မြတ်စွာဘုရား၏တိုက်တွန်းချက်

မြတ်စွာဘုရားရှင်က မေတ္တာတရား ပွားများအားထုတ်နည်းကိုပါ ညွှန်ကြား၍ ဤသို့ တိုက်တွန်းတော်မူထား၏။

'ရဟန်းတို့၊ ရိုသေစွာမှီဝဲအပ်သော၊ အကြိမ် များစွာပြုလုပ်အပ်သော၊ ထပ်ပြန်တလဲလဲ ပွားများအပ်သော၊ က–သောယာဉ်ကဲ့သို့ပြုအပ်သော၊ ထောက်တည်ရာကဲ့သို့ ပြုအပ်သော၊ ဆောက် တည်အပ်သော၊ လေ့ကျက်အပ်သော၊ ကောင်းစွာ အားထုတ်အပ်သော၊ မေတ္တာနှင့် ယှဉ်သော စေတော ဝိမုတ္တိ ကြောင့် တစ်ဆယ့်တစ်ပါးကုန်သော ဤအကျိုး တရားတို့သည် မချွတ် ဖြစ်ကုန်၏'။

(ဧကာဒသက အင်္ဂုတ္တရ ပါဠိတော်)

အထက်ပါ ဘုရားရှင် ဟောကြားတော်မူချက်တွင် မေတ္တာတရား ပွားများအားထုတ်ခြင်းအလုပ်ကို လုပ်ကြရာမှာ ပေါ့ပေါ့တန်တန် မဖြစ်ကြရန် ရိုသေလေးစားစွာ အားထုတ်ကြရမည်ဟု ဆိုတော်မူလိုရင်းဖြစ်၏။

www.dhammaransi.com



တကယ် အလုပ်ဝင်တော့မည်ဆိုလျှင် လိုလိုလားလား အားကိုးအားထားပြုပြီးလျှင် မေတ္တာတရားဘာဝနာ မှိဝဲဆည်းကပ်၍ အားထုတ်ရမည်တဲ့။

ထို့ပြင် ၁–ကြိမ်၊ ၂–ကြိမ် လက်တည့်စမ်းသလို ပွားများပြီး မေ့ပျောက်ပစ်ထားရန် မဟုတ်၊ အကြိမ်များစွာ ထပ်ပြန်တလဲလဲ ပွားများနေရမည်ဟူ၍လည်း ထပ်မံတိုက်တွန်းတော်မူထား၏။

က–သော ယာဉ်ကဲ့သို့ ပြုအပ်သောဆိုသည်မှာ လှည်းတပ်ထားသောနွား၊ ရထားတပ်ထားသော မြင်းသည် ထမ်းပိုးဝန်ကို ပခုံးပေါ်၌ ထမ်းဆောင်နေသကဲ့သို့ စက်နှိုးထားသော ကားကဲ့သို့ စေတောဝိမုတ္တိ သဘာဝကို ခံစားရင်း ကမ္မဋ္ဌာန်းတရား အာရုံကို မလွှတ်စေဘဲ အစဉ်တစိုက် နှလုံးသွင်း၍ ဖြန့်ပွားနေရမည်ဟု ဆိုသည်။

မေတ္တာဗြဟ္မဝိဟာရ ဘာဝနာကို ဘယ်ပုံ သဘောထားရမလဲဆိုလျှင် မိမိဘဝအတွက် ဆောက်တည်ရာကဲ့သို့-ဘဝအတွက် မှီခိုရာကဲ့သို့-ဘဝအတွက် အားထားရာကဲ့သို့ စိတ်အာရုံတွင် ထက်သန်စေရမည်၊ ဆောက်တည်အပ်သော သီလကျင့်ဝတ် သိက္ခာပုဒ်ကဲ့သို့ အထုံပါရမီ

www.dhammaransi.com



ရင့်ကျက်နေအောင် တစ်စထက်တစ်စ လေ့ကျက်နေရမည်၊ ကောင်းစွာ အားထုတ်နေရမည်ဟု ဆိုခြင်းဖြစ်၏။

## မေတ္တာစေတော ဝိမုတ္တိအရသာ

မေတ္တာနှင့်ယှဉ်သော စေတောဝိမုတ္တိ ဆိုသည်မှာ ပုဂ္ဂိုလ်သတ္တဝါ တစ်စုံတစ်ဦးအပေါ် သို့မဟုတ် သတ္တဝါအများတို့အပေါ် မေတ္တာစိတ်ညွတ်၍ မိမိ၏ မေတ္တာတန်ခိုးလွှတ်၍ လိုက်လှဲသောစေတနာဖြင့် ချမ်းသာစေခြင်း ဖြစ်နေစေခိုက်အခါ ဖြစ်၏။

ထိုအခါ ထိုအခိုက်တွင် မိမိ၏ စိတ်အစဉ်ခံစားချက်သည်လည်း အထူး ချမ်းသာနေတတ်သည်၊ ဘယ်ကဲ့သို့သော ချမ်းသာမှုမျိုးနှင့်မျှ မတူသော ချမ်းမြေ့ခြင်း, ကြည်လင်ခြင်း ပီတိသုခတစ်မျိုးကို ခံစားနေရတတ်သည်၊ ထိုသို့သော ပီတိသောမနဿ အရသာထူးဖြစ်ပေါ် ခံစားနေရခြင်းကို ခေါ်သည်။

သဘောတရားအလျောက် အများသိလွယ်အောင် ပြောရလျှင် နိဗ္ဗာန်ချမ်းသာ၏ ခံစားချက်အရသာကို ကျမ်းဂန်သုံးစကားဖြင့် ဝိမုတ္တိသုခ ဟူ၍ခေါ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



လူစည်းစိမ် နတ်စည်းစိမ်ဖြစ်သော လောကီအာရုံ ကာမဂုဏ်တို့မှ လွတ်ကင်း၍ စင်ကြယ်သော သန့်စင် ထူးမြတ်သော အရသာ ခံစားချက်တစ်မျိုးဖြစ်၏။

မေတ္တာစေတောဝိမုတ္တိ၏ အရသာသည် ဥပမာ နှိုင်းယှဉ်ပြရလျှင် နိဗ္ဗာန်၏ ဝိမုတ္တိသုခ အရသာ ခံစားချက်နှင့် တူသည်ဟု ဆိုရပါမည်။

တစ်နည်းအားဖြင့် မေတ္တာစေတောဝိမုတ္တိ အရသာသည် နိဗ္ဗာန်မျက်မှောက် မပြုနိုင်သေးသော်လည်း ဝိမုတ္တိသုခ၏ နမူနာတစ်ပိုင်း အစမ်းကဲ့သို့ ချမ်းသာမှု နှစ်သိမ့်မှု အရသာထူး တစ်မျိုးကို အစပျိုးပိုင်း နိဒါန်းအနေဖြင့် ခံစားရပုံဖြစ်၏။

ယင်းသို့ စိတ်အစဉ်တွင် ထူးခြားသော ခံစား ရချက် တွေ့ရပုံကို မေတ္တာ ဘာဝနာအလုပ်၌ ထိရောက်အောင် အားထုတ်ဖူးသူတိုင်း ကိုယ်တွေ့သိ နိုင်ကြပါသည်၊ ကရုဏာ ဘာဝနာ အလုပ်၌လည်း နည်းတူ အာရုံခံစားချက် ပေါ်လာမြဲ ဖြစ်သည်။

သို့ရာတွင် ထူးခြားချက်ရှိသည်၊ မေတ္တာ၏ စေတနာ နှင့် ကရုဏာ၏စေတနာ မတူသောကြောင့် ဖြစ်၏။

www.dhammaransi.com



ထို့နည်းတူပင် မုဒိတာ ဗြဟ္မဝိဟာရ ပွားများရာ၌ ဖြစ်ပေါ်လာသော အာရုံခံစားချက်သည်လည်း ခြားနားချက် ရှိသည်၊ လက်တွေ့ ကမ္မဋ္ဌာန်းထိရောက်အောင် ဝင်ရောက်ဖူးသူတို့ သိကြပြီး ဖြစ်ပါသည်။

ထို့ထက် တစ်မျိုးတစ်ဘာသာ အထူးခြားဆုံးမှာ ဥပေက္ခာ ဗြဟ္မ ဝိဟာရကို ပွားများရာ၌ တွေ့ထိ ခံစားရသော ဥပေက္ခာ စေတောဝိမုတ္တိ၏ အရသာ ဖြစ်သည်။

ဥပေက္ခာသည် သတ္တဝါတို့အပေါ် ကိုင်တွယ်သုံးသပ်ရာ အပိုင်း၌ မေတ္တာကဲ့သို့, ကရုဏာကဲ့သို့, မုဒိတာကဲ့သို့ ကြောင့်ကြစိတ်မရှိ၊ အားစိုက်ရမှုလည်း ပေါ့ပါးသောကြောင့် စိတ်အာရုံခံ စားချက် ဖြစ်ပေါ်ရာတွင်လည်း ပေါ့ပါးခြင်း, လွတ်လပ်ခြင်း, ကြောင့်ကြကင်းခြင်း သဘော အားလုံး ကင်းရှင်းလှသည်၊ တကယ် ဝိမုတ္တိသုခနှင့် နီးစပ်သော ခံစားချက်ဟု ဆိုထိုက်ပါမည်။

ဤကား စေတောဝိမုတ္တိ သဘာဝကို နားလည်ကြရန် ဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



## သတ္တဝါတို့အပေါ် စိတ်စေတနာထားနည်း

မြတ်စွာဘုရားရှင်က မေတ္တာဘာဝနာကို ဖြန့်ပွားသော အလုပ်တွင် သတ္တဝါတို့အပေါ်၌ စိတ် စေတနာ ဘယ်ပုံ ဘယ်နည်း ထားရမည် ဟူသည်ကိုလည်း ဤသို့ မိန့်တော်မူ၏ -

'ရဟန်းတို့၊ ရဟန်းတို့ မည်သည်ကား-
ခပ်သိမ်းသော သတ္တဝါတို့၌ သြဓိသ —
ပိုင်းခြားသတ်မှတ်သော မေတ္တာ၊ အနောဓိသ-
ကန့်သတ် ပိုင်းခြားမထား၊ အားလုံးကုန်
သိမ်းခြုံဖြန့်သော မေတ္တာကို ပြုလုပ်၏။
မိမိ၏ အကျိုးစီးပွား လိုသောသူကို လည်း
ကောင်း၊မလိုသောသူကို လည်းကောင်း၊
လိုလည်း မဟုတ်, မလိုလည်း မဟုတ်သော
သူကို လည်းကောင်းမိမိက အကျိုးစီးပွားကို
လိုသောစိတ်ဖြင့် နှံ့စေအပ်၏။ ဤသို့
သြဓိသ- အနောဓိသ မေတ္တာကို ဖြန့်
ပွား၍ နေအပ်၏။'

ရွှေလဝင်းစာပေ

www.dhammaransi.com



ဟူ၍ ပုဂ္ဂိုလ်သတ္တဝါတို့အပေါ် စိတ်စေတနာ တစ်ပြေးညီထား၍ မေတ္တာဖြန့်ပွားကြရန် ညွှန်ကြား တိုက်တွန်းတော်မူ၏။

ဆိုလိုသည်မှာ ရဟန်းမည်သည် လှူသူအများက ပေးလှူအပ်သော ပစ္စည်းလေးပါးကို အမှီပြု၍ နေထိုင် ကြသော သူတော်ကောင်း ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြ၏။ ထို့ကြောင့် မေတ္တာစိတ်, ကရုဏာစိတ် အမြဲကိန်းနေ စေရမည်-တဲ့။ ခပ်သိမ်းသော သတ္တဝါတို့ကို ဩဓိသ- လိုရာ၌ ပိုင်းခြားသတ်မှတ်၍ဖြစ်စေ, အနောဓိသ-ပုဂ္ဂိုလ် သတ္တဝါ နေရာ ရပ်ကွက် ဒေသကို ပိုင်းခြား သတ်မှတ်ချက် မထားမူ၍ ဖြစ်စေ မေတ္တာစိတ်ကို ဖြန့် ကြက်၍ ပွားများ အားထုတ်လို့ချည်းသာ နေကြရမည် ဟု ဟောကြားတော်မူခြင်း ဖြစ်၏။

## ပုဂ္ဂိုလ် သတ္တဝါ မခွဲခြားရ

ပုဂ္ဂိုလ်သတ္တဝါကိုသုံးသပ်ရာတွင် မိမိ အကျိုး စီးပွားကိုလိုသော၊ မလိုသောသူ၊ လိုသည်လည်း မဟုတ်- မလိုသည်လည်း မဟုတ်သောသူ ဟူ၍

www.dhammaransi.com



၃-မျိုး ရှိနိုင်သော်လည်း မိမိဘက်မှ တစ်ပြေးညီ တစ်မျိုးတည်း ထားရမည်၊ ဘာပြောပြော သူတို့၏ စိတ်ထား ကို လိုက်နေရန် မလိုပါပေ။

သူတော်ကောင်းတို့ သဘာဝသည် အမြဲတမ်း စိတ်ထား ဖြူစင်နေရမည်၊ သူတော်ကောင်း စိတ်ထား မြတ်ဖြင့် သတ္တဝါတို့ အကျိုးစီးပွား လိုလားသော စိတ်ဓာတ် တစ်မျိုးတည်းသာ ပုံမှန် ပုံသေ ထား၍ ကြည်လင်သော မေတ္တာဖြန့်ပွား နေကြရမည်ဟူ၍ တိုက်တွန်း တော်မူ ခြင်းဖြစ်၏။ ဤကား လိုရင်း ချုပ်တည်း။

ဘုရားဟောကြားချက် ဒေသနာတော်မှာ ရဟန်း ပုဂ္ဂိုလ်များကို ရှေ့တန်းထား၍ ဟောကြား တော်မူလာ သော်လည်း လူများကိုလည်း ထိုသဘော အတိုင်းလိုက် နာ ကျင့်သုံးနေကြပါ၊ ပွားများ အားထုတ်ကြပါဟု ဆိုလိုချက် ပါဝင်ပြီး ဖြစ်သည်။

ရဟန်းရှင်လူ မည်သူမဆို ဗြဟ္မဝိဟာရတရား လေးပါးကို နှစ်သက်စွာ, မြတ်နိုးစွာ လက်ကိုင်ထား၍

www.dhammaransi.com



ဖြန့်ပွား၍ နေသွားကြသူ အားလုံး ကိုယ်စိတ်ချမ်းမြေ့သော အကျိုးတရား ခံစားကြရမည်၊ တူညီသော ကောင်းကျိုး ရရှိကြမည်သာတည်း ဟူ၍ နားလည်ကြရမည် ဖြစ်၏။

ဤမျှဆိုလျှင် မေတ္တာ ဘာဝနာပွားများအားထုတ်နည်းကို ကောင်းစွာ နားလည်လောက်ပြီဟု ယုံကြည်ပါသည်။


မေတ္တာဘာဝနာ ပွားနည်း အတိုင်းပင် ကရုဏာဘာဝနာ ပွားများနည်းလည်း ထပ်တူဖြစ်၏။ မုဒိတာဘာဝနာ ပွားများနည်းသည်လည်း ထပ်တူဖြစ်၏။

ဥပေက္ခာဘာဝနာ ပွားများနည်းသာ ကမ္မဿကတာဉာဏ် သက်ဝင်စေရသောကြောင့် အနည်းငယ် ထူးခြားမှု ရှိ၏။

သို့သော် စိတ်အာရုံ နှလုံးသွင်းရသော အလုပ်မှာ ပေါ့ပါးပါသည်။

၀

www.dhammaransi.com



# လက်တွေ့အကျိုးတရား

ဤအရှင်သည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မ ဝိဟာရတရားလေးပါးနှင့် ပျော်မွေ့၍ နေခဲ့သည်မှာ ကြာခဲ့လေပြီ။

လက်တွေ့အကျိုးတရားများ ဘာထူးခြားချက် ရှိပါသလဲ ဟူ၍ မေးတတ်ကြကုန်၏။ ရင်းနှီးသော ရဟန်း ပုဂ္ဂိုလ်အချင်းချင်းက အမေးအမြန်း ထူတတ်ကြ ပါသည်။

အထိုက်အလျောက် တိုတို ပြောကြားခဲ့ဖူး၏၊ ရှည်လျားစွာ ပြောကြားခဲ့ဖူးခြင်း မရှိပါ။

အမှန်မှာ မိမိ၏ အတွင်းစိတ်ကိုက သဘာဝလော မပြောတတ်၊ အပြည့်အစုံ ရှည်လျားစွာ အချိန်ကြာကြာ ပြောပြနေချင်စိတ် မရှိသောကြောင့် ဖြစ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



## ရောက်လေရာ အရပ်ဒေသတိုင်း

ခရီး ထွက်ခွာသွားသောအခါ ပြည်တွင်း၌ဖြစ်စေ, ပြည်ပ နိုင်ငံခြား၌ဖြစ်စေ အရပ်ဒေသ မျိုးစုံအောင် ရောက်ခဲ့ဖူး၏။

လူမျိုးမရွေး, ဘာသာမရွေး အရပ်ဒေသ မျိုးစုံ တို့သို့ ဘုန်းကြီးရောက်သွားလျှင် ရောက်လေရာ အရပ် ဒေသတိုင်းမှ ရဟန်းရှင်လူတို့က ဝမ်းမြောက်ဝမ်းသာ နှစ်လိုအားရ ရှိကြပုံကို ထူးခြားသလို တွေ့ရ၏။

မိမိ ရောက်လာမည်ဟု ကြိုတင် သတင်းကြား ကြလျှင် လိုလားစွာနှင့် စောင့်မျှော်နေတတ်ကြ၏။ ဤသည်လည်း ထူးပါ၏။

ခရီးပြန်ထွက်လာသောအခါ၌ နှမြော လွမ်းဆွတ် နေရစ်တတ်ကြပုံကိုလည်း မျက်ရည်တွေတွေကျလျက် နေရစ်ကြပုံမှာ သနားစရာကဲ့သို့ အကြိမ်ကြိမ် တွေ့ခဲ့ ရဖူး၏။

မိမိ ရပ်နား တည်းခိုနေခိုက်အတွင်းမှာပင် ဝမ်းသာ ကျေနပ်၍ တွေ့ဆုံခွင့်ရ၍ စကားပြောဆို ဆွေးနွေးခွင့်

www.dhammaransi.com



ရခြင်းသည်ပင် အားမရနိုင် မတင်းတိမ်နိုင် ရှိတတ်ကြပုံ ကိုလည်း ထူးခြားသလို ရှိသည်ထင်၏။

အရပ်ဒေသတစ်ခုသို့ တစ်ကြိမ်သွားရောက်ဖူးလျှင် ဆက်လက်၍ ထပ်ကာ ထပ်ကာ ရောက်လာစေရန်သာ တောင့်တ နေတတ်ကြမြဲ ဖြစ်၏။

**လေးကျွန်းသနင်း စကြာမင်းကဲ့သို့**

ပုံစံနှိုင်းယှဉ်ပြရလျှင် - လေးကျွန်းသားတို့၏ အရှင်သခင် စကြာမင်းကြီးနှင့် တူသည်ဟု ဆိုရမည် ထင်၏။

ဗြဟ္မ ဝိဟာရ လေးပါးနှင့်အညီ ပုံမှန်ကျင့်သုံး နေထိုင်ကြသော စကြာမင်းများကို လေးကျွန်းသူ လေးကျွန်းသားတို့ အကုန်ချစ်ခင် မြတ်နိုးလေ့ရှိကြ၏။

စကြာမင်းကြီးရောက်လာမည်ဆိုလျှင် ဝမ်းသာ ကြည်နူးကြလျက် အမြဲရောက်လာပါစေဟု တောင့်တကာ စောင့်မျှော်နေလေ့ ရှိကြသည်။

မိမိတို့ မျက်မှောက်သို့ ဆိုက်ရောက်လာသောအခါ အထူးအားရ ကြည်နူးစွာဖြင့် နှစ်လို ဝမ်းမြောက် ရှိနေ ကြသည်၊ သူတို့ထံ၌ အချိန်ကြာကြာ နေစေလိုကြသည်။

www.dhammaransi.com



စကြာမင်းကြီး ခရီးပြန်လည်ထွက်ခွာသွားပြီဆိုမှ ဖြင့် နမြောလွမ်းဆွတ်၍ နေရစ်တတ်ကြသည် ဆို၏။ မေတ္တာ ကရုဏာတရားနှင့် နေလာခဲ့သောကြောင့် ဖြစ်ပါမည်။

စကြာမင်းကြီးနှင့် လေးကျွန်းသားတို့ ဖြစ်ရပ် ဆင်ဆင် အချိန် တော်တော်ကြာဆီကပင် ဤပုံဤနည်း တွေ့လာခဲ့ရသည်။

## ဘုန်းကြီးကို ပျားမတုပ်ပါ

အခြား ထူးခြားချက်တစ်ခုကိုပြောရလျှင် ဤအရှင် ကို ပျားမတုပ်ပါ။

လွန်ခဲ့သော နှစ်ပေါင်း ၂၈-နှစ် ကျော်က ယခုတိုင် ဘုန်းကြီးနေထိုင်လျက်ရှိသော ကျောင်း၏အနီး၌ရှိသော ခန္တီနှ်တောင် ခေါ်တွင်သော ကျောက်တောင်ကြီးကမ်းပါး၌ လှည်းဘီးပမာဏရှိသော ပျားအုံကြီးတွေ နှစ်စဉ်လာ၍ စွဲလေ့ရှိကြသည်။

အကောင်ကြီးသော ပျားကြီးမျိုးဖြစ်ကြရာ သူတို့ တစ်ကောင်တုပ်လျှင် ဖျားသည်အထိ အဆိပ်ပြင်း၏။

တစ်ကောင်ထက် ပို၍တုပ်လျှင် များသလောက် လူသေသည်အထိ ဖြစ်နိုင်သည်။

www.dhammaransi.com



ထူးခြားချက်ပြစရာကဲ့သို့ ကြုံတွေ့ရပုံမှာ တစ်နှစ်သော ဆောင်းရာသီတွင် အစိုးရစိုက်ပျိုးရေးခြံမှ အလုပ်သမား ချင်းလူမျိုးအချို့က အဆိုပါ တောင်ကြီး ကမ်းပါးသို့ တက်ရောက်၍ မြက်ခြောက်တွေကို မီးရှို့ကာ ပျားအုံကြီးများကို ယူကြရန်ကြိုးစားကြသည်။

သူတို့ လူသိုက်က တောင်ကမ်းပါးတစ်နေရာ၌ ခြင်ထောင်ချ၍ ခြင်ထောင်တွင်း ဝင်ထိုင်နေကြသည်။

ပျားကောင်များ မီးခိုးမွှန်၍ စိတ်ဆိုးပြီး အုံကြွကာ အရပ်ထက်ဝန်းကျင်သို့ ရှုပ်ယှက်ခတ် ပျံသန်းကာ တွေ့ရာ မြင်ရာ သက်ရှိအားလုံးကို တုပ်ကြသည်။

လူများ, နွားများမှစ၍ ခွေး, ဝက်, ကြက်, ငှက်ပါမကျန် ဒေါသကြီးစွာနှင့် လိုက်လံတုပ်ကြလေရာ အတုပ်ခံရသူတိုင်း မခံမရပ်နိုင်၍ ဟိုပြေးသည်ပြေးနှင့် ဂေါ်ရခါး နွားအုပ်တွေမှာ ယောက်ယက်ခတ်နေကြသည်။

မိမိနေသော တောင်ကြီးအောက်ဘက်ရှိ ကားလမ်း ပေါ်မှ ခရီးသွားလျက်ရှိကြသော လူများ, နွားများကို လိုက်လံတုပ်ကြသည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



ထို့အပြင် အစိုးရ စိုက်ပျိုးရေးခြံပေါ်၌ရှိကြသော လုပ်သား ချင်းယောကျ်ား, မိန်းမ အားလုံးကိုလည်း တွေ့ရာ သိမ်းကျုံးတုပ်ကြသည်။

မခံမရပ်နိုင်ဖြစ်ကြကာ ပြေးသွားကြရင်း ဆူညံသံတွေကြားနေရ၏၊ ခြင်ထောင်တွင်း ဝင်နေကြသော ပျားဖွတ်သမားများကိုလည်း ပျားတွေက ဝင်တုပ်ကြသည်။

အဆိပ်ပြင်းသော ပျားကြီးမျိုးဖြစ်၍ ပျားတုပ်ချက်အများဆုံး ခံကြရသော ပျားဖွတ်သမားတစ်စုမှာ ဆေးရုံတင်ပို့၍ ကုသမှုခံယူကြရ၏။

ထိုအချိန်တွင် ဘုန်းကြီးသည် ထောင်ပေါင်းများစွာသော ပျားကောင်တွေ ရှုပ်ယှက်ခတ် ပျံသန်းနေကြသော ကောင်းကင်ပြင်အောက်တွင် အခြေအနေမပျက် သွားလာလှုပ်ရှားနေခဲ့ရာ ပျားတစ်ကောင်မျှ တုပ်ခြင်းမရှိပါ။

ဤအဖြစ်ကို ချင်းဒကာများကော, ဂေါ်ရခါးဒကာများကော လက်တွေ့ မြင်ကြရာ ထူးခြားလှသည်ဟု အံ့သြခဲ့ကြရဖူး၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



ထိုနည်းတူ ပဆုပ်ပနီ ပျားမျိုးလည်းမတုပ်ပါ။ အာသံနယ်ခြား တောင်စဉ်တစ်လျှောက်၌ လှည့်လည် နေစဉ်က တစ်နှစ်တွင် ဘုန်းကြီးက ၇–ရွာ၏ဗိုလ်တဲ၌ ကျောင်းအဖြစ် ဝါဆိုလျက်ရှိသည်။

ထိုအနီး၌ အစိုးရ မူလတန်းကျောင်းရှိ၏၊ ထို ကျောင်းဝင်းအနီးရှိ တောင်ရိုး ဆီးချုံတစ်ခု၌ ပဆုပ်ပနီ ပျားအုံရှိနေရာ ဆီးသီးဆွတ်ယူစားကြသော ကျောင်းသား များကို ပျားတွေက ထွက်၍တုပ်ကြသည်။

ထိုပျားများကို အချို့ဒေသက ပထုံးပနီဟူ၍လည်း ခေါ်ဆိုကြ၏။ ထိုပျားတုပ်လျှင် နာလွန်း၍ မခံမရပ် နိုင်ကြပါ၊ အော်သူအော် ငိုသူငို၍ ပြေးလာတတ်ကြပုံကို မကြာခဏ မြင်နေရ၏။

တစ်နေ့တွင် ဘုန်းကြီးကို တုပ်မည်မဟုတ်ပါ၊ ဆီးချုံအနီးကပ်၍ ရပ်ပြမည်ဟု ပြောရာ လက်တွေ့ သိမြင်လိုကြ၍ ကျောင်းသားများက ဘုန်းကြီးနောက်မှ ဝိုင်းအုံလိုက်လာကြ၏။

အဆိုပါ ဆီးချုံနှင့် မလှမ်းမကမ်းနေရာ ရောက်ကြ လျှင် ပျားကောင်တွေ ပျံထွက်လာပြီး ဘုန်းကြီး နောက်

www.dhammaransi.com



ကျောမှ ကျောင်းသားများကို တရကြမ်း တုပ်ကြ၍ အော်ဟစ် ပြန်ပြေးသွားကြရ၏။

သို့နှင့် ဘုန်းကြီးတစ်ပါးတည်း ဣန္ဒြေမပျက် ရှေ့တိုးသွားပြီး ဆီးချုံအနီးကပ်၍ ကြာကြာ ရပ်ကြည့်နေသော်လည်း တစ်ကောင်မျှ တုပ်ခြင်း မပြုကြပါ။

ထိုအခါ ကျောင်းသားများက လက်တွေ့ မြင်ကြရ၍ အံ့သြခြင်း ဖြစ်ခဲ့ရဖူးသည်။

## ခွေးမကိုက်ပါ

ထိုနည်းတူ ဤအရှင်ကို ခွေးမကိုက်ပါ၊ အလွန်ဆိုးသောခွေး ဖြစ်စေကာမူ- ဘုန်းကြီး ရဲရဲရပ်ပြကြည့်ဖူး၏။

လူစိမ်းဖြစ်လျှင် တွေ့မရှောင် ကိုက်လေ့ရှိသော ခွေးဆိုးများကပါ ဘုန်းကြီးကို မကိုက်ပါ၊ အနည်းငယ် ဟောင်ရုံသာဟောင်ပြီး ဘေးရှောင်သွားတတ်၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



အချို့က ခေတ္တဟောင်ပြီး အမြီးနှံ့ကာ ဘုန်းကြီး ရှေ့၌ရပ်၍ ထိုင်၍, ဘုန်းကြီးမျက်နှာကို မော့ကြည့် နေတတ်ကြသည်။

မကိုက်ရုံသာမက မိမိအနီးသို့ ချဉ်းကပ်ခြင်းတောင် မပြုပါ၊ ထို့ကြောင့် ဘယ်လိုခွေးမျိုးကိုမှ မကြောက်ပါ။

## တောမီးမလောင်ပါ

ထို့ပြင် ထူးခြားချက်တစ်ခုမှာ ဤအရှင်၏ ကျောင်းပရိဝုဏ်အတွင်း၌ တောမီးမလောင်ပါ။

ဘုန်းကြီးအမြဲနေသော ကျောင်းသခ်မ်းသည် တောင်မြင့်ကြီးပေါ် တောအုပ်အတွင်း၌ဖြစ်ရာ နွေရာသီ ရောက်ပြီဆိုလျှင် နှစ်စဉ် တောမီးတွေက သုံးဖက် သုံးတန်မှ ကြောက်မက်ဖွယ်ရာ အဟုန်ပြင်းစွာ လောင်လေ့ ရှိကြ၏။

သို့သော် ဤအရှင်၏ ကျောင်းဝင်းပရိဝုဏ် အပိုင်းအခြား ခြံစည်းရိုးနယ်စပ်ကိုရောက်လျှင် လူတစ်စုံ တစ်ယောက်က မသတ်ဘဲ လောင်လာသော မီးများသည် သူ့အလိုလို ငြိမ်းသွားလေ့ရှိကြ၏။

www.dhammaransi.com



မိမိသည် ရပ်ဝေးရပ်နီး ခရီးထွက်ခွာ သွားနေရခိုက် အခါ တောမီးကွေ ဝိုင်းရံလောင်လာကြသော နှစ်တွေ များစွာကြုံခဲ့ဖူး၏။

ခရီးသွားရင်း ငါ့ကျောင်းများမှ လွတ်ပါမည်လော ဟု ရံခါ တွေးဆမိဖူး၏။

မိမိကျောင်း ပြန်ရောက်လာ၍ အခြေအနေကို ကြည့်ရှုသောအခါ ကျောင်းပရိဝုဏ်စည်းကို ဦးတိုက်၍ အဘက်ဘက်၌ တောမီး ငြိမ်းသွားကြပုံကို အံ့သြဖွယ်ရာ တွေ့မြင်ကြရမြဲ ဖြစ်၏။

အမှန် အံ့သြထိုက်သည်မှာ ဤအရှင်၏ ကျောင်း သင်္ခမ်းသည် သစ်ပင် ကြီးငယ်တွေဝိုင်းရံလျက်ရှိသော တောအုပ်ကြီးအတွင်း၌ရှိရာ မြေပြင်ကွက်လပ် ပြောပ လောက်အောင် မရှိပါ၊ တောလည်း တစ်ဆက်တည်း၊ ချုံပိတ်ပေါင်းများကလည်း တစ်ဆက်တည်း၊ မြက် ခြောက်များ၊ သစ်ရွက်ခြောက်များလည်း ကြွေကျလျက် ရောထွေးကာ တစ်စပ်တည်း ရှိနေကြ၏။

သဘာဝအတိုင်းဆိုလျှင် တစ်ဆက်တည်း တောက် လောင်လာနိုင်၏။ ထူးထူးခြားခြား ဆက်တိုက် မလောင်

www.dhammaransi.com



ဘဲ သူ့အလိုလို ရပ်တန့်၍ ငြိမ်းသွားတတ်ပုံ ကတော့ အမှန်ပင် ထူးခြားဘိ၏။

ထို့ကြောင့် မီးကိုပင် သစ္စာရှိလှသည်ဟု ဆိုရမလို ထင်မိသည်။

## နတ်များက ချစ်ခင် ကြည်ညိုကြပုံ

ထို့ပြင် မေတ္တာ ဗြဟ္မ ဝိဟာရ ပွားများခြင်း မြဲမှုကြောင့် နတ်များကလည်း ချစ်ခင် ကြည်ညိုနေကြဟန် တူသည်ဟု ယုံကြည်မိသည်။

ယခု ဤအရှင်နေသော ကျောင်းတိုက်အနီး၌ ခန္တီနိ်တောင်မြင့်ကြီးရှိရာ ထို တောင်ကြီးပေါ်၌ ဘုမ္မစိုး နတ်ကြီးရှိကြောင်း သိရ၏၊ ရှိကြောင်းသိသာအောင် ထင်ရှားပြဖူး၍ သိခြင်းဖြစ်သည်။ ထင်ရှားသော အကြောင်းကို ပွင့်လင်းစွာ ပြောပါမည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀–ကျော်က ယခုလက်ရှိ နေရာ၌ ဂေါ်ရခါး ဒကာများက မြက်မိုး မြေထရံကာ ကျောင်းသခ်မ်းကလေး ဆောက်လုပ်လှူဒါန်းကြ၍ ဤ အရှင်နေထိုင်ခဲ့ရာ ၃–နှစ်မြောက်အရောက်တွင် တွေ့ခဲ့ ရသော ဖြစ်ရပ်ထူးဖြစ်၏။

www.dhammaransi.com



အဆိုပါ တောင်စောင့်နတ်ကြီးသည် ညချမ်းအခါ ဝတ်ဖြူစင်ကြယ်နှင့် ပကတိလူ အသွင်ဖြင့် ဘုန်းကြီး ထံသို့ ၆-ကြိမ်တိုင်တိုင် လာရောက်ဖူး၏။

'အခြားအရပ်သို့ ကြွမသွားပါနှင့်၊ ဤတောင်၌သာ အမြဲ သီတင်းသုံးတော်မူပါ' ဟူ၍ တောင်းပန်လျှောက်၏။ သူ အမြဲ စောင့်ရှောက်နေသွားပါမည်ဟူ၍လည်း ဝန်ခံကတိ ပေးသွားပါသေး၏။

၆-ကြိမ်လာခြင်းသည် တစ်ကြိမ်လာပြီးနောက် ရက်အတန်ငယ်ခြားပြီးမှ လာလေ့ ရှိပါသည်။

တောင်စောင့်နတ်ကြီးသည် ညချမ်း ကာလ၌သာ အချိန်မှန် လာတတ်၏၊ နံနက်ပိုင်း၌ မလာပါ။

ဘုန်းကြီးထံသို့ လာစဉ်အခါ သာမန် လူတစ်ယောက် ကဲ့သို့ပင် ရောက်လာတတ်ပြီး ဘုန်းကြီးထံမှ ပြန်သွား သောအခါ ခန္တီနိုတောင်ကြီး ခြေရင်းတောအုပ်ကြီး အတွင်း ရောက်လျှင် ထူးခြားစွာ

www.dhammaransi.com



အလင်းရောင်တွေ တစ်တောလုံး တစ်တောင်လုံး လင်းထိန်နေအောင် လွှတ်၍ သွားတတ်၏။

ထိုအခြင်းအရာမြင်ရမှ သူဟာ နတ်ကြီး ဖြစ်ကြောင်း မိမိအား သိစေခြင်းတည်းဟု နားလည်ရသည်။

ထို့ပြင် ထူးခြားချက် ပြောရလျှင် တောတွင်း ဝိဉာဉ်မိုရ်များနှင့် ၃–ကြိမ် တွေ့ဖူးရခြင်း ဖြစ်သည်။

နံနက်စောစော အရုဏ်ဦး အချိန်တွင် သူတို့ကလာ ရောက်၍ ဘုန်းကြီးအိပ်ရာ ခုတင်ပေါ်၌ လဲလျောင်းရင်း မေတ္တာဘာဝနာ ဖြန့်ပွားနေစဉ် ကျောင်းသခ်မ်း အတွင်းဝင်ကာ ဘုန်းကြီးအနီးချဉ်းကပ်တွေ့ဆုံကြ ခြင်းဖြစ်သည်။

တစ်ဦးတည်းက ၃ကြိမ်လာတွေ့ခြင်းမဟုတ်ပါ၊ ပထမအကြိမ်မှာ ဝတ်ဖြူစင်ကြယ်နှင့် ဦးကျော် ဆိုသူဖြစ်ကြောင်း ပြောပြ၍ နှုတ်ဆက်ကာ ဘုန်းကြီးနှင့် ညာဘက်ပေါင် တစ်ဖက်ချင်း လဲလှယ်ကြမည်ဟု ပြော၏၊ မနာမကျင်စေဘဲ ပေါင်ရင်းကဖြတ်၍ လဲကြမယ်၊

www.dhammaransi.com



နောက် ပကတိ ပုံမှန်အတိုင်း ဖြစ်သွားမှာပါဟု ပြောပါသေး၏၊ ရုတ်တရက်မှာဘာဆိုလိုကြောင်း နားမလည်၍ ဘုန်းကြီးက သဘောမတူသောကြောင့် မလဲဖြစ်ကြပါ။

'ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများပါသလား' ဟူ၍ မေးသဖြင့် 'ဟုတ်ပါတယ်၊ ငယ်ရွယ်စဉ် သာမဏေဘဝ စစ်ကိုင်းတောင်ရိုး၌ နေစဉ်ကပင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စတင်ပွားများလာခဲ့တယ်၊ ခုတော့ ပိုရင့်ကျက်လာတယ်' ဟု ဖြေကြားသောအခါ 'ကောင်းပါတယ်၊ ဆက်လက် ပွားများ နေတော်မူသွားပါ၊ တပည့်တော်တို့ ကြည်ညိုကြပါတယ်၊ ခွင့်ပြုတော်မူပါ' ဟူ၍ လျှောက်ရင်း မတ်တပ်ရပ် ရှိခိုးပြီး ပြန်ထွက်သွား၏။

ထူးသည်ကား– မိမိ ကျောင်းသင်္ခမ်း အတွင်း၌ မိုးမလင်းသေး၍ မှောင်နေသေးသော်လည်း ထိုဝိဇ္ဇာကြီးကို နေ့ခင်းအခါကဲ့သို့ ကောင်းစွာ မြင်ရ၏။

ရွှေလဝင်းစာပေ

www.dhammaransi.com



သူပြန်သွားပြီးနောက် ဘုန်းကြီး ခုတင်ပေါ်မှ ဆင်း၍ ကျောင်းပြင်ထွက်မည်ပြုသောအခါ တံခါးပေါက်သည် မိမိ ညက ပိတ်ထားသည်အတိုင်း အခြေအနေ မပျက် ရှိနေပုံတွေ့ရ၏။

ဝိဉာဉ်ကြီး ဦးကျော် ကျောင်းတံခါး မဖွင့်ဘဲ ကျောင်းထဲဝင်လာခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့နောက် ဒုတိယအကြိမ်မှာ ဝိဉာဉ်နှစ်ယောက် ဖြစ်သည်။

နံနက်စောစော အရုဏ်ဦး အချိန်ပင်ဖြစ်ရာ ဘုန်းကြီး၏ အိပ်ရာခုတင်ဘေး၌ ရပ်လျက်တွေ့ရသည်။

သူတို့သည် ဟိမဝန္တာ၌နေထိုင်ကြသော တောလူနှင့် ပုံပန်းတစ်ထေရာတည်း ရှိသည်။ ကုလားစကား (ဟိန္ဒူစတန်နီ)စကားဖြင့် နှုတ်ဆက်ကြသည်။

ထို့နောက် တတိယအကြိမ် လာသူကား မြန်မာ စစ်ဗိုလ်တစ်ဦး ဝတ်စုံအပြည့်အစုံ ဝတ်ထားသူ-မြန်မာ စကားပြောသူ ဖြစ်သည်။

နံနက်စောစော အရုဏ်ဦးတွင် ကောင်းကင်မှ ကြိုတင်အသံပေးပြီးမှ ထူးခြားစွာ ရောက်လာသူဖြစ်၏။

www.dhammaransi.com



နမူနာအတိုချုပ်သာ အသိပေးခြင်း ဖြစ်သည်၊ အကျယ်ရေးရန် ဆန္ဒမရှိပါ။

ထူးခြားချက်မှာ - နတ်ကြီးများသည် ညချမ်းအခါ၌သာ ပုံမှန်လာတတ်ကြသည်။

ဝိဇ္ဇာများလာကြလျှင် နံနက်စောစော အရုဏ်ဦးအချိန်သာ ပုံမှန်လာလေ့ရှိကြပုံကို သတိပြုမိသည်။

တစ်စုံတစ်ရာ ဘာမှ ပေးလှူသွားခြင်း မရှိပါ၊ သူတို့သိလိုရာ မေးမြန်း၍ မေတ္တာနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ဆက်လက်ပွားများနေသွားရန် အားလုံးတိုက်တွန်းကြပုံ တူညီကြသည်။

## မေတ္တာတရား ပုံမှန် လက်ကိုင်ထားကြပါ

ဤသို့ဖြင့် ထူးခြားချက်, တွေ့ဆုံဖူးချက် အများရှိပါ၏၊ သို့ရာတွင် ဤ၌ဖော်ပြရန် ကြံရွယ်ချက်မရှိပါ။

လိုရင်း ဆိုလိုချက်မှာ မေတ္တာ, ကရုဏာ, ဗြဟ္မဝိဟာရနှင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတို့၏ အရှိန်အာနိသင်ကြောင့် နတ်များနှင့် တောတွင်း ဝိဇ္ဇာမိုရ်များက ချစ်ခင်လေးစား ကြည်ညိုနေကြခြင်း ဖြစ်တန်ရာသည်ဟု မိမိ ယုံကြည်သည်။

www.dhammaransi.com



ဤအကြောင်းကို ချစ်ခင် ရင်းနှီးသော ရဟန်း ပုဂ္ဂိုလ်များက မလျှို့ဝှက်ပါနှင့်၊ သိလိုကြောင်း ရိုးသားစွာ တောင်းပန်၍ ဖော်ပြရခြင်း ဖြစ်ပါသည်။

မေတ္တာ စေတောဝိမုတ္တိ၏ သဘာဝ လောကီတန်ခိုး အမြွက်မျှ ပြောရလျှင် မိမိက တစ်စုံတစ်ယောက်ထံ စိတ်ညွှတ်၍ ပို့လွှတ်လျှင် ပို့လွှတ်လိုက်သော မေတ္တာဓာတ်ကို ပို့လွှတ်ခံရသူအား သို့မဟုတ် သူများအား ကိုယ်စိတ်ချမ်းသာခြင်း, ကျန်းမာခြင်း, ရန်ဘေးမှ ကင်း လွတ်ခြင်း, ကောင်းကျိုးလိုရာဆန္ဒ အောင်မြင်ခြင်း ကို ရရှိခံစားစေနိုင်၏။

ပို့လွှတ်သူ မိမိအားလည်း စိတ်လက်ကြည်လင်၍ ကိုယ်စိတ်ချမ်းသာမှုကို ချက်ချင်း လက်တွေ့ခံစားရမြဲ ဖြစ်၏ ထို့ကြောင့် မေတ္တာတရား ဓာတမ်းညွှန်ကြားချက် ကို ဖတ်ကြရသော ရဟန်း ရှင် လူ အားလုံးတို့သည် သံသရာကျင်လည်ရေးအတွက် စိတ်ချစွာအားကိုးပြု၍ ထာဝစဉ် ဖြန့်ပွားအားထုတ်နေကြရန် အထူး တိုက်တွန်းပါသည်။

[သတ္တလောကကြီးတစ်ခုလုံး မေတ္တာ ကရုဏာ တရားသာ လွှမ်းမိုးစေရမည်။]

www.dhammaransi.com

မိမိက ကံစေတနာ
ကောင်းလျှင် ကောင်းရာဘုံဘဝ
ရောက်၍ မိမိက ကံစေတနာ
မတော်လျှင် မကောင်းရာ
ဘုံဘဝ ရောက်ကြောင်း
ရှင်းစွာ သိမြင်လာကြမည်။

www.dhammaransi.com



# ဗြဟ္မဝိဟာရတရား လေးပါး
## လိုရင်းအချုပ်

ဗြဟ္မဝိဟာရတရားလေးပါးကို ပွားများအားထုတ်ရာတွင် လိုရင်းအချုပ်ကို နိဂုံးချုပ် ညွှန်ကြားမည်။

သဘောသွားများမှာ တစ်မျိုးပွားများအားထုတ်၍ အောင်မြင်လျှင် ကျန်သုံးမျိုးကို ဆက်လက် ပွားများ၍ အမြင်လွယ်ပုံ တွေ့ကြုံရမည်။

ညီအစ်ကိုအရင်း တရားလေးပါးဟု ပြောဆိုကြသကဲ့သို့ သဘောသွားတူကြ၍ နှလုံးသွင်းရာမှာ လွယ်ကူကြသည်။

ဥပမာ – သတ္တဝါတို့အပေါ် မေတ္တာဖြန့်ပွား၍ စိတ်ရော စေတနာရော ကြည်လင်မှု အချိုးကျနေလျှင် သတ္တဝါတို့အပေါ် ကရုဏာစိတ် ဖြန့်ပွားသောအခါ အလွယ်တကူရှိပုံ လက်တွေ့သိကြရပါမည်။

ရွှေလဝင်းစာပေ

www.dhammaransi.com



စိတ်စေတနာထားနည်း အထူး အားထုတ်နေရခြင်း မရှိပါ၊ ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာခြင်း ကရုဏာ သည် လူတို့၏ သဘာဝစေတနာ တစ်စပ်တည်း ဖြစ်ကြသည်။

အနည်းငယ် စိတ်ထားပြုပြင်ရန်မှာ မေတ္တာဘာဝနာ တစ်မျိုးတည်းသာ အခါခပ်သိမ်း ဖြန့်ပွားနေရမည် မဟုတ်ပါ၊ ရံခါ ကရုဏာ ဘာဝနာကိုလည်း ဖြန့်ပွား ပေးရမည်။

ပုံမှန် သဘာဝသည် မေတ္တာတွင် ကရုဏာစိတ် ပါပြီးဖြစ်သလို ကရုဏာစိတ်တွင် မေတ္တာ စေတနာ အလိုလိုပါဝင်ပြီး ဖြစ်သည်။

ဆိုလိုရင်းမှာ မေတ္တာတရားတွင် ကရုဏာစိတ္တုပ္ပာဒ် ပါဝင်နေပြီး ဖြစ်သည်။

ထိုနည်းတူ ကရုဏာတရားတွင်လည်း မေတ္တာ စိတ္တုပ္ပာဒ် ပါဝင်နေပြီးဖြစ်သည်။

ထို့ကြောင့် မေတ္တာနှင့် ကရုဏာ ချစ်ခင်စိတ် ကြီးသော မိတ္တူဖတ္တူ ညီအစ်ကိုအရင်းဟု ပြောစမှတ် ပြုကြသည်။

www.dhammaransi.com



မုဒိတာသဘောသည် လူတို့၏ ကောင်းကျိုးချမ်းသာနှင့်စပ်၍ ဝမ်းသာခြင်း, နှစ်သက်ကြည်နူးခြင်းကို စိတ်ရင်းခံ စေတနာဖြစ်ရသော မနောကံတည်း။

ထိုစေတနာသည် မေတ္တာနှင့် ကရုဏာ အားထုတ်မှု ပိုင်နိုင်နေပြီးသော ပုဂ္ဂိုလ်အား အလွယ်ပင် ကူးစက်လာမြဲ ဖြစ်၏။

စေတနာထားပုံ အစကလေးမျှ ပြုပြင်ပေးလိုက်လျှင် အထက်ပါ ဗြဟ္မဝိဟာရ တရား ၂-ပါး ကဲ့သို့ပျော်မွေ့လာပုံ လက်တွေ့သိကြရမည်။

နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, ဝမ်းသာကြည်နူးခြင်း- မုဒိတာတရားသည် မေတ္တာ ကရုဏာတို့နှင့် ရင်းနှီးပြီးသား ဆွေမျိုးကြီးဖြစ်၏၊ မနာလိုစိတ် ဝန်တိုမိစ္ဆာ စိတ်ယုတ်မာတွေ အလိုလို ကင်းစင်သွားပုံ တွေ့မြင်ကြရမည်။

လူအချို့က မုဒိတာတရား ပွားများလျှင် သူတို့၏ စိတ်အာရုံတွင် ဣဿာ, မစ္ဆရိယ တရားဆိုးတွေ ဝင်ရောက် လာတတ်သည် ဆိုရာမှာ သူတို့၏ ဘဝနောက်ကြောင်းက သူတစ်ပါး၏ ကောင်းကျိုးချမ်းသာကို

www.dhammaransi.com



ဝမ်းမြောက်နေတတ်ရန် အလေ့အကျင့်ကောင်း မရှိ၍ သင်ပြပေးသူ ဆရာကောင်း မရှိခဲ့ဖူးသောကြောင့် ဖြစ်ပါမည်၊ ဝမ်းမြောက်ရန် စိတ်ထားနည်းလွယ်ပါသည်။

ဥပေက္ခာ ဗြဟ္မဝိဟာရတရား သဘာဝကား ကံတရားကို မြင်အောင် ရှုကြည့်စေခြင်းတည်း၊ သတ္တဝါအားလုံးသည် ကိုယ့်ကံနှင့် ကိုယ့်အကျိုးပေးသလို စံနေကြရသူတို့ချည်းသာတည်း ဟူ၍ ပိုင်နိုင်စွာ မြင်လာအောင် ဆင်ခြင်ရသောအလုပ်ဖြစ်၏။

သတ္တဝါတွေအားလုံး သူ့ကံနှင့် သူ့အကျိုးပေး အလိုက် ဖြစ်တည်နေကြပုံ အမြင်မှန်ပေါ်လာမည်။

ထိုအခါ–

– သဗ္ဗေ သတ္တာ ကမ္မဿကာ
  သတ္တဝါအားလုံး ကံသာလျှင် မိမိတို့ ကိုယ်ပိုင် ဥစ္စာဖြစ်ပုံ၊

– ကမ္မံ သတ္တေ ဝိဘဇတိ
  ကံတရားသည် သတ္တဝါတို့ကို ကောင်းဆိုး ယုတ်မြတ် ဖြစ်စေနေပုံ အမြင် ပေါက်လာကြမည်။

www.dhammaransi.com



ယင်းသို့ အမြင်ပေါက်လာလျှင် ကမ္မဿကတ ဉာဏ် ရပြီ၊ ကံတရားသဘော အမြင်မှန်ရပြီ ဟူ၍ မှတ်ပါ။

မိမိက ကံစေတနာကောင်းလျှင် ကောင်းရာဘုံဘဝ ရောက်၍ မိမိက ကံစေတနာမတော်လျှင် မကောင်းရာ ဘုံဘဝ ရောက်ကြောင်း ရှင်းစွာ သိမြင်လာကြမည်။

ထိုအမြင် သဘာဝသည် ဥပေက္ခာ ဗြဟ္မဝိဟာရ တရားကို သိမြင်ခြင်းတည်း။

ထို့ကြောင့် ဥပေက္ခာ ဗြဟ္မဝိဟာရတရားကို ပိုင်နိုင်စွာ ပွားများအားထုတ်သောအခါ ပဉ္စမဈာန်ကို ပေါက်ရောက်စေနိုင်ခြင်း ဖြစ်၏။

ဗြဟ္မဝိဟာရတရားကို ရဟန်း, ရှင်, လူ အားလုံး မမေ့မလျော့ နှလုံးသွင်း ပွားများအားထုတ်ကြကုန်လော့။

-[နတ်, လူ, သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပါစေကုန်သတည်း။]

**ဆရာတော်ကြီး ဦးဥတ္တမသာရ**

ခန္တီနံတောင်တောရ၊ ဖလမ်းမြို့နယ်၊ ချင်းတောင်။
၁၃၃၄-ခု၊ ဒုတိယ ဝါဆိုလဆန်း ၁၄-ရက်၊ အင်္ဂါနေ့။

www.dhammaransi.com

# ဗုဒ္ဓအလိုတော်ကျ
# ရှင်ပြုရဟန်းခံနည်း

ဦးကုမာရ

မြတောင်စာသင်တိုက်၊ ပန်းတနော်မြို့။

ဤစာအုပ်တွင် ရှင်ပြု ရဟန်းခံနည်းများကိုပြည့်စုံစွာ ဖော်ပြထားပါသည်၊ လက်တွေ့ကိုယ်တွေ့ ရှင်ပြုရဟန်းခံ ခဲ့ပုံကို အစမှအဆုံးတိုင် ပြည့်စုံစွာ ပြဆိုထားသည်၊ ရှင်ပြု ရဟန်းခံ အလှူများ၌ ဝမ္မဒါနပြုရန် အကောင်းဆုံး စာအုပ် ဖြစ်ပါသည်၊ ထို့ပြင် – ရှင်,ရဟန်းလောင်းများ ရဟန်း– သာမဏေများအားလည်း ဝမ္မဒါနလှူဒါန်းရန် သင့်လျော်လှ ပါသည်။

တန်ဖိုး ( ၁၅ ) ကျပ်

---

# ဒုလ္လဘလက်စွဲ
# ဓုတင်ကျင့်ဝတ်

ပုသိမ်ကြီး – အရှင်အရိယဝံသ

ဓုတင်နှင့်ပတ်သက်၍ ပြည့်စုံစွာ ဖော်ပြထားသည်၊ ရှင်ရဟန်းများရော – လူပုဂ္ဂိုလ်များပါ ဤစာအုပ်ကိုကြည့်၍ ဓုတင်အကျင့်ကို လက်တွေ့ကျင့်သုံးနိုင်အောင် နည်းရစေရန် ရေးသားထားသည်၊ သာသနာတော်၌ ရှိသင့်သော စာအုပ် တစ်အုပ်ဖြစ်၍ ရွှေလဝင်း စာပေက ယခုကဲ့သို့ တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

တန်ဖိုး ( ၃၅ ) ကျပ်

ရွှေလဝင်း စာပေ အမှတ်–၁၄၄၊ လမ်း–၅၀၊ ရန်ကုန်မြို့။

www.dhammaransi.com

# မေတ္တာ ၏ တန်ခိုး

မေတ္တာ ၏ တန်ခိုးအရှိန်ကား

- လူ့လောကကို ချမ်းသာစေနိုင်သည်။
- နတ်လောကကို ချမ်းသာစေနိုင်သည်။
- မေတ္တာရှင်ဖြစ်သော မိမိအား လူအများက ချစ်ခင်လာကြသည်။
- နတ်ဘီလူး, ပြိတ္တာ စသည်တို့ကလည်း ချစ်ခင် ကြည်ညိုလာကြသည်။
- ချစ်ခင် ကြည်ညိုကြ၍ ကူညီ စောင်မပေးခြင်း၊ ဘေးရန်မှ စောင့်ရှောက်ပေးခြင်း ပြုကြသည်။

တောင်တန်းသာသနာပြုဆရာတော်
အရှင်ဦးဥတ္တမသာရ
(ခန္တီနှ်တောင်ကြီး)